ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (22-10-2015) (စ၃၆၁)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

| | | |
|---|---|---|
| သဗ္ဗပါပဿ အကရဏံ | - | မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။ |
| ကုသလဿ ဥပသမ္ပဒါ | - | ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။ |
| သစိတ္တ ပရိယောဒပနံ | - | မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ) |
| ဧတံ ဗုဒ္ဓါန သာသနံ | - | ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။ |

(ဓမ္မပဒ)

# ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ကျေးရွာများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းများဖြင့် ကူညီပံ့ပိုးပေးမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကန့်ဘလူမြို့ ဒေသခံများ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သန်းလှိုင်နှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့သို့ရောက်ရှိကြပြီး ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

**ဒေသအတွင်း ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ကူညီပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှုကာကွယ်ရန်အတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည် ။**



ကြေးမုံ စာ တ ည်း ရှု ထော င့်  ၂၂-၁၀-၂၀၁၅၊ ကြာသပတေးနေ့

# တရားမျှတသောရွေးကောက်ပွဲ

ဒီမိုကရေစီအခြေခိုင်မာသောနိုင်ငံများတွင် ရွေးကောက်ပွဲများကို စနစ်တကျအောင်မြင်စွာ ကျင်းပလေ့ရှိသည်။ ဒီမိုကရေစီအခြေမခိုင်မာသောနိုင်ငံများ၌ ရွေးကောက်ပွဲတွင် ပဋိပက္ခများ၊ မမှန်ကန်သောလုပ်ဆောင်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီသက်တမ်းနုနယ်သော်လည်း မိမိနိုင်ငံ၏ အနေအထားနှင့်ကိုက်ညီ ဆီလျော်မှုများနှင့် အောင်မြင်သောရွေးကောက်ပွဲများကိုအခြေခံကာ မျက်မှောက်ကာလအနေအထားများအထိ လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ခုဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်ကို ကျေနပ်ဖွယ်မြင်တွေ့ရပါသည်။

သမိုင်းတွင်မည့်ရွေးကောက်ပွဲကို သမိုင်းသက်သေပြနိုင်ရန်အတွက် မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲကို လေ့လာနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကမ္ဘာပေါ်တွင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံအများဆုံးဖြစ်သော ဥရောပပါလီမန်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ဥရောပသမဂ္ဂရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ကို ဖိတ်ကြားလေ့လာစေခြင်းသည် လွတ်လပ်ပြီးတရားမျှတမှုရှိမည့် ရွေးကောက်ပွဲဖြစ်ကြောင်း သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။

လောကသဘာဝအရ မမှန်ကန်သောဆောင်ရွက်ချက်ကို ဖော်ထုတ်ဖွင့်ဟရန် ဝန်လေးတတ်ပြီး မှန်ကန်သော ဆောင်ရွက်ချက်ကို ရဲဝံ့ပြတ်သားစွာဖြင့်ထုတ်ဖော်ပြသနိုင်ပေသည်။ ယနေ့ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များကို အချို့သောသူတို့က မမှန်မကန်ထင်မြင်ယူဆချက်များဖြင့် အမျိုးမျိုးသောဝေဖန်မှုများပြုနေချိန်တွင် ရွေးကောက်ပွဲကော်မရှင်၏ မှန်ကန်သောလုပ်ဆောင်မှုများဖြင့် ချေဖျက်သွားနိုင်ပေသည်။

ယခုလည်း မြန်မာနိုင်ငံတွင် မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲများကို အကောင်းဆုံးနှင့် အမှန်ကန်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်ကမ္ဘာလုံးက မှတ်ကျောက်တင်ခံနိုင်မည့် ရွေးကောက်ပွဲအဖြစ် သက်သေထူပြသသွားနိုင်မည်ဟု ယုံကြည်ထားပါသည်။ ထိုသို့ယုံကြည်နိုင်လောက်အောင်လည်း သမာသမတ်ကျသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို လွတ်လပ်စွာလေ့လာခွင့်ပြုထားပေသည်။

အဆိုပါရွေးကောက်ပွဲလေ့လာရေးအဖွဲ့အနေဖြင့် မည်သူ တစ်ဦးတစ်ယောက်၏ စေခိုင်းမှုအပေါ်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ ဘက်မလိုက်ကြားနေ လုပ်ထုံးလုပ်နည်းများဖြင့်သာ လေ့လာအကဲဖြတ်သွားမည်ဟုသိရသည်။ ထို့ကြောင့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုနှင့်သက်ဆိုင်သူတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ကြမည်ဆိုပါက မည်သို့မျှ စိုးရိမ်ပူပန်ဖွယ် အကြောင်းကိစ္စရှိမည် မဟုတ်ဟု ယုံကြည်ပါသည်။

ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် ဥရောပသမဂ္ဂမှ နှစ်ပေါင်းများစွာပြုစုထားသည့် နည်းစနစ်များအပေါ် အခြေခံပြီး ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့် ရွေးကောက်ပွဲအပြီးနောက်ပိုင်းကာလများအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အသေးစိတ်အပြည့်အဝ ပိုင်းခြားလေ့လာ သုံးသပ်သွားမည်ဟု ဆိုထားသဖြင့် ယုံကြည်စိတ်ချထိုက်ပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာမူဘောင် ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုလုပ်ငန်း၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု၊ မီဒီယာများ၏ ပြုမူလုပ်ဆောင်ချက်၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းရလဒ်များကို စီစဉ်ဖော်ပြခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ရာ အောင်မြင်သောရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ချက်များဟု ဆိုရမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် သမိုင်းဝင်မည့်အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ရာ ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်အညီ သက်ဆိုင်သူများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းတကျ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# စင်ကာပူနိုင်ငံအစိုးရ၏ အာဆီယံပညာသင်ဆု မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ လေးဦးအား ပညာသင်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

စင်ကာပူနိုင်ငံအစိုးရ၏ ၂၀၁၆ ခုနှစ် အာဆီယံပညာသင်ဆုအတွက် မြန်မာနိုင်ငံမှ လျှောက်ထားသည့် ကျောင်းသား ကျောင်းသူများအနက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူ လေးဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံအစိုးရ၏ ၂၀၁၆ ခုနှစ်အတွက် အာဆီယံပညာသင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ စင်ကာပူသံရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွားက အာဆီယံပညာသင်ဆုများသည် အာဆီယံလူငယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးသည့် ပညာသင်ဆုများဖြစ်ကြောင်း၊ ထူးချွန် ကျောင်းသား ကျောင်းသူများ၏ ပညာရည်ထူးချွန်မှု၊ ခေါင်းဆောင်မှု အရည်အသွေးနှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပံ့ပိုးချင်သည့် အလားအလာများကို အခြေခံ၍ ရွေးချယ်ထားခြင်းဖြစ်ကြောင်း ပြောသည်။

အာဆီယံပညာသင်ဆုရထူးချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် စင်ကာပူနိုင်ငံ ကျောင်းများတွင် Secondary 3 ကို စတင်တက်ရောက်ရမည်ဖြစ်ပြီး Secondary 4 အပြီး GCE O Level စာမေးပွဲဖြေဆိုရမည်ဖြစ်ကာ Pre-University 2 အပြီးတွင် GCE A Level စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း၊ GCE A Level စာမေးပွဲတွင် ထူးချွန်သူများကို National University of Singapore(NUS), Nanyang Technological University (NTU),Singapore Management University (SMU) နှင့် Singapore University of Technology and Design (SUTD)တို့တွင် ဆက်လက်ပညာသင်ယူရန်အတွက် ပညာသင်ဆုများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက "ကျွန်တော်တို့နိုင်ငံက သဘာဝအရင်းအမြစ်တွေပေါတယ်။ ဒါပေမယ့် အရည်အသွေးမြင့် လူသားအရင်းအမြစ်တွေက အရမ်းနည်းတယ်။ မြန်မာနိုင်ငံက ကလေးတွေက တကယ့်ကို အဆင့်မီဖို့ဆိုရင် နိုင်ငံတကာ အဆင့်မြင့်တက္ကသိုလ်တွေမှာ ပညာသင်ကြားခွင့်ရမှ တကယ့်ကို အဆင့်မီမှာပါ။ တိုင်းပြည်ရဲ့ လိုအပ်နေတဲ့ ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးတာဖြစ်တဲ့အတွက် နိုင်ငံ့အတွက် ကောင်းသလို သူတို့တစ်ဦးချင်းအနေနဲ့လည်း နိုင်ငံခြားမှာ ပညာသင်ခွင့်ရတဲ့အတွက် ဂုဏ်ယူစရာကောင်းပါတယ်"ဟု ပြောသည်။

စင်ကာပူနိုင်ငံအစိုးရက ပေးအပ်ချီးမြှင့်သည့် ၂၀၁၆ ခုနှစ် အာဆီယံပညာသင်ဆုကို ရန်ကုန်နှင့်မန္တလေးတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူ လေးဦးဖြစ်သည့် မောင်မိုးခန့်သာဒင်လှမြင့်၊ မောင်အောင်ကိုခန့်၊ မောင်အောင်ကျော်ဇင်နှင့် မဟေမာန်နှင်းလွင်တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံအစိုးရက အာဆီယံပညာသင်ဆုကို ၂၀၀၄ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား ကျောင်းသူများကို ပေးအပ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ခေတ္တရပ်နားထားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြန်လည် စတင်ကာ ယခုနှစ်အထိ ပညာသင်ဆုများကို ဆက်တိုက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းသစ်**

■



# ကျောက်တန်းမြို့နယ် တံတားနယ်မြေရဲစခန်းတွင် အထူးရဲသင်တန်းဖွင့်

**ကျောက်တန်း အောက်တိုဘာ ၂၁**

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့နယ် တံတားနယ်မြေရဲစခန်း၌ အထူးရဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက တံတားမြို့ရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တံတားနယ်မြေစခန်းမှူး ရဲအုပ်ထွန်းထွန်းဝေက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအပြည့်အဝဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အစီအစဉ်ဖြင့် အထူးရဲများကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ တစ်လခန့်အပ်သွားမည်ဖြစ်သည်။ သင်တန်းတွင် ရဲကျင့်ဝတ်၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်၊ စစ်ရေးပြ(လက်နက်မဲ့)၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် မီဒီယာဥပဒေတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

**အောင်ဆွေ(ရွှေတံတား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၇၀၀၀ | - | ၇၉၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၆၅၀၀ | - | ၇၉၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၄. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၇၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၈. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀. ၇၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၁. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူးများ တွေ့ဆုံပွဲ ပူတာအိုတွင် ကျင်းပ

**ပူတာအို အောက်တိုဘာ ၂၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် ပူတာအိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမလန်ဂမ်ဖန်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတူးမိုင်က ရွေးကောက်ပွဲဆိုင်ရာ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းသည်။ ဆက်လက်၍ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အတွင်းရေးမှူးများက ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူးများ ၊ ဒုတိယမဲရုံမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**❒ရေကြီးနစ်မြုပ်မှုမှ**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဒေသနှင့်ကိုက်ညီသည့် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ လမ်း/တံတားပျက်စီးမှုများ ပြန်လည်ပြင်ဆင်နိုင်ရေး၊ ကျွန်းလှမြို့ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ကောလင်းမြို့သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက လမ်းဘေးဝဲ၊ယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကောလင်းမြို့တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကောလင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကောလင်းမြို့ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မူလကမုံရွာမှ ကန့်ဘလူ၊ ၎င်းမှ ကသာသို့သွားရောက်ရန် စီမံထားသော်လည်း ရေကြီးနစ်မြုပ်မှုဒဏ်ကို နှစ်ကြိမ်ခံခဲ့ရသည့် ကောလင်းမြို့ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဒေသခံပြည်သူ ဦးအောင်မျိုးဝေ၏ တင်ပြချက်အား အင်တာနက်တွင် ဖတ်ရှုရသည့်အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ဒေသအတွင်း ပျက်စီးသွားသော ကျေးရွာချင်းဆက် လမ်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့မှ ကူညီပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှုကာကွယ်ရန်အတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ကျေးရွာများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းများဖြင့် ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကောလင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကသာမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကန့်ဘလူဒေသခံများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်းမြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြိုဆို နှုတ်ဆက်ကြသည့် ကောလင်းမြို့ ဒေသခံများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအား သမ္မတ ရှီ ဗြိတိန်ပါလီမန်တွင် ထုတ်ဖော်ပြောကြား



**လန်ဒန် အောက်တိုဘာ ၂၁**

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သည် အပြန်အလှန် မှီခိုအားထားနေကြသော နိုင်ငံများဖြစ်ကြပြီး အကျိုးစီးပွားချင်းတူညီသည့် အသိုက်အဝန်းတစ်ရပ်ကိုလည်း တည်ဆောက်လျက်ရှိကြောင်း ဗြိတိန်ပါလီမန်၏ လွှတ်တော်နှစ်ရပ်မှ အမတ်များအား တရုတ်သမ္မတရှီကျင့်ဖျင်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးမှာ အဆင့်သစ်တစ်ရပ်သို့ ဦးတည်လျက်ရှိကြောင်း ရှီက ဗြိတိန်ပါလီမန်၌ ၁၁ မိနစ်ကြာ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

သမ္မတရှီသည် အောက်တိုဘာ ၁၉ ရက် ညနေခင်းတွင် မြို့တော် လန်ဒန်သို့ ရောက်ရှိလာခဲ့သည်။ တရုတ်နိုင်ငံအကြီးအကဲတစ်ဦးအနေဖြင့် ဗြိတိန်နိုင်ငံသို့ လာရောက်ခြင်းမှာ ဆယ်စုနှစ်တစ်စုတာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ရှီသည် ငါးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လန်ဒန်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

သမ္မတရှီ၏ မိန့်ခွန်းကို တက်ရောက်နားဆင်သူ လူ၅၀၀ ကျော်ရှိပြီး ၎င်းတို့တွင် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး၊ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် လေဘာပါတီခေါင်းဆောင် ဂျရမီကော်ဘင်တို့ ပါဝင်သည်။

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့ ဆက်ဆံရေး တိုးတက်ပုံနှင့်ပတ်သက်၍ သမ္မတရှီက ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့စဉ်က မိမိတို့နိုင်ငံကို အသိအမှတ်ပြုသည့် ပထမဆုံးသော အနောက်နိုင်ငံကြီးတစ်နိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် တရုတ်နိုင်ငံနှင့် အလုံးစုံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် လက်တွဲခဲ့သည့် ပထမဆုံးသော နိုင်ငံဖြစ်ကြောင်း ချီးကျူးလိုက်သည်။ **ဆင်ဟွာ။**



# သမ္မတပူတင်အား ကျေးဇူးစကားဆိုရန် သမ္မတအာဆတ် မော်စကိုသို့ရောက်ရှိ

မော်စကို အောက်တိုဘာ ၂၁

**ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်သည် စစ်ရေးအကူအညီပေးသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်အား ကျေးဇူးစကားဆိုရန် မြို့တော်မော်စကိုသို့ ရောက်ရှိလာကြောင်းဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။**

အရှေ့အလယ်ပိုင်းဒေသ၌ ရုရှားနိုင်ငံ၏ အခန်းကဏ္ဍမြင့်မားတိုးတက်လာမှု၏ ပြယုဂ်တစ်ခုအဖြစ် သမ္မတအာဆတ်က မော်စကိုသို့ အမှတ်မထင်ရောက်ရှိလာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၁ခုနှစ်တွင် ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့ချိန်နောက်ပိုင်း သမ္မတအာဆတ်က ပထမဆုံးအကြိမ်ပြည်ပသို့ ခရီးထွက်ခွာခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံရှိ အစ္စလာမ္မစ် စစ်သွေးကြွများကို ရုရှားက လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ပေးခဲ့ပြီး အာဆတ်၏တပ်ဖွဲ့များကို အထောက်အပံ့ပေးခဲ့ခြင်းအတွက် ကျေးဇူးစကားဆိုရန် မြို့တော်မော်စကိုသို့ သမ္မတအာဆတ်ရောက်ရှိလာကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံ၌ ရုရှားက လေကြောင်းစစ်ပွဲဆင်နွှဲခဲ့သည်မှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

သမ္မတအာဆတ် ရုရှားသို့ ရောက်ရှိသည့်သတင်းကို အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းအထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ **ရိုက်တာ။**

# ကမ္ဘောဒီးယားနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက် ယမန်နှစ်ကထက်မြင့်တက်

**ဖနွမ်းပင် အောက်တိုဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ၃၄ ဦးခန့်ရှိခဲ့ကြောင်းနှင့် ယင်းသေဆုံးသူအရေအတွက်သည် ယမန်နှစ်ကသေဆုံးသူအရေအတွက်ထက် ၁၆ ဦး ပိုကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၁၁၈၂၈ ဦးခန့်ရှိပြီး ယမန်နှစ်ရောဂါကူးစက်ခံရသူအရေအတွက်မှာ ၂၈၅၃ ဦးခန့်သာရှိကြောင်း ရောဂါထိန်းချုပ်ရေးစင်တာမှ ဒါရိုက်တာ ပေါးရက်ကိုခ်က ရောဂါထိန်းချုပ်ရေးစင်တာ ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

ရောဂါကူးစက်ခံရမှုနှုန်းသည် လူ ၁၀၀၀၀၀ တွင် ၇၃ ဒသမ ၁ ဦးဝန်းကျင် ကူးစက်ခံနေရကြောင်းနှင့် ကူးစက်ခံရသူများအနက် ၇၁ ဦးကျော်သည် အသက်(၅)နှစ်မှ(၁၄)နှစ်အရွယ် ကလေးငယ်များဖြစ်ကြောင်း သိရသည်။



သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါကူးစက်မှုပြင်းထန်လာလျှင် လူနာကို သေစေနိုင်သည့်ရောဂါတစ်မျိုးဖြစ်သည်။ ‘အေးဒီးစ်’ ခြင်အကိုက်ခံရခြင်းမှ ကူးစက်ခံရခြင်းဖြစ်သည်။ ရောဂါကူးစက်မှုလက္ခဏာများမှာ သုံးရက်မှ ခုနစ်ရက် အတွင်း အဖျားကြီးခြင်း၊ ခေါင်းကိုက်ဝေဒနာခံစားရခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များနာကျင်ခြင်း၊ အော့အန်ခြင်းနှင့် ယားယံခြင်းတို့ ခံစားရခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မေလမှ အောက်တိုဘာလထိ မိုးရာသီကာလတွင် များသောအားဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လေ့ရှိသည်။ **ဆင်ဟွာ။**

# အကျင့်ပျက်ခြစားသော ရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားပေးနိုင်ပါက ဆုငွေချီးမြှင့်မည်ဟု ဒေလီရဲတပ်ဖွဲ့ကြေညာ

**နယူးဒေလီ အောက်တိုဘာ ၂၁**

အကျင့်ပျက်ခြစားမှုကင်းစင်သောရဲတပ်ဖွဲ့ဖြစ်ရန် ကြိုးပမ်းမှုအနေဖြင့် အကျင့်ပျက်ခြစားသော ရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ ခိုင်လုံသော သက်သေအထောက်အထားပေးနိုင်သူများကို ဆုငွေချီးမြှင့်မည်ဖြစ်ကြောင်း ဒေလီရဲတပ်ဖွဲ့က ကြေညာလိုက်သည်။

အကျင့်ပျက်ခြစားမှုများတွင် ပါဝင်သောရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ အသံဖိုင် (သို့မဟုတ်) ဗီဒီယိုဖိုင်ဖြင့် ခိုင်လုံသော သက်သေအထောက်အထားပေးနိုင်မည့် မည်သူ့ကိုမဆို ဆုငွေ ရူပီး ၂၅၀၀၀ (အမေရိကန် ဒေါ်လာ ၄၀၀) ပေးမည့်အစီအစဉ်ကို မိမိတို့ စတင်ဆောင်ရွက်လျက်ရှိကြောင်း ဒေလီရဲတပ်ဖွဲ့အကြီးအကဲ ဘီအက်စ်ဘက်စီက အောက်တိုဘာ ၂၀ ရက်တွင် မီဒီယာများကို ပြောကြားသည်။

ရဲတပ်ဖွဲ့၏ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူမှု အသစ်တစ်ရပ်၏ တွေ့ရှိချက်များ အပေါ် ဒေလီမြို့တော်ဝန် အာဗင်ကတ်ရီဝယ်က ဝေဖန်ပြောကြားပြီးနောက် အဆိုပါအစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဒေလီရဲတပ်ဖွဲ့မှာ ဗဟိုအစိုးရ၏အုပ်ချုပ်မှုအောက်တွင်ရှိသော်လည်း အာဗင်က မကြာခဏဆိုသလို ဝေဖန်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ယင်းမှာ အဆိုပါရဲတပ်ဖွဲ့အပေါ် ထိန်းချုပ်မှုရရှိရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် လူအများက ရှုမြင်ကြသည်။ **ဆင်ဟွာ။**

# ဗြိတိန် တာတာသံမဏိကုမ္ပဏီမှ အလုပ်သမား ၁၂၀၀ ခန့်အထိ လျှော့ချရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၂၁**

ဗြိတိန်နိုင်ငံရှိ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သော တာတာသံမဏိကုမ္ပဏီသည် လုပ်ငန်းအခက်အခဲများ တွေ့ကြုံခဲ့ရပြီးနောက် အလုပ်သမား ၁၂၀၀ ခန့်အထိ လျှော့ချရဖွယ်ရှိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တာတာသံမဏိကုမ္ပဏီက အလုပ်အကိုင်နေရာများ လျှော့ချခြင်းသည် ဗြိတိန်နိုင်ငံ၏ သံမဏိထုတ်လုပ်ရေးကဏ္ဍအတွက် ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်ရသည်။ သံမဏိဈေးနှုန်းများ ကျဆင်းလာမှုနှင့်အတူ သံမဏိထုတ်လုပ်ရေးလုပ်ငန်း ထိခိုက်ရသည်။

ဗြိတိန်နိုင်ငံရှိ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအနက် ဒုတိယအကြီးဆုံးကုမ္ပဏီဖြစ်သော အက်စ်အက်စ်အိုင်ယူကေကုမ္ပဏီသည် လုပ်ငန်းအရှုံးပေါ်ပြီးနောက် စာရင်းရှင်းဖျက်သိမ်းတော့မည်ဟု ယခုလအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။

တာတာကုမ္ပဏီသည် သံမဏိပြားထုတ်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားမည်ဖြစ်ရာ အင်္ဂလန်မြောက်ပိုင်း စကွန်သော့မြို့ရှိ စက်ရုံမှ အလုပ်သမား ၉၀၀ ခန့်၊ စကော့တလန်ရှိစက်ရုံမှ အလုပ်သမား ၂၇၀ ခန့်၊ အခြားလုပ်ငန်းခွဲများမှ အလုပ်သမားအချို့တို့ကို အလုပ်မှ ရပ်နားစေမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံစီမံကိန်းများ၌ အသုံးပြုသည့် သံမဏိကို ထုတ်လုပ်ပေးခဲ့သော စကွန်သော့စက်ရုံသည် အလုပ်သမား ၆၅၀၀ ခန့်ရှိပြီး လုပ်ငန်းအရှုံးပေါ်နေသော စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါ စက်ရုံကို ပြန်လည်ရောင်းချနိုင်ရန် ကုမ္ပဏီက စီစဉ်လျက် ရှိသည်။

ဥရောပတိုက်၌ ဒုတိယအကြီးဆုံး သံမဏိထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော တာတာသံမဏိကုမ္ပဏီသည် ၂၀၀၇ ခုနှစ်တွင် အင်္ဂလိပ်ဒတ်ချ် သံမဏိစက်ရုံကို ဝယ်ယူခဲ့ပြီးနောက်ပိုင်း အလုပ်သမား ထောင်ပေါင်းများစွာကို လျှော့ချခဲ့ရပြီးဖြစ်သည်။ **ရိုက်တာ။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကန့်ဘလူဒေသခံ ကလေးငယ်နှစ်ဦးက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် ၁ ဒသမ ၄၁ လက်မ၊ မုဒုံမြို့တွင် သုည ဒသမ ၇၁ လက်မ၊ ပေါင်မြို့နှင့် ချောင်းဆုံမြို့တို့တွင် သုည ဒသမ ၆၃ လက်မစီနှင့် မော်ဘီမြို့တွင် သုည ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များစုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ရေဘေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးခိုင်က အလှူငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များက အလှူငွေ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များက အလှူငွေ၊ဆေးနှင့်ဆေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေ ၁၂၇၀၅၀၈၀၄ ကျပ် လှူဒါန်းခဲ့ကြသည်။**(သတင်းစဉ်)**

## ကမ္ဘာ့လက်ဆေးပွဲတော်နေ့ ကျင်းပ

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွှေဒိုးကျေးရွာအုပ်စု မီးလောင်ချောင်းကျေးရွာ၌ ယမန်နေ့က ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့လက်ဆေးပွဲတော်နေ့ (Global Hand Washing Day) အခမ်းအနားကို ကြာအင်းဆိပ်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ Unicef၊ Social Vision Services (SVS) နှင့် KNU ငြိမ်းချမ်းရေးညှိကိုများအဖွဲ့မှ ပညာရေး၊ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မီးလောင်ချောင်းကျေးရွာ၊ မက္ကတောကျေးရွာ၊ တံတားဦးကျေးရွာ၊ ဘုရားလေးဆိပ်ကျေးရွာ၊ ဘုရားငုတ်တိုကျေးရွာများမှ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများနှင့် မိဘဆရာများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့လက်ဆေးပွဲတော်နေ့အထိမ်းအမှတ်အဖြစ် "တို့ရဲ့လက်တွေ သန့်ရှင်းဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများက ပန်းချီပြိုင်ပွဲကျင်းပကာ လက်သန့်ရှင်းရေးနှင့်သက်ဆိုင်သည့် အမေးအဖြေများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ဧရာဝတီမြစ်ကူးတံတား(ထီးချိုင့်) ဖွင့်လှစ်တော့မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျေးလက်ဒေသနှင့် မြို့ပြအလှမ်းဝေးကွာမှုမရှိစေဘဲ လွယ်လင့်တကူသွားလာနိုင်ရေးသည် ပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် အထောက်အကူတစ်ခုဖြစ်သည်။

ပြည်သူများနေရာဒေသအနှံ့ အခက်အခဲမရှိ သွားလာနိုင်ရေးသည် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသည့် လမ်း/တံတားများကောင်းမွန်နေမှသာ အဆင်ပြေလွယ်ကူစွာသွားလာနိုင်မည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်ခဲ့သည့် ၁၅ စင်းမြောက် တံတားအဖြစ် ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် မြတောင်ဒေသတို့အား ဆက်သွယ်ပေးမည့် ဧရာဝတီမြစ်ကူးတံတား(ထီးချိုင့်)အား မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု

စောနိုင်(အသုံးချဘောဂဗေဒ)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်ဆက်စပ်မှုရှိသည့်အခြေအနေနှင့် ပတ်သက်၍ သုတေသီများ၊ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များ၊ သုံးသပ်ချက်များရှိခဲ့ပြီးဖြစ်သည်။ သို့သော် ထိုအခြေအနေနှစ်ရပ်သည် သိသာထင်ရှားသော ဆက်စပ်မှုမရှိဟု ကောက်ချက်ချသူများလည်း ရှိသည်။

မည်သို့ပင်ဆိုစေ ငြိမ်းချမ်းရေးမရှိပါက စီးပွားရေးဖွံ့ဖြိုးမှု လုံးဝတည်ဆောက်နိုင်မည်မဟုတ်ကြောင်း လက်တွေ့ဖြစ်ရပ်များက မျက်မြင်သာဓကများဖြင့် ပြသနေလေပြီ။ ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု(Economic Development)၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development) ရရှိရေးအားထုတ်မှုများ၌ ငြိမ်းချမ်းရေးဟူသောအရာ၏ အခန်းကဏ္ဍသည် ယခင်ကာလများကထက် ပိုမိုကြီးမားလာလျက်ရှိနေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ၂၀၀၀ ပြည့်နှစ်က ချမှတ်အကောင်အထည်ဖော်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Millennium Development Goals- MDGs)ကို ၂၀၁၅ ခုနှစ် အလွန်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals- SDGs) အဖြစ် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး သတ်မှတ်ခဲ့ပြီး ထိုပန်းတိုင်များထဲ၌ ငြိမ်းချမ်းရေးကို အခြေခံသည့် ရည်မှန်းချက်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အမှတ်-၁၆ (SDG-16)ကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။

ဤသို့ဆိုလျှင် ငြိမ်းချမ်းရေးဆိုသည့်အခြေအနေသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အလွန်အမင်းအရေးကြီးသည်မှာ ထင်ရှားလျက်ရှိနေတော့သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (economic development) နှင့်ပတ်သက်၍ စီးပွားရေးပညာရှင်များက စီးပွားရေးတိုးတက်မှု (economic growth) ထက် ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ နိုင်ငံ၏ကုန်ထုတ်လုပ်မှု၊ ဝင်ငွေတိုးတက်မှုနှင့် နိုင်ငံသားတစ်ဦးချင်း ဝင်ငွေမြင့်မားလာမှုများအပါအဝင် အရေအတွက်ဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုများနှင့်အတူ လူ့အဖွဲ့အစည်းအတွင်းရှိ လူတစ်ဦးတစ်ယောက်ချင်း၏ ပြည့်စုံကောင်းမွန်သော ကျန်းမာရေး၊ ပညာကြွယ်ဝမှု၊ ပျော်ရွှင်လွတ်လပ်စွာနေထိုင်နိုင်မှုတို့အပါအဝင် စသည့် အရည်အသွေးမြင့်မားသော ဘဝနေထိုင်မှုအဆင့်အတန်းတို့ဖြင့် ရပ်တည်နိုင်သော အခြေအနေမျိုးဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) မှာမူ ပို၍ အဓိပ္ပာယ်ကျယ်ဝန်းလျက် ပညာရှင်များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းက လက်ခံလာသော တာရှည်ခံသည့် ဖွံ့ဖြိုးမှုအယူအဆဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) သည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကြီးသုံးရပ် အပြန်အလှန် သဟဇာတဖြစ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ခံစားရပ်တည်နိုင်သည့် အခြေအနေမျိုးဖြစ်သည်။

ကုလသမဂ္ဂက ဆက်လက် အကောင်အထည်ဖော်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်မှာ ၁၇ ခုရှိပြီး ၁၆ ခုမြောက် ရည်မှန်းချက်ပန်းတိုင် (SDG-16)မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ငြိမ်းချမ်းရေး၊ တရားမျှတမှု၊အားကောင်းသော အင်စတီကျူးရှင်းများနှင့် ပတ်သက်သည့် ရည်မှန်းချက်ဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်နိုင်လာခြင်းဖြင့် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းအတွင်းရှိ လက်ရှိ ရပ်တည်နေသော လူ့အဖွဲ့အစည်းများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ခံစားရရုံသာမက ထိုရလဒ်များ အနာဂတ်မျိုးဆက်များပါ ဆက်လက်မျှဝေခံစားနိုင်ရေးအားထုတ်နိုင်မည်ဖြစ်သည်။ ထိုအခြေအနေမျိုးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းသောဝန်းကျင်လိုအပ်သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ အဘယ်နည်း။

အားလုံးသဘောတူလက်ခံနိုင်သည့် အယူအဆများ ခြုံငုံမိစေရန် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ငြိမ်းချမ်းရေးဆိုသည့် ဝေါဟာရသည် ခက်ခဲသော စကားလုံးဖြစ်သည်ဟု ဆိုကြသည်။ အချို့ကလည်း တည်ငြိမ်မှု (Stability) နှင့် အားမျှခြေ (Equilibrium) ဟူသော စကားလုံးတို့၏ အဓိပ္ပာယ်နှင့် ဆင်တူသည်ဟုလည်း ဆိုသည်။ သို့သော် ငြိမ်းချမ်းရေးဆိုသည်ကို စစ်ပွဲများမရှိခြင်း၊ အကြမ်းဖက်မှုမရှိခြင်းဟု ယေဘုယျအားဖြင့် နားလည်နိုင်သည်။

အမှန်တကယ် ငြိမ်းချမ်းရေးဆိုသည်မှာမူ စစ်ပွဲများမရှိခြင်း၊ အကြမ်းဖက်မှုမရှိခြင်းဟူသော ငြိမ်းချမ်းရေးအခြေအနေထက် များစွာကျယ်ဝန်းသည့် သဘောရှိသည်။ နော်ဝေနိုင်ငံသား လူမှုဗေဒပညာရှင်၊ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတရား အယူအဆများ၊ သုတေသနများကို စတင်လေ့လာ၍ မိတ်ဆက်ပေးခဲ့သူ Johan Galtung က စစ်ပွဲများမရှိခြင်းကို ကနဦး ငြိမ်းချမ်းရေး (negative peace)ဟု ညွှန်းဆိုပြီး ထိုထက်ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်သက်ရောက်သော ငြိမ်းချမ်းရေးကိုမူ စစ်မှန်သော ငြိမ်းချမ်းရေး (positive peace) ဟု ခေါ်ဆိုခဲ့သည်။

လူ့အဖွဲ့အစည်းတစ်ခုလုံး၏ လိုအပ်ချက်များကို ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်သည့် လူမှုစနစ်များ ဖန်တီးပေးနိုင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အနိုင်ကျင့်ခေါင်းပုံဖြတ်မှုများလျော့နည်း၊ ဖယ်ရှားနိုင်သည့် အခြေအနေများရှိခြင်း၊ ပဋိပက္ခများရှိပါက အပြုသဘောဆောင်သည့် ဆုံးဖြတ်ချက်များဖြင့် ဖြေရှင်းနိုင်ခြင်းတို့ကို စစ်မှန်သော ငြိမ်းချမ်းရေး (positive peace) မှ ရရှိနိုင်သည်။ စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် စိတ်ရှည်သည်းခံမှု၊ ဇွဲရှိမှုတို့နှင့်အတူ အချိန်ယူဆောင်ရွက်ဖို့လိုအပ်သည်။ ရေရှည်ငြိမ်းချမ်းစေမည့် လိုအပ်ချက်များကို စံသတ်မှတ်ချက်များသဖွယ် သတ်မှတ်၍ လိုက်နာဆောင်ရွက်ရသောကြောင့် အချိန်အားဖြင့် ကြာရှည်နိုင်သော်လည်း ရရှိမည့်ရလဒ်၏ ခိုင်မာမှုမှာလည်း အားကောင်းသဖြင့် ထိုလူ့အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အားထုတ်မှုအတွက် ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

Johan Galtung ၏ အယူအဆအရ positive peace ဟု ခေါ်နိုင်သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် ကနဦးနှင့် အဓိကအကျဆုံးလိုအပ်ချက်မှာ negative peace ဟုခေါ်သည့် စစ်ပွဲများမရှိခြင်းဖြစ်သည်။ စစ်ပွဲများ မရှိရုံမျှဖြင့် နေ့စဉ်နေထိုင်မှုဘဝများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရာဇဝတ်မှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ လျော့ပါးသွားမည်မဟုတ်။ တရားဥပဒေစိုးမိုးမှု အားကောင်းလာမည်မဟုတ်။ စားနပ်ရိက္ခာ ပြည့်ပြည့်ဝဝ စားသုံးနိုင်လျက် အာဟာရပြည့်ဝစွာ အသက်ရှင်နေထိုင်မှု၊ နာတာရှည်ရောဂါများခံစားနေရမှု၊ ရောဂါဘယကင်းရှင်းမှုတို့ဖြင့် နေထိုင်နိုင်ရေးမှာ ဖြစ်နိုင်သေးမည်မဟုတ်။

ပညာရေးကဏ္ဍတိုးတက်မြင့်မားလာပြီး ယဉ်ကျေးမှုအားကောင်းသည့် ဂုဏ်သိက္ခာရှိ လူ့အသိုင်းအဝိုင်းတစ်ခုအဖြစ် နေထိုင်နိုင်သေးမည်မဟုတ်သေး။ စစ်မှန်သော ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ဖြင့်သာ ထိုအခြေအနေများကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကနဦး ငြိမ်းချမ်းရေး (negative peace) ကို ရရှိခဲ့ပါလျှင် ငြိမ်းချမ်းမှု၏ အနှစ်အသာကို အပြည့်အဝ ခံစားနိုင်ရေးကို အထောက်အကူရစေမည့် စစ်မှန်သောငြိမ်းချမ်းမှုရရှိရေး တစ်ဆင့်တက်အားထုတ်ရပေမည်။

စစ်မှန်သော ငြိမ်းချမ်းရေးရရှိလာခြင်းဖြင့်စွမ်းဆောင်ရည်ရှိသော အစိုးရတစ်ရပ်ဖြင့် ရပ်တည်နိုင်စွမ်းရှိလာမည်။ တည်ငြိမ်၍ ခိုင်မာသော စီးပွားရေးလုပ်ငန်းဝန်းကျင် ရရှိလာနိုင်မည်။ ညီမျှသော သယံဇာတ ခွဲဝေမှုကို ဆောင်ရွက်နိုင်သည့် အခြေအနေရှိလာမည်။ လူ့အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောအခြေအနေများ ဖန်တီးလာနိုင်မည်။ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်၍ ဂုဏ်သိက္ခာရှိသောဆက်ဆံရေး ထူထောင်နိုင်မည်။ လူ့အဖွဲ့အစည်းအတွင်း သတင်းအချက်အလက်လွတ်လပ်စွာ စီးဆင်းမှုပိုမိုရရှိလာစေမည်။ လူသားအရင်းအနှီး ပြုစုပျိုးထောင်ရေးအတွက် အထောက်အပံ့များစွာဖြစ်လာစေမည်။ အဂတိလိုက်စားမှု လျော့နည်းကျဆင်းလာနိုင်မည်ဖြစ်သည်။ ထိုအခြေအနေများမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိသော နေပျော်ဖွယ် သာယာချမ်းမြေ့သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်စွမ်းရှိလာနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက စီးပွားရေးတိုးတက်မှုနှင့်အတူ သာယာဝပြောသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးအားထုတ်ခဲ့ကြ၏။ သို့သော် နိုင်ငံရေးသဘောထား မတိုက်ဆိုင်မှုများကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းရေး မတည်ငြိမ်မှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများ များစွာဖြင့် မတည်ငြိမ်မှုများကို ကြီးလန့်စာစား ဖြတ်သန်းခဲ့ရ၏။ ပြဿနာပေါင်းများစွာ၊ အခက်အခဲပေါင်း မျိုးစုံဖြင့် လုံးထွေးရင်းသာ အချိန်ကုန်ခဲ့ကြရ၏။ ဖွံ့ဖြိုးတိုးတက်ရေးအားထုတ်မှုများမှာ ထိရောက်မှု မရှိ၊ အရာမထင် သဲထဲရေသွန်ဖြစ်ခဲ့ရသည်။

အာရှထွန်းသစ်စနိုင်ငံများ ပေါ်ထွက်လာချိန် ၁၉၆၀ ခုနှစ်များတွင်လည်း မချုပ်ငြိမ်းသေးသော လက်နက်ကိုင်တိုက်ပွဲများနှင့်အတူ တံခါးပိတ် စီးပွားရေးစနစ်အောက်၌ အထီးကျန်စွာ စတင်ရပ်တည်ခဲ့ကြရပြန်သည်။ ဤသို့ လျှောက်လှမ်းခဲ့ကြရင်း ၁၉၈၈ ခုနှစ် ဆိုရှယ်လစ်စနစ်ပြိုလဲပြီး အလွန်ကာလတွင် တပ်မတော်မှ နိုင်ငံ့တာဝန်များကိုယူ၍ ဒီမိုကရေအယူအဆ၊ ဈေးကွက်စနစ်လမ်းကြောင်းတို့ပေါ်၌ လျှောက်လှမ်းနိုင်ရေး စတင်ခဲ့ကြသည်။ ထိုအချိန်အထိ လွတ်လပ်ရေးရပြီးကတည်း သန္ဓေတည်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် တိုက်ခိုက်မှုများ ရှိနေဆဲဖြစ်သကဲ့သို့ နိုင်ငံရေးအယူဝါဒကွဲပြားမှုများမှာလည်း ပဋိပက္ခများရှုပ်ထွေးလျက်ဖြစ်ပေါ်နေပြီး နိုင်ငံ့စီးပွားရေးအတွက် မည်သို့မျှ အားထုတ်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၁၁ ခုနှစ်တွင်မူ ဒီမိုကရေစီနိုင်ငံရေး အခင်းအကျင်းများဖြင့် နိုင်ငံ့တာဝန်ယူလာသည့် အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုပီပြင်စွာအကောင်အထည်ဖော်၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်ဆင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားညီအစ်ကိုများကြားရှိ မပြေလည်သေးသည့်သဘောထားမတိုက်ဆိုင်မှုများကို တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားခဲ့သည်။ လက်နက်ကိုင်ဖြေရှင်းမှုမှ စားပွဲဝိုင်းထိုင်ဖြေရှင်းမှုဖြစ်ပေါ်ရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ကနဦးရရှိရေးအတွက် အားထုတ်ခဲ့ကြသည်။ အခက်အခဲများကြားမှပင် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်" တစ်ရပ်ကို ယခုလလယ် အောက်တိုဘာလ ၁၅ ရက်နေ့၌ လက်မှတ်ရေးထိုးနိုင်ခဲ့လေသည်။

အရေးပါသော ခြေလှမ်းကြီးတစ်ရပ်ကို စတင်လှမ်းနိုင်ခဲ့ပြီဖြစ်၏။ မကြာမီကာလတွင် ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်တော့မည်ဟု မျှော်လင့်မိသည်။ မြန်မာနိုင်ငံအတွက် စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုသည် နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက်သာမက နောက်ကျ ကျန်ရစ်နေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ ကြီးမားသောအထောက်အကူများ ပေးနိုင်စွမ်းရှိပေလိမ့်မည်။

ငြိမ်းချမ်းရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဘေးကင်းလုံခြုံစေလျက် ဖွံ့ဖြိုးတိုးတက်မှုသည် ဥစ္စာဓနကြွယ်ဝပြည့်စုံစေမည်ဖြစ်သည်။ အဓိကလိုအပ်ချက်သည်ကား စစ်မှန်သော ငြိမ်းချမ်းရေးတည်ရှိမှုဖြစ်သည်။ ကနဦးလိုအပ်ချက်သည်ကား စစ်ပွဲများမရှိခြင်း၊ စစ်ပွဲများ ချုပ်ငြိမ်းခြင်းဖြစ်သည်။ ထိုလိုအပ်ချက်များသာ ဖြည့်ဆည်းနိုင်ခဲ့ပါလျှင် ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေး အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူ့အဖွဲ့အစည်း တစ်ရပ်ဆီသို့ တက်လှမ်းနိုင်စွမ်းရှိလာလိမ့်မည်ဟု ယုံကြည်သည်။

သည်မြေ သည်ရေပေါ်တွင် ကာလနှစ်ပေါင်းများစွာ အတူတကွနေထိုင်ခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုများကြား နှစ်ဖက်အကျိုးစီးပွားကို အပြန်အလှန် နားလည်မှု၊ ဟန်ဆောင်မှုကင်းသော ချစ်ကြည်ရင်းနှီးမှုများဖြင့် စစ်မှန်သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သည့်ကာလအလွန်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်၌ ပေါ်ထွန်းလာနိုင်ရေးကို မျှော်လင့်နေမိပါတော့သတည်း။ ။

**ငြိမ်းချမ်းရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဘေးကင်းလုံခြုံစေလျက် ဖွံ့ဖြိုးတိုးတက်မှုသည် ဥစ္စာဓနကြွယ်ဝပြည့်စုံစေမည်ဖြစ်သည်။ အဓိကလိုအပ်ချက်သည်ကား စစ်မှန်သော ငြိမ်းချမ်းရေးတည်ရှိမှုဖြစ်သည်။ ကနဦးလိုအပ်ချက်သည်ကား စစ်ပွဲများမရှိခြင်း၊ စစ်ပွဲများချုပ်ငြိမ်းခြင်းဖြစ်သည်။ ထိုလိုအပ်ချက်များသာ ဖြည့်ဆည်းနိုင်ခဲ့ပါလျှင် ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေး အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူ့အဖွဲ့အစည်း တစ်ရပ်ဆီသို့ တက်လှမ်းနိုင်စွမ်းရှိလာလိမ့်မည်ဟု ယုံကြည်သည်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ထို့နောက် စက်တင်ဘာ ၂၈ ရက်က လွှတ်တော်ရုံးခွဲ(ရန်ကုန်)တွင် ကျင်းပသော အစည်းအဝေး အမှတ်စဉ်(၈/၂၀၁၅)နှင့် အောက်တိုဘာ ၈ ရက်က နေပြည်တော်၌ ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်ဆောင်ရွက်ပြီးသော ဥပဒေများ၊ ဆောင်ရွက်ရန်ကျန်သော ဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# အထူးရဲသင်တန်းဖွင့်ပွဲ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၂၁**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပတ္တမြားခန်းမတွင် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလုံခြုံရေး ဆောင်ရွက်မည့် အထူးရဲသင်တန်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းသို့ ဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေစိုးက ရွေးကောက်ပွဲတွင်အထူးရဲတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်ကာလအတွင်း လုံခြုံရေးလုပ်ငန်းများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအား သိရှိနားလည်ပြီး ကျွမ်းကျင်မှုရှိစေရန်နှင့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ငြိမ်းချမ်းလုံခြုံစွာ မဲပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် ပြောကြားသည်။

အထူးရဲသင်တန်းကို အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ အထူးသင်ကြားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် ပင်းတယမြို့နယ် မဲရုံ ၇၆ ရုံအတွက် ဒေသနေရပ်ကွက်နှင့် ကျေးရွာများမှ အထူးရဲသင်တန်းသား ၇၆ ဦးတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး (ပင်းတယ)**

# ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်းသိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးမည့် တိုင်းဒေသကြီး/ပြည်နယ်များမှာ ကချင်ပြည်နယ်၌ တနိုင်း၊ ရွှေကူ၊ ဖားကန့်၊ ကာမိုင်း၊ ကယားပြည်နယ်၌ ဒီမောဆို၊ ဖရူဆို၊ ချင်းပြည်နယ်၌ ဖလမ်း၊ တီးတိန်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ တန့်ဆည်၊ ခမ်းပတ်၊ တနင်္သာရီတိုင်းဒေသကြီး၌ ကျွန်းစု၊ ပဲခူးတိုင်းဒေသကြီး၌ ကျောက်ကြီး၊ နတ်တလင်း၊ မကွေးတိုင်းဒေသကြီး၌ တောင်တွင်းကြီး၊ မြို့သစ်၊ ဆိပ်ဖြူ၊ ဆော၊ ကန့်ပက်လက်၊ စလင်း၊ အောင်လံ၊ မင်းလှ၊ မန္တလေးတိုင်းဒေသကြီး၌ သပိတ်ကျင်း၊ ဝမ်းတွင်း၊ တံတားဦး၊ မွန်ပြည်နယ်၌ သံဖြူဇရပ်၊ ရခိုင်ပြည်နယ်၌ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ရန်ကုန်တိုင်းဒေသကြီး၌ လှည်းကူး၊ တွံတေး၊ ရှမ်းပြည်နယ်၌ ရပ်စောက်၊ လဲချား၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆက်၊ မိုင်းယောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ကျောင်းကုန်း၊ ပန်းတနော်၊ ဖျာပုံ၊ ဇလွန်မြို့တို့ ဖြစ်ကြသည်။

**(ကြေးမုံ)**

# အကြိုသက်မွေးပညာရပ်တွေ သင်ကြားခွင့်ရလို့ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့အနှစ်သာရတွေကို ရရှိနိုင်မှာဖြစ်

သတင်းအဖွဲ့

**တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများ တင်သွင်းရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစေရန်နှင့် အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် တွေ့ဆုံဆွေးနွေးမေးမြန်းသည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံ တင်သွင်းခြင်းနဲ့ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ။ ။၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာတွေကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ အောက်တိုဘာ ၃၁ ရက်အတွင်း တင်သွင်းဖို့ လျှောက်လွှာတွေ ခေါ်ယူထားပြီးဖြစ်ပါတယ်။

**မေး။ ။၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြဖို့ ဘာသာတွဲ ဘယ်နှမျိုးသတ်မှတ်ထားပါသလဲ။**

ဖြေ။ ။၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ယခင်နှစ်တွေအတိုင်း ဘာသာတွဲရှစ်မျိုးအတွက် ဖြေဆိုခွင့်တင်သွင်းနိုင်မှာဖြစ်ပါတယ်။ ဘာသာတွဲတိုင်းမှာ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်တွေကို ကျောင်းသားကျောင်းသူတိုင်းဖြေဆိုကြရပါမယ်။ ဘာသာတွဲအလိုက် **အတွဲ(၁)** ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ **အတွဲ(၂)** ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ **အတွဲ(၃)** ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ **အတွဲ(၄)** သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ **အတွဲ(၅)** ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ **အတွဲ(၆)** ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ **အတွဲ(၇)** ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ **အတွဲ(၈)** ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင် ဘာသာရပ်တွေ ဖြေဆိုကြရပါမယ်။

**မေး။ ။တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ပုံစံဖြည့်သွင်းရာမှာ အထူးဂရုပြုရမယ့်အချက်တွေကို ပြောပြပေးပါ။**

ဖြေ။ ။ဖြေဆိုသူရဲ့အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်စတဲ့ ကိုယ်ရေးအချက်အလက်တွေကို မှန်ကန်အောင် သေသေချာချာ စိစစ်ပြီးတော့ ကျောင်းသားကိုယ်တိုင် ဖြည့်သွင်းဖို့လိုပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးရင် အမည်၊ မွေးသက္ကရာဇ်၊ မိဘအမည်စတဲ့ ကိုယ်ရေးအချက်အလက်တွေကို ပြန်လည်ပြင်ဆင်ခွင့်မပြုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

**မေး။ ။တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကို ကျောင်းဖြေတွေအတွက် ဘယ်လိုစီစဉ်ပေးပါသလဲ။**

ဖြေ။ ။အခြေခံပညာကျောင်းတွေမှာ တက်ရောက်သင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေကို သူတို့တက်နေတဲ့ ကျောင်းကတစ်ဆင့် ဝင်ခွင့်လျှောက်လွှာတွေကို တင်သွင်းလို့ရပါတယ်။ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေမှာ တက်နေတဲ့ ကျောင်းသား ကျောင်းသူတွေကိုတော့ ကိုယ်ပိုင်ကျောင်းတာဝန်ခံက စုစည်းပြီး မြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် တင်သွင်းရပါတယ်။

**မေး။ ။ပြင်ပက ဖြေဆိုလိုသူတွေအနေနဲ့ ဘယ်လိုလျှောက်လွှာတင်ရပါမလဲ။**

ဖြေ။ ။တချို့ ကျောင်းသားတွေက ငွေကြေးမတတ်နိုင်လို့ ကျောင်းမတက်နိုင်တာတွေ၊ အိမ်ထောင်ကျသွားလို့ဖြစ်ဖြစ် စီးပွားရေးအဆင်မပြေလို့ဖြစ်ဖြစ် ကျောင်းထွက်ပြီး အလုပ်လုပ်နေရသူတွေ၊ ကျန်းမာရေးမကောင်းလို့ ကျောင်းမတက်နိုင်သူတွေ၊ ကျောင်းနဲ့ဝေးလံလို့ ကျောင်းတက်ခွင့်မရသူတွေစသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းကိုမတက်နိုင်တဲ့သူတွေရှိပါတယ်။ အဲဒီလို ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေးဆိုင်ရာ နစ်နာမှုမရှိစေဖို့အတွက် နဝမတန်းအောင်ပြီး တစ်နှစ်ဆိုင်းငံ့ခြင်းမရှိဘဲ ပြင်ပဖြေအဖြစ် လျှောက်ထားလာရင် ဖြေဆိုခွင့်ပြုမှာ ဖြစ်ပါတယ်။ သူတို့တစ်တွေအနေနဲ့ နဝမတန်းအောင်မြင်ပြီး ကျောင်းထွက်လက်မှတ် တင်ပြလျှောက်ထားကြရမှာ ဖြစ်ပါတယ်။ ယခင်နှစ် ကျရှုံးသူတွေအတွက်ကတော့ ယခင်နှစ်ကဖြေဆိုခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်ကိုဖော်ပြ၍ လျှောက်ထားနိုင်ပါတယ်။

**မေး။ ။ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေက ကျောင်းသားကျောင်းသူတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေခွင့်ရှိပါသလား။**

ဖြေ။ ။ဘုန်းတော်ကြီးသင်ကျောင်းတွေမှာ တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေကိုတော့ သက်ဆိုင်ရာ ဘုန်းတော်ကြီးသင်ကျောင်းများက စုစည်းပြီး မြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် တင်သွင်းရပါမယ်။

**မေး။ ။ကျောင်းမတက်ဘဲ ပြင်ပမှာ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း (ကျူရှင်)ယူပြီး ပြင်ပဖြေလို့ရပါသလား။**

ဖြေ။ ။၁၉၈၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေမှာ သင်တန်းတည်ထောင်သူဟာ သင်တန်းတစ်ခုပဲ တည်ထောင်ခွင့်ရှိပြီး သင်တန်းတစ်ခုမှာ ဘာသာရပ် (၂)ခုပဲ သင်ကြားခွင့်ရတဲ့အတွက် ကျောင်းသားအနေနဲ့ (၆)ဘာသာဖြေဆိုရမယ့် စာမေးပွဲကိုဖြေဆိုနိုင်ဖို့အတွက် သင်တန်း(၃)နေရာကို သွားရောက်တက်မှသာ ဘာသာစုံသင်ကြားခွင့်ရပြီး စာမေးပွဲကို ဖြေဆိုလို့ ရပါလိမ့်မယ်။ အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းနဲ့ ဘုန်းတော်ကြီးသင်ကျောင်းတွေကတော့ တစ်နေရာထဲမှာ ဘာသာစုံသင်ကြားပေးတဲ့အတွက် စာမေးပွဲကိုအဆင်ပြေစွာ ဘာသာစုံဖြေဆိုနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကျောင်းတွေက ကျောင်းသားကျောင်းသူတွေကို ကုန်ကျစရိတ်အသက်သာဆုံးနဲ့ ဘဝအတွက် အခြေခံလိုအပ်ချက်တွေ (Foundation Factors)ကို လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေရဲ့ ပင်ကို၊ အထုံ၊ ဗီဇ၊ ဝါသနာ၊ စွမ်းရည်တို့ကို မြှင့်တင်ပေးနိုင်စွမ်းရှိတဲ့ အကြိုသက်မွေးပညာရပ်တွေ ပြည်သူ့နီတိ၊ စာရိတ္တပညာ၊ ကာယပညာ၊ လက်မှုပညာ၊ ဘဝတွက်တာ၊ ယဉ်ကျေးမှု စတာတွေကို သင်ကြားခွင့်ရလို့ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အနှစ်သာရတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းနေဖက် သူငယ်ချင်းများစွာနဲ့ ထိတွေ့ဆက်ဆံခွင့်ရပြီး ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်နိုင်မှု၊ ကူညီစောင့်ရှောက်နိုင်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု စတဲ့အလေ့အကျင့်ကောင်းတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ဒီနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ လျှောက်လွှာတင်သွင်းရာမှာ အခက်အခဲရှိတဲ့ ကျောင်းသားကျောင်းသူတွေအတွက် ဘယ်လိုဆောင်ရွက်ပေးပါမလဲ။**

ဖြေ။ ။မြို့နယ်ပညာရေးမှူးရုံးတွေကို လျှောက်လွှာတင်သွင်းမှုအတွက် လိုအပ်သလို ကူညီပေးဖို့ မှာကြားထားပြီးဖြစ်ပါတယ်။ အခက်အခဲဖြစ်နေတဲ့ ကျောင်းသား ကျောင်းသူတွေရှိရင်လည်း မြို့နယ်ပညာရေးမှူးရုံးတွေက ဖြေရှင်းပေးနေပါတယ်။ ကာယကံရှင်ကိုယ်တိုင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)နဲ့ ရန်ကုန်(ရုံးခွဲ) ဖွဲ့ကပင်ဆောင်ရုံးတို့ကို တိုက်ရိုက်မေးမြန်းတင်ပြလျှောက်ထားလာရင်လည်း လက်ခံဆောင်ရွက်ပေးပါမယ်။

**မေး။ ။အခက်အခဲရှိလာခဲ့ရင် ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ။ ။လျှောက်လွှာတင်သွင်းရာမှာ မည်သည့်အခက်အခဲမျိုးမဆို ရှိလာခဲ့ရင်တော့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)၊ ဖွဲ့ကပင်ဆောင်စတဲ့ ရုံးနှစ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရန်ကုန်(ရုံးခွဲ) ဖုန်း - ၀၁-၆၅၃၅၀၉၊ နေပြည်တော်(ရုံးချုပ်) ဖုန်း - ၀၆၇-၄၃၀၁၆၈ ဖုန်းများသို့ မေးမြန်းဆက်သွယ်နိုင်ပါတယ်။




သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ခံရသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

# ဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော်　　အောက်တိုဘာ　　၂၁**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားခဲ့သောရေကြီး ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ၂၀-၁၀-၂၀၁၅ ရက်တွင် ဦးမောင်မောင်သန်းနှင့် မောင်နှမတစ်စုမှ အလှူငွေကျပ် ၆၀၀၀၀ ကို လာရောက်လှူဒါန်းခဲ့ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးအေးမြင့်+ဒေါ်လှအေး မိသားစုမှ ငွေကျပ် ၁၀၀၀၀၀ ကို လက်ခံရရှိသည်။ သို့ဖြစ်ပါ၍ ၂၉-၇-၂၀၁၅ ရက်မှ ၂၀-၁၀-၂၀၁၅ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၈၀၉၈၇၅၈၉၆၃ ကျပ်၊ အမေရိကန်ဒေါ်လာ ၃၃၆၉၄၄၈ ဒသမ ၇၃၊ ယူရို ၃၀၀ ဖြစ်သည်။ လက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲတွင် ကောင်စီဝင် ၂၄ ဦးကို ရွေးချယ်

**ရန်ကုန်　အောက်တိုဘာ ၂၁**

**သတင်း - ရီရီသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ နိုင်ငံတကာမြန်မာသတင်းဌာန၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများ၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်သန်းက ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ရွှေမိုးညွန့်က မဲပေးရွေးချယ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဝင်များကို သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်ကြသည်။

ယင်းနောက် ဦးဟန်ညွန့်(ဥပဒေ)က သတင်းမီဒီယာ ဥပဒေ၏ ရည်ရွယ်ချက် (၆) ချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ် ၂၄ ဦးက ရွေးချယ်ခံရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမော်သန်းက နိဂုံးချုပ်ပြောကြားသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရန်အတွက် ယနေ့ သတင်းမီဒီယာ ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ကျင်းပရခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားတွင် တစ်ဦးချင်းကိုယ်စားလှယ်များအဖြစ် ဦးအုန်းကြိုင်နှင့် ဦးတင်ထွန်း၊ သတင်းအေဂျင်စီများ ကိုယ်စားလှယ်အဖြစ် ဦးဟံသာညိန်း၊ ပုံနှိပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ ကိုယ်စားလှယ်များအဖြစ် ဦးသိမ်းစိုးနှင့် ဦးမင်းဟန်၊ စာရေးဆရာ ကိုယ်စားလှယ်များအဖြစ် ဦးဇေယျနှင့် ဦးချစ်နိုင်(စိတ်ပညာ)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် နိုင်ငံတကာ မြန်မာသတင်းဌာနများ၏ ကိုယ်စားလှယ်များအဖြစ် ဦးသီဟစော၊ ဒေါ်သင်းသင်းသာ၊ ဦးဇေယျာလှိုင်နှင့် ဦးခိုင်မြတ်ကျော်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ကိုယ်စားလှယ်များအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် ဦးဖေမြင့်၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအဖြစ် ဦးကျော်စွာမင်း၊ ဒေါက်တာမောင်မောင်စံ၊ ဒေါက်တာဇော်သန်း၊ ဦးမျိုးမင်းယု(ခ)မျိုးကိုမျိုးနှင့် ဦးမြင့်ကျော်၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းကိုယ်စားလှယ်များအဖြစ် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ ဒေါက်တာမျိုးသန့်တင်နှင့် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်၊ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးဟန်ညွန့်(ဥပဒေ)၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးအောင်လှထွန်းနှင့် အမျိုးသားလွှတ်တော်က အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးတင်မောင်အေးတို့ အပါအဝင် သတင်းမီဒီယာကောင်စီဝင် ၂၄ ဦးကို ရွေးချယ်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်သန်းက "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသဖြင့် တာဝန်အသီးသီး သတ်မှတ်ဖို့ သတင်းမီဒီယာ နည်းဥပဒေအရ ရွေးကောက်ပွဲအပြီး ခုနစ်ရက် စောင့်ရမယ်ဆိုတဲ့အတွက် စောင့်ပြီးမှ ရွေးရမှာဖြစ်ပါတယ်။ ဒီနေ့ ၂၁ ရက်ဆိုတော့ ၂၇ ရက်နေ့မှာ ခုနစ်ရက်ပြည့်မှာ ဖြစ်တဲ့အတွက် ထပ်ပြီးရွေးဖို့ ဘယ်နေရာ ဘယ်အချိန်ဆိုတာ ကြေညာအသိပေးပါမယ်"ဟု ပြောသည်။

**✻ ကျောဖုံးမှ**

ပေးနိုင်မည်ဖြစ်ပြီး လက်ရှိ လေးငါးနာရီ သွားနေရသည့် ခရီးအား နှစ်နာရီဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neda)ဥက္ကဋ္ဌ ဆင်စီရီက ပြောကြားခဲ့သည်။

လက်ရှိတွင် ခြောက်သွေ့ရာသီ၌သာ သွားရေးလာရေးအတွက် အသုံးပြုနိုင်ပြီး အဆိုပါလေးလမ်းသွားကားလမ်း ပြီးစီးသွားပါက တစ်နှစ်ပတ်လုံးသွားလာနိုင်မည်ဖြစ်ကြောင်း ကန်ချာနာဘူရီပြည်နယ်နှင့် ထားဝယ်အကြား ဆက်သွယ်မည့် ခရီးလမ်းကြောင်းနှင့် ပတ်သက်၍ ၎င်းက ပြောကြားခဲ့သည်။

အဆိုပါလေးလမ်းသွားကားလမ်း တည်ဆောက်မှုစီမံကိန်းအား ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက အတည်ပြုထားပြီး လက်ရှိတွင် ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် ဘဏ္ဍာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အဆိုပါစီမံကိန်းအား ပုဂ္ဂလိကကဏ္ဍ ပူးတွဲရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်စေခြင်းဖြင့် ကုန်ကျမှုသက်သာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက သုတေသနစီမံကိန်း ၆၀ ကျော်တို့အား ဘတ် ၁၄ ဒသမ ၄ ဘီလီယံအကုန်ကျခံ သုံးစွဲခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ဆက်စပ်သတင်းများအရ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၇ ကီလိုမီတာအကျယ်အဝန်းရှိသည့် ထားဝယ်စီမံကိန်းတွင် ရေနက်ဆိပ်ကမ်းတစ်ခုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တူညီသော အစုရှယ်ယာများကို လုပ်ဆောင်ကြရန် ရည်ရွယ်ချက်စာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးထားခဲ့ကြောင်း သိရသည်။ ယင်းစီမံကိန်းတွင် ရေနက်ဆိပ်ကမ်းတစ်ခု၊ စက်မှုဇုန်တစ်ခု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုနှင့် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့အား ဆက်သွယ်ပေးမည့် လမ်းများ ပါဝင်ကြောင်းသိရသည်။

ထို့ကြောင့် ထားဝယ်ရေနက်ဆိပ်ကမ်းသည် လာမည့်နှစ် ၃၀ ကျော်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံလိုအပ်လာမည်ဟုလည်း ခန့်မှန်းထားကြသည်။

**(ငွေကြယ်)**

**○ ဇေယျာရွှေမြေမှ**

ရတနာပုံအသင်း နည်းပြချုပ်ရီနေးမှာ ၎င်း၏ထုံးစံအတိုင်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲ လုပ်ခဲ့သော်လည်း အမာခံကစားသမားအများစုပါဝင်လာခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာလည်း အမှတ်လိုနေသောကြောင့် လူစုံအသုံးပြုပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံအသင်းက ခြေပိုသာခဲ့ပြီး ရရှိသည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၅ မိနစ်တွင် တိုက်စစ်မှူး မာတူနာက ဂိုးစတင်သွင်းယူပေးခဲ့သည်။ အိမ်ရှင် ဇေယျာရွှေမြေအသင်းမှာ ဂိုးပေးလိုက်ရ၍ လက်ကျန်မိနစ်များတွင် ချေပဂိုးရရှိရန် ကြိုးပမ်းလာခဲ့ပြီး ရတနာပုံဂိုးသမား ပြည့်လျှံအောင်၏ လက်စွမ်းပြသနိုင်မှုကြောင့် မိနစ် ၉၀ မှ ချေပဂိုးပြန်ရခဲ့သည်။ ဇေယျာရွှေမြေအတွက် ချေပဂိုးကို ဖြိုးပိုင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲမှာ ဩဂုတ်လအတွင်းက ယှဉ်ပြိုင်ရမည့်ပွဲဖြစ်ပြီး မုံရွာမြို့၏ ရေကြီးနိုင်မှု အခြေအနေကြောင့် ရွှေ့ဆိုင်းထားသည့်ပွဲဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# အသွင်သစ်နှင့် အောက်တိုဘာလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော်　　အောက်တိုဘာ　　၂၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတွေးအခေါ်၊ ကျန်းမာရေး၊ ပညာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတ ရရှိနိုင်ရေးကိုရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာကေကေ(မဟာဝိဇ္ဇာ)၊ ဦးဟန်ညွန့်(ဥပဒေ)၊ ဦးစိုးကျော်သူ၊ K M A၊ T Nay Yar၊ S ကျော်ခိုင်တို့၏ "ရွေးကောက်ပွဲအကြောင်းသိကောင်းစရာ" မျက်နှာဖုံးဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဟိန်းလတ်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ သာလူရှည်၊ ချစ်ပေါ၊ အေးဖြူ၊ စည်သူလှိုင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ အောင်ချိန်ဘွား၊ ရဲထက်ဇော်တို့၏ နိုင်ငံတကာ၊ စီးပွားရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ မီးမီးတို့၏ သဘာဝပတ်ဝန်းကျင်နှင့် မူးယစ်ဆိုင်ရာ ဆောင်းပါးများ၊ စိုးစိုး(ပန်းတောင်း)၊ ဒေါက်တာမြင့်သန်း(သန္ဓေသား)၊ ဇော်တိုး၊ ဒေါက်တာလှဖေ၊ စုဝဏ္ဏတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြသိန်း၊ ကျော်ရှင်း၊ မောင်လှိုင်းသစ်၊ ဆောင်းဝင်းလတ်၊ နွယ်နွယ်မာ၊ ဒေါက်တာခင်မောင်ညွန့်၊ တင်ညွန့်၊ နိုင်သောင်းထွန်း၊ ပြည်ကြီး၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေး၊ ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ဘီးလင်း　အောက်တိုဘာ ၂၁**

သထုံခရိုင် ဘီးလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်း(၁/၂၀၁၅)ဖွင့်ပွဲကို ဘီးလင်းမြို့နယ် သာသနာ့ဗိမာန်၌ အောက်တိုဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်၊ သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်မောင်၊ ဒေါ်ခင်လေးနွယ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ငြိမ်းထွန်းက ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် သင်တန်းသားသင်တန်းသူ ၁၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (၁၃/၂၀၁၅) အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ (၁၃/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများမှ တရားမဝင်တင်ပို့၊ တင်သွင်းနေခြင်းများကို စနစ်တကျ စိစစ်ဖော်ထုတ်ရန် နိုင်ငံတော်မှတာဝန်ပေးချက်အရ တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေး၊ စားသုံးသူ ပြည်သူလူထုအကာအကွယ်ပေးရေးစသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Mobile Team အဖွဲ့ဝင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် အဖွဲ့ခေါင်းဆောင်များကလည်း မိမိလက်အောက်ဝန်ထမ်းများအား ပြည်သူနှင့်ဆက်ဆံရာတွင် အပြောအဆို၊ အနေအထိုင် မှားယွင်းမှုမရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုများတွင် ဝန်ထမ်းများပါဝင်ပတ်သက်မှုမရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လှုပ်ရှား(၂) ညောင်ခါးရှည်တွင် ယာဉ်ငယ်စစ်ဆေးခဲ့မှုကို လူမှုကွန်ရက်တွင် ထည့်သွင်းဖော်ပြခဲ့မှုဖြစ်စဉ်အား အခြေအနေမှန်ကို သိရှိနိုင်ရန် ဗဟိုကော်မတီအတွင်းရေးမှူး ဦးဆောင်ပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ အဖွဲ့အစည်းသည် ၁၂-၁၂-၂၀၁၂ ရက်မှ ၃၀-၉-၂၀၁၅ ရက်အထိ တရားမဝင် ကုန်သန်း ၄၉၃၀၀ ကျော် သိမ်းဆည်းရမိပြီး ကျောက်စိမ်းနှင့်တွင်းထွက်ပစ္စည်းဖမ်းဆီးရမိမှု ၁၈၇ ခု ကျပ်သန်း ၆၉၅၁ သန်းနှင့် သစ်တောထွက်ပစ္စည်းဖမ်းဆီးရမိမှု ၆၁၈ မှု၊ ကျပ်သန်း၂၉၈၅ သန်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးအတွက် မီးရှို့ဖျက်ဆီးသည့် အမှုတွဲ ၈၂၇ ခု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်း ၂၃၅၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြရာတွင် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၃ ရွာအနက် ဖာကူးအရှေ့ငပ၊ ညောင်လေးပင်၊ ချောင်းစောက်ကျေးရွာတို့၏ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက ထပ်မံကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီ စာရင်းဇယားထားရှိမှုကို ကျေးရွာအရောက် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထားထား(သန်လျင်)**

# ဆီဆိုင်မြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြို့ပေါ် ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ဟိုပုံး၊ ပင်လောင်းဒေသခံတိုင်းရင်သားပြည်သူလူထုအင်အား၂၀၀၀ ခန့်ဖြင့် စစ်ကြောင်းလေးကြောင်းခွဲကာ ပအိုဝ်း၊ ရှမ်း၊ ကယန်း တိုင်းရင်းသားများပါဝင်သော ဒေသခံပြည်သူလူထုများက အိုးစည်ဗုံမောင်းများတီးခတ်၍ ဟိုပုံး - ဆီဆိုင် - လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးအတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးပွဲအား ထောက်ခံအပ်ပါသည်ဆိုသည့် ဗီနိုင်းပိုစတာကြီးများနှင့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် ဆီဆိုင်မြို့မဈေးတစ်ပတ် စီတန်းလှည့်လည်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရာ ပအိုဝ်းအမျိုးသားဌာနေ ပြည်သူ့စစ်တာဝန်ခံ ဦးလှမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားဦးစိုင်စံထူးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာလက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြောင်း အဆိုအားလည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသား ဦးခွန်ချစ်လယ်က အဆိုကိုထောက်ခံကြောင်း ဆွေးနွေးပြောကြားပြီး ထောက်ခံကြိုဆိုခြင်း အဆိုကိုလည်းကောင်း တင်သွင်းကြပြီး သဘာပတိက တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီခြင်းကို တောင်းခံရယူရာ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများက တစ်ခဲနက်ထောက်ခံခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




# မြန်မာနိုင်ငံသား ရေလုပ်သား ၃၉ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၃၉ ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီ ၂၅မိနစ်က မလေးရှား လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

“အခုပြန်ရောက်လာတဲ့သူတွေက ထိုင်းနိုင်ငံကနေတစ်ဆင့် အင်ဒိုနီးရှား ငါးဖမ်းလှေတွေပေါ်မှာအလုပ်လုပ်တဲ့သူတွေလို့သိရတယ်။ သူတို့ကို လူကုန်ကူးခံခဲ့ရခြင်း ရှိ၊ မရှိ စစ်ဆေးမှုတွေပြုလုပ်သွားမယ်။ လူကုန်ကူးခံရတာတွေရှိခဲ့ရင် ဆက်လက်ဖော်ထုတ် အရေးယူမှုတွေလုပ်သွားမှာပါ” ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူကာ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ငပုတော၊ မြောင်းမြ ၊ကန်ကြီးထောင့်၊ ဟင်္သာတ၊ မြန်အောင်၊ အိမ်မဲ၊ ကြာအင်းဆိပ်ကြီး၊ ကျောက်တံခါး၊ ဝေါ၊ ညောင်လေးပင်၊ ရွှေကျင်၊ထန်းတပင်၊စလင်း၊ သံဖြူဇရပ်၊ ဘီးလင်း၊ မုဒုံ၊ ကျိုက်ထို၊ ရေး၊ သထုံ၊ စစ်တွေ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တောင်ဒဂုံ၊ ကော့သောင်း၊ သန်လျင်၊ သရက်ချောင်းမြို့တို့မှ ဖြစ်ကြောင်း သိရသည်။

“အင်ဒိုနီးရှားအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေကြုံခဲ့ရတယ်။ အင်ဒိုနီးရှား ငါးဖမ်းလှေပေါ်မှာ တစ်နှစ်ကျော်ကြာခဲ့တယ်။ ကျန်ရှိနေတဲ့ လုပ်အားခတွေကိုလည်း သက်ဆိုင်ရာက ကူညီပေးလို့ အားလုံးရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ် မရှိတော့ပါဘူး”ဟု ပြန်လည်ရောက်ရှိလာသူမြောင်းမြ မြို့နယ်မှ ကိုဇော်မျိုးသက်က ပြောသည်။

ထိုသို့ပြန်လည်ရောက်ရှိလာသူများအား မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းတွင် သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ထို့အပြင် IOM အနေဖြင့် ၎င်းတို့ကို သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ ပြန်လည်ဝင်ဆံ့ရေးနှင့်ပေါင်းစည်းရေးတာဝန်ခံ ဒေါက်တာဂျာဆိုင်းအိန်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့်မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ အောက်တိုဘာ ၂၁ ရက်အတွင်း ခုနစ်ကြိမ် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား၂၃၂ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

**ဇော်ကြီး(ပဏီတ)**

# ရောင်းချရခြင်းမရှိသေးသည့် မော်တော်ယာဉ်များ ပြည်ပကုန်အပ်နှံသူထံသို့ ပြန်လည်တင်ပို့ရမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိထားသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အရောင်းစင်တာများသို့ ရောက်ရှိပြီး နှစ်နှစ်ကျော်သော်လည်း ရောင်းချရခြင်းမရှိသေးသည့် မော်တော်ယာဉ်များကို ပြည်ပမှ မော်တော်ယာဉ်အပ်နှံသူများ၏စရိတ်ဖြင့် မူလတင်ပို့သည့် နိုင်ငံများသို့ ပြန်လည်တင်ပို့သွားကြရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အရောင်းစင်တာများကို ယခင်ကအပ်ကုန်စနစ်ဖြင့် တင်သွင်းရောင်းချခွင့်ပြုပေးလျက်ရှိပြီး ယခုနောက်ပိုင်း Normal LC or TT စနစ်ဖြင့် ခွင့်ပြုပေးကြောင်း သိရှိရသည်။

အရောင်းစင်တာများမှ အပ်ကုန်စနစ်ဖြင့် တင်သွင်း၍ နှစ်နှစ်ကျော်ကာလအတွင်း ရောင်းချ၍မရသော မော်တော်ယာဉ်များကို စည်းကမ်းချက်အရ ကုန်အပ်နှံသူထံ ပြန်လည်တင်ပို့ရမည်ဖြစ်ကြောင်း၊ အပ်ကုန်စနစ်ဖြင့် တင်သွင်း၍နှစ်နှစ်ကျော်အတွင်း ရောင်းချ၍မရသော မော်တော်ယာဉ်များ ပြန်လည်တင်ပို့ရန်ကိစ္စနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းအရောင်းစင်တာ ၁၈၃ ခု၌ ရောင်းချရခြင်းမရှိသေးသည့် နှစ်နှစ်ကျော် မော်တော်ယာဉ်အစီးရေ ၄၀၀၀ကျော်ခန့်ရှိကြောင်း မော်တော်ယာဉ်အရောင်းစင်တာမြေပြင်စစ်ဆေးရေးအဖွဲ့မှ သိရသည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း**

# မော်လိုက်မြို့တွင် မြစ်ကမ်းပါးပြိုကျပြီး အန္တရာယ်ရှိမှုကြောင့် နေအိမ်တစ်လုံးပြောင်းရွှေ့

**မော်လိုက် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် မြို့မ(၁)အုပ်စု စွယ်တော်ရပ်ကွက်တွင် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက မြစ်ကမ်းပါးပြိုကျမှုကြောင့် ချင်းတွင်းမြစ်ကမ်းပါးနှင့် အလွန်နီးကပ်ပြီး အန္တရာယ်ရှိနိုင်သည့်နေအိမ်တစ်လုံးအား မြို့နယ်နှင့် ရပ်ကွက်တို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ နီးစပ်ရာနေအိမ်သို့ ယာယီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိမ်ရှင်ဖြစ်သူမှ အိမ်အကူအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အိမ်ရှင်ဖြစ်သူမှ အိမ်အကူ မအေးအေးမွှေးအား ညှဉ်းပန်းနှိပ်စက်ခြင်းကို အရေးယူပေးရန် တိုင်တန်းသည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်သို့ သွားရောက်စစ်ဆေးခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက် ရှိသည်။

စုံစမ်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီး မောင်းတီး ကျေးရွာနေ မအေးအေးမွှေး အသက်(၂၂)နှစ်သည် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ စက်တင်ဘာ ၁၉ ရက်အထိ သယ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် အမှတ်-၂၀၁ သုဒဿနလမ်းရှိ ဒေါ်နီလာမြင့်နေအိမ်တွင် လစာ ၇၀၀၀၀ ကျပ်ဖြင့် အိမ်အကူလုပ်ကိုင်ခဲ့ကြောင်း။

ထိုသို့ လုပ်ကိုင်စဉ် အိမ်ရှင်ဖြစ်သူမှ အကြောင်းအမျိုးမျိုးရှာ၍ ရိုက်နှက်ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း ဖန်ခွက်ဖြင့်ပစ်ပေါက်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်းများကြောင့် ဦးခေါင်းကွဲပြီး အခြားနေရာများတွင် ဒဏ်ရာများရရှိခဲ့၍ သယ်န်းကျွန်းစံပြဆေးရုံကြီးတွင် ကုသမှုခံယူခဲ့ရကြောင်း၊ ဦးခေါင်းတွင်ရရှိသော ဒဏ်ရာမှာ ပြင်းထန်သဖြင့် ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေရကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်တင်ဘာ ၂၀ ရက်တွင် သယ်န်းကျွန်းမြို့နယ်ရဲစခန်း၌ အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆူးလေဘုရားလမ်းပေါ် ရှန်ဂရီလာဟိုတယ်ရှေ့၌ ယာဉ် ၁၀ စီး ဆင့်တိုက်မှုဖြစ်ပွား




**နေပြည်တော် အောက်တိုဘာ ၂၁**

ကျောက်တံတားမြို့နယ် ဆူးလေရှန်ဂရီလာဟိုတယ်ရှေ့ ဆူးလေဘုရားလမ်းပေါ်တွင် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ယာဉ် ၁၀ စီး ဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဆူးလေဘုရားလမ်း သမ္မတရုပ်ရှင်ရုံဘက် မီးရထားခုံးကျော်တံတားအဆင်းဘက်မှ အရှိန်ဖြင့်မောင်းနှင်လာသော ခရီးသည်တင် ဘီအမ်တစ်စီးသည် ဆူးလေရှန်ဂရီလာဟိုတယ်ရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များအား ဆင့်တိုက်ခဲ့ခြင်းဖြစ်သည်။

"ဆူးလေလမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်က မီးပွိုင့် မီးစိမ်းပြချိန်မှာ ခုံးကျော်တံတားဘက်ကနေ ဆူးလေဘုရားဘက်ကို အရှိန်နဲ့ဆင်းလာတဲ့ ဘီအမ်က သူ့ရှေ့မှာရှိတဲ့ ကားလေးတွေကို ဝင်တိုက်မိခဲ့တာ။ ကား ၁၀ စီး အတွဲလိုက်ဆင့်တိုက်မှုဖြစ်ခဲ့တာကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ နာရီဝက်လောက်ဖြစ်ခဲ့တယ်။ ယာဉ်တိုက်မှုကျူးလွန်သူ ဘီအမ်ယာဉ်မောင်းကို ဖမ်းဆီးထားတယ်" ဟု ကျောက်တံတားမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဘီအမ်ခရီးသည်တင်ယာဉ်ပေါ်မှ အသက် (၂၃)နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ထားရပြီး ဘီအမ်ယာဉ်မောင်းအား ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဌာနပိုင်ကျွန်းတစ်အုပ်တစ်မစိုက်ခင်းမှ ကျွန်းပင်များ တရားမဝင်ခုတ်လှဲခြင်းအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံသည် ကျွန်းသစ်များနှင့် သစ်မာသစ်မျိုးများ ပေါများစွာ ရှင်သန်ပေါက်ရောက်လျက်ရှိနေပါသည်။ ထိုသို့ ပေါများစွာပေါက်ရောက်လျက်ရှိသော အဖိုးတန်ကျွန်းနှင့် သစ်မာများအား ဝိသမလောဘသားများမှ တရားမဝင်ခိုးထုတ်သယ်ဆောင်နေသောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက စဉ်ဆက်မပြတ် စီမံချက်ချ ဖမ်းဆီးအရေးယူလျက်ရှိသည်။

အောက်တိုဘာ ၁၁ ရက်တွင် ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူစုရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ရှစ်ဦးအဖွဲ့သည် သတင်းအရ သထုံခရိုင် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက် ဆီဆိုင်ဝင်းအတွင်းရှိ ၁၉၉၈ ခုနှစ် သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော ကျွန်းတစ်အုပ်တစ်မ စိုက်ခင်းအတွင်း၌ ကျွန်းပင်များ ခုတ်လှဲထားသည်ကို တွေ့ရှိစစ်ဆေးခဲ့ကြသည်။ စစ်ဆေးချက်အရ စိုက်ခင်းအတွင်း ကျွန်းပင် ၁၄ ပင်အား ခုတ်လှဲထားပြီး ထွက်ရှိသော ကျွန်းတိုင်လုံး ၁၂ လုံး (သုည ဒသမ ၅၁၆တန်) နှင့် ကျွန်းမျောလုံး ၃၉ လုံး (သုည ဒသမ ၉၁၂ တန်) စုစုပေါင်း ၁ ဒသမ ၄၂၈ တန်အား ဆီဆိုင်ဝင်းအနောက်ဘက်ခြမ်း၌ မြေကျင်းတူး၍ မြှုပ်နှံထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး သစ်ခုတ်လှဲသူ ဦးအောင်သူ (DENKO ဆီဆိုင် တည်ဆောက်ရေး တာဝန်ခံ အင်းစိန်မြို့)နှင့် ဦးကိုကိုဦး (အလုပ်သမားခေါင်းဆောင် တောင်သူစုရပ် ကျိုက်ထိုမြို့) တို့အား ဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိုင်းရှူးမြို့ရှိ ရှမ်းစာပေယဉ်ကျေးမှုကျောင်းအနီး ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲ

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်းအနီး၌ ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ထောင်ထားသော ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုသို့ မိုင်းပေါက်ကွဲမှုကြောင့် မိုင်းရှူးမြို့နေ ဒေါ်နန်းလိတ် (၇၄)နှစ်သည် ဘယ်ဘက်လက်ဖျံ၊ ရင်အုံနှင့် ဝမ်းဗိုက်တို့တွင် လည်းကောင်း၊ မနန်းခင်(၁၂)နှစ်သည် ညာဘက်ပါး၊ လည်ပင်းနှင့် လက်ညှိုးတို့တွင်လည်းကောင်း မိုင်းစများ ထိမှန်ပြီး ဒဏ်ရာ ရရှိခဲ့ကြသည်။

အဆိုပါဒဏ်ရာရရှိသူများအား မိုင်းရှူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး မိုင်းရှူးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မည်သည့်အဖွဲ့မှ လုပ်ဆောင်ခဲ့သည်ကို ဖော်ထုတ်နိုင်ရေး သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

# မိုင်းစံမြို့နယ်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွား

**လွိုင်လင် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းစံမြို့၌ အောက်တိုဘာ ၂၀ ရက် ည ၉ နာရီခွဲခန့်က မိုင်းစံယာယီရဲစခန်း၏ အရှေ့တောင်ဘက် ခြံစည်းရိုးနှင့် ကပ်လျက်နေရာတွင် မိုင်းနှစ်လုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ထိုသို့ မိုင်းပေါက်ကွဲမှုကြောင့် ခြံစည်းရိုးနေရာ နှစ်ခုပွင့်ထွက်ခဲ့ပြီး လိုင်းခန်းတွင် နံရံတစ်ချက် ပေါက်ပြဲကာ တစ်ချပ်ကွာကျပြီး ယာယီရဲစခန်းတွင် မိုင်းအစအနများ ထိမှန်သော်လည်း တပ်ဖွဲ့ဝင်မိသားစုများ ထိခိုက်ဒဏ်ရာ ရမှုမရှိကြောင်း၊ မိုင်းအမျိုးအစားနှင့် မိုင်းများစိစစ်ရန်အတွက် နယ်မြေခံတပ်ရင်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကားရှုံ့နစ်၍ တွန်းရာမှ အမျိုးသမီးတစ်ဦး ကားကြိတ်သေဆုံး

**ပွင့်ဖြူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းတွင် အောက်တိုဘာ ၁၉ ရက် ညပိုင်းက ကားဘီးကျွံနစ်၍ ကားနောက်ဆုတ်စဉ် အမျိုးသမီးတစ်ဦး ကားကြိတ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အောက်တိုဘာ ၁၉ ရက် ည ၁၁ နာရီခွဲက ပွင့်ဖြူမြို့နယ် မဲဇလီတိုက်နယ်ဆေးရုံ၌ ယာဉ်တိုက်မိ၍ လူတစ်ဦး သေဆုံးကာ ရောက်ရှိလာခဲ့ကြောင်း သတင်းအရ မဲဇလီရဲကင်းစခန်းမှူး ရဲအုပ်ကျော်ရွှေ သွားရောက်စစ်ဆေးခဲ့ရာ ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် အမှတ် (၃၀၅/၁)နှင့် (၃၀၅/၂)အကြား ဆင်လူးကျေးရွာအနီး ကားလမ်းမပေါ်တွင် သိန်းအောင် (၄၂) နှစ် အောင်မေတ္တာရပ်ကွက် မကွေးမြို့နေသူ မောင်းနှင်လာသည့် နီဆန်း ဒီဇယ်အဝါရောင် ၁၂ ဘီးယာဉ်မှာ စလင်းမှ မဲဇလီသို့ မောင်းနှင်လာပြီး ကားလမ်းယာဘက်ဘေးတွင် ရှုံ့နစ်နေသဖြင့် ကားအား စက်နှိုးလျက်နောက်သို့ ဆုတ်စဉ် ဆင်လူးကျေးရွာနေ လှအောင်၊ ကျော်မင်းထွန်း၊ မအေးသီတာ၊ မကျင်မြ၊ မစန်းဝင်း၊ မစန်းပု (၄၇)နှစ်တို့က ကားဘေးမှ ဝိုင်းဝန်းတွန်းထုတ်ပေးခဲ့ကြသည်။

ထိုသို့တွန်းစဉ် မစန်းပုမှာ ကားဘေးသို့ လဲကျသွားပြီး ကားဝဲဘက် ရှေ့ဘီးဖြင့် ကြိတ်မိကာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သိန်းအောင်အား ပွင့်ဖြူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက်က မဘိမ်းမြို့ နမ့်ပုံးပုံး ရပ်ကွက်နေ ကျော်အောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မချစ်ချစ်ချောအား တွေ့ရှိပြီး အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ကျော်အောင် (၂၈) နှစ်နှင့် မချစ်ချစ်ချော (၃၀) နှစ်တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး မစ္စတာဘန်ရုဒ် မြန်မာနိုင်ငံ ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ



**ရန်ကုန်  အောက်တိုဘာ ၂၁**

အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ မစ္စတာဘန်ရုဒ်(Mr.Ben Rhodes)သည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မစ္စတာဘန်ရုဒ်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းမှုကာလတွင်ရှိနေကြောင်း၊ သမ္မတအိုဘားမားနှင့်အတူ လွန်ခဲ့သည့် နိုဝင်ဘာလက မြန်မာနိုင်ငံသို့ မိမိရောက်ခဲ့ကြောင်း၊ ယခုတစ်ကြိမ် လာရောက်ချိန်တွင် မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးချိန်နှင့်လည်းကောင်း၊ နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့်လည်းကောင်း တိုက်ဆိုင်လျက်ရှိကြောင်း ကနဦး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၌ကျင်းပမည့် ရွေးကောက်ပွဲနှင့်အတူ နိုင်ငံတော်နှင့်ပြည်သူများသည် အလွန်အရေးကြီးသော အချိန်ကာလတစ်ရပ်ကို ဖြတ်သန်းလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် အားလုံးပါဝင်ခွင့်ရရှိရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်ကြောင်း၊ အားလုံး၏ ယုံကြည်မှုနှင့်အတူ ပြည်သူ့ဆန္ဒကို အပြည့်အဝထုတ်ဖော်ခွင့်ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏သမိုင်းတွင် မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ဆက်နွှယ်နေသော ပြဿနာရပ်များကို အာရုံစိုက်ကာ မိမိအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်ပြီး ရွေးကောက်ပွဲရလဒ်ကိုလည်း အားလုံးက အသိအမှတ်ပြုကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်တိုင် နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပြီးဆုံးသွားမည်မဟုတ်ဘဲ အစိုးရအဖွဲ့သစ်ဖွဲ့စည်းရေးအတွက် ဦးတည်ဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပပုံနှင့်ပတ်သက်၍ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်အကဲခတ်သူများ၏ သုံးသပ်အကဲဖြတ်ချက်များမှာလည်း အရေးကြီးပါကြောင်း ပြောသည်။

ထို့အပြင် ၎င်းက "လူနည်းစုတို့၏ ဘာသာရေးဆိုင်ရာ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း၊ ဘာသာရေးဆိုင်ရာ သွေးထိုးလှုံ့ဆော်မှုများ၏ ဘေးအန္တရာယ်ကို မိမိတို့ စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပထမခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အပိုင်း အကောင်အထည်ဖော်မှုနှင့် အမှန်တကယ်တိုးတက်မှုရှိမည်ဟုလည်း မိမိယုံကြည်ပါကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် ပါဝင်နိုင်ခြင်းမရှိသေးသော အုပ်စုများအနေဖြင့်လည်း ပူးပေါင်းပါဝင်လာနိုင်ရန် လိုအပ်ပါကြောင်း၊ အလားတူ ရခိုင်ပြည်နယ်၌ ကာလရှည်တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောသည်။

ထို့အတူ ၎င်းက "မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် လေးနက်ရှုပ်ထွေးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးမှာ နေ့တွင်းချင်း ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ အချိန်ယူကာ ဆောင်ရွက်ရမည့် အရေးအရာများဖြစ်သည်ဟု သမ္မတအိုဘားမား ကိုယ်တိုင်က အသိအမှတ်ပြုပြောဆိုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ လတ်တလော နိုင်ငံရေးဖြစ်စဉ်များမှာ တိုးတက်မှုသို့ ဦးတည်နေသည့် လက္ခဏာများကို တွေ့ရပါကြောင်း၊ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ၊ ပြည်သူများအားလုံးက စိတ်ဝင်တစား လှုပ်ရှားနေကြသည်ကို အားတက်စွာ တွေ့မြင်ရကြောင်း၊ လွတ်လပ်စွာပြောဆိုခွင့်နှင့်အညီ မီဒီယာများကလည်း ကျင့်ဝတ်နှင့်အတူ ရေးသားဖော်ပြကာ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲအပြီးတွင် မစ္စတာဘန်ရုဒ်သည် သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ မစ္စတာဘန်ရုဒ်သည် သမ္မတအိုဘားမား၏ အနီးကပ် အကြံပေးသူလည်းဖြစ်ပြီး မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ လာရောက်ခဲ့သည်။ အဆိုပါ ခရီးစဉ်သည် ၎င်း၏ စတုတ္ထမြောက် မြန်မာနိုင်ငံခရီးစဉ်လည်းဖြစ်သည်။ **(သတင်းစဉ်)**

# ကလေးငယ်များသေဆုံးမှုနှင့်စပ်လျဉ်းသည့်အားနည်းချက်များ ပြန်လည်ကုစားနိုင်ရန် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်

**မကွေး  အောက်တိုဘာ ၂၁**

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံတွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုအများဆုံးဖြစ်သည့် မကွေးတိုင်းဒေသကြီး၌ ကလေးငယ်များ လက်လှမ်းမီ စောင့်ရှောက်မှုမရရှိခြင်း၊ ကျန်းမာရေးအသိအမြင်နည်းပါးမှုအပေါ် အခြေခံသည့် မိခင်များ၏ပါဝင်စောင့်ရှောက်မှု အားနည်းခြင်းများကို ပြန်လည်ကုစားနိုင်မည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေ၊ သွားလာဖို့ခက်ခဲတဲ့ ဒေသတွေကို ကျန်းမာရေးဝန်ထမ်းတွေ အရောက်နည်းပါတယ်။ အဲဒီဒေသက ကလေးငယ်တွေဟာ လက်လှမ်းမီစောင့်ရှောက်မှုတွေ မရခဲ့ပါဘူး။ မိခင်တွေ ကိုယ်တိုင်က ကိုယ့်ကလေး မကျန်းမာတဲ့အခါမှာ တတ်ကျွမ်းနားလည်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အချိန်မီပြကြမယ်ဆိုရင် ကလေးသေနှုန်းတွေ မြင့်တက်စရာအကြောင်းမရှိပါဘူး။ နောက်တစ်ချက်က ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအားနည်းရင်လည်း မီးဖွားချိန်မှာ သေဆုံးမှုတွေဖြစ်နိုင်ပါတယ်။

မှတ်တမ်းတွေအရ ကလေးသေဆုံးမှုကိုကြည့်မယ်ဆိုရင် မီးတွင်းအချိန်မှာအဖြစ်များပြီး တစ်နှစ်အောက်မွေးကင်းစကလေးတွေ သေတာများပါတယ်။ ကိုယ်ဝန်ဆောင်ချိန်မှာလည်း စနစ်တကျစောင့်ရှောက်မယ်။ မွေးကင်းစ ကလေးရော၊ မိခင်ရော စနစ်တကျ အရည်အသွေး အပြည့်အဝ စောင့်ရှောက်နိုင်မယ်ဆိုရင် ကလေးသေဆုံးမှုတွေ ကျဆင်းနိုင်ပါတယ်။

ကျန်းမာရေးဌာနအနေနဲ့ လက်လှမ်းမီစောင့်ရှောက်မှုတွေပေးနိုင်အောင် စီမံချက်တွေရေးဆွဲနေပြီး လိုအပ်တဲ့ ကျန်းမာရေးသင်တန်းတွေလည်း ပို့ချပေးထားတာတွေ ရှိပါတယ်။ ပြန်လည်သုံးသပ် ဆွေးနွေးပွဲတွေလည်းလုပ်နေပါတယ်။ ကလေးတွေ၊မိခင်တွေသေဆုံးတဲ့အပေါ် မူတည်ပြီး ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ခရိုင်တာဝန်ရှိသူတွေ ပေါင်းစပ်ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီး ပြန်ပြုပြင်တာတွေ လုပ်နိုင်အောင် စီစဉ်ထားပါတယ်"ဟု မကွေးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးအောင်စိုးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများ၏ မျှော်မှန်းသက်တမ်းသည် တစ်နိုင်ငံလုံးတွင်အနိမ့်ဆုံးဖြစ်ပြီး ၆၀ ဒသမ ၆ နှစ်ဖြစ်သည်။ တစ်နှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေးကလေး ၁၀၀၀ လျှင် ၈၉ ဦး၊ ငါးနှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေးကလေး ၁၀၀၀ လျှင် ၁၀၈ ဦးနှုန်းစီ သေဆုံးခဲ့ကြပြီး တစ်နိုင်ငံလုံးတွင် အမြင့်ဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

"ပြည်သူကိုယ်တိုင်ကလည်း ပါဝင်မှုနည်းနေသေးတယ်။ မိခင်တစ်ယောက်က ကလေးတစ်ယောက် ကျန်းမာရေးမကောင်းဘူးဆိုရင် အနီးဆုံးသားဖွားဆရာမနဲ့ ပြေးပြဖို့ ခံယူချက်မရှိကြဘူး။ ဆေးမီးတိုနဲ့တစ်ရက်နှစ်ရက် ကုလိုက်မယ်။ အခြေအနေဆိုးမှ ဆေးရုံ၊ ဆေးခန်းသွားမယ်၊ သွားတဲ့နေရာမှာ အချိန်မမီလို့ သေဆုံးမှုတွေဖြစ်နိုင်ပါတယ်။ အဓိက မိခင်တွေကိုယ်တိုင်က ကိုယ့်ကလေးဘာပဲဖြစ်ဖြစ်၊ သာမန်ဖျားတာ၊ နာတာ၊ ဝမ်းသွားတာ၊ ချောင်းဆိုးတာစသည်ဖြင့် ကျန်းမာရေးပြဿနာတစ်ခုခုဖြစ်လာပြီဆိုရင် နီးစပ်ရာ သားဖွားဆရာမနဲ့အရင်ဆုံးပြသင့်ပါတယ်။ ဒီအသိပညာတွေ ရှိလာမယ်ဆိုရင် ကလေးသေဆုံးမှုတွေ ကျဆင်းသွားနိုင်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဌာနဘက်ကလည်း လက်လှမ်းမီသလောက် စောင့်ရှောက်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာပါ။ တစ်နှစ်အောက်နဲ့ ငါးနှစ်အောက်ကလေးသေဆုံးမှု လျော့ကျစေရေးအတွက် Action Plan တွေ ရေးဆွဲအကောင်အထည်ဖော်နေပါတယ်။ Mobile Clinic တွေနဲ့ စောင့်ရှောက်မှုတွေပေးဖို့လည်း လုပ်နေပါတယ်" ဟု ၎င်းက ဆိုသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ ဆိပ်ဖြူ မြို့သစ်၊ ပေါက်၊ မြိုင်၊စေတုတ္တရာ စသည့် မြို့ငါးမြို့တွင် ကလေးသေဆုံးမှုများပြားခဲ့သည်ကို တွေ့ရှိရပြီး မသန်စွမ်းသူများမှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၅ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရေကောင်းရေသန့်အသုံးပြုရရှိမှု ၇၆ ဒသမ ၆ ရာခိုင်နှုန်း၊ ရေကောင်းရေသန့်မရရှိမှု ၂၃ ဒသမ ၄ ရာခိုင်နှုန်းတို့ဖြစ်ကာ ကျန်းမာရေးအတွက် သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု ၆၈ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**



# တမူးခရိုင် ရေဘေးသင့်ဒေသများတွင် လူနေအိမ်အသစ်များ အမြန်ပြန်လည်ဆောက်လုပ်ပေးလျက်ရှိ

**တမူး  အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမူးခရိုင်အတွင်းရှိ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေဘေးသင့်ခဲ့ရပြီး လမ်း၊ တံတားများ ရေကြီးနစ်မြုပ် တိုက်စားမှုကြောင့် ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ရာ ယခု ပြန်လည်ထူထောင်ရေးကာလတွင် ရေဘေးသင့် လူနေအိမ်များအား အချိန်နှင့်တစ်ပြေးညီ အသစ်အမြန်ပြန်လည်ဆောက်လုပ်ပေးလျက် ရှိကြောင်း သိရသည်။

တမူးခရိုင် ခမ်းပါတ်မြို့ ခမ်းပါတ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်၊ တမူးမြို့နယ် ကနန်ကျေးရွာအုပ်စုနှင့် ထင်းဇင်ကျေးရွာအုပ်စု ကမ္မကြီးကျေးရွာတို့တွင် ရေဘေးသင့်ပြည်သူများ၏ နေအိမ်များအား မြေနေရာအသစ်တွင် ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ တမူးခရိုင် ရေဘေးသင့်လူနေအိမ် ၃၈၅ လုံးအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကုမ္ပဏီများ၊ စေတနာရှင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ခြောက်လအတွင်း အပြီး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

■

# မော်လမြိုင်၌ အထူးရဲသင်တန်း ဖွင့်ပွဲကျင်းပ

**မော်လမြိုင်  အောက်တိုဘာ ၂၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ဖွင့်လှစ်သော အထူးရဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့နယ်ရှိ ပြည်နယ်အကူတပ်ဖွဲ့ခွဲ(အထွေထွေ)သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးက အမှာစကားပြောကြားသည်။ သင်တန်းသို့ အထူးရဲတပ်ဖွဲ့ဝင် ၁၂၁ ဦး တက်ရောက်ကြောင်း သိရသည်။

(၃၀၇)

# မင်္ဂလာသတို့သမီးများ ကိုရီးယားစတိုင်မိတ်ကပ်ပါးပါးနဲ့ ပြင်ဆင်လာ




မိတ်ကပ်ဟာ လူတစ်ယောက်ကို လုံးဝရုတ်ခြည်းပြောင်းလဲသွားစေနိုင်ပါတယ်။ မိန်းကလေးတစ်ယောက် အလှပြင်ဆင်ရာမှာ မိတ်ကပ်လိမ်းခြယ်ခြင်းရဲ့ အခန်းကဏ္ဍဟာလည်း အလွန်အရေးပါတာမို့ မင်္ဂလာဆောင်တော့မယ့် သတို့သမီးတစ်ယောက်အတွက်ဆိုရင်တော့ ပြောစရာတောင် လိုမယ်မထင်ပါဘူး။ မိမိဘဝအတွက် အရေးအကြီးဆုံးနေ့တစ်နေ့လည်း ဖြစ်တာမို့ တစ်သက်မှာ တစ်ခါသာဆင်နွှဲရမယ့် မင်္ဂလာပွဲမှာ မိတ်ကပ်ပြင်ဆင်မှုအတွက်လည်း သတို့သမီးတို့အတွက် ခေါင်းစားရပါတယ်။

သတို့သမီးတစ်ယောက်အတွက် မင်္ဂလာပွဲမဝင်ခင် အနည်းဆုံးတစ်လအလိုလောက်က မိတ်ကပ်ဆရာနဲ့ ကြိုတင်ချိတ်ဆက်ညှိနှိုင်းသင့်တယ်လို့ မိတ်ကပ်ဖန်တီးရှင်တော်တော်များများက ပြောကြပါတယ်။

ဒီနှစ်ပိုင်းတွေမှာ ကိုရီးယားစတိုင် အလှပြင်ဆင်မှုတွေ လွှမ်းမိုးလာခဲ့လို့ သတို့သမီးတွေကလည်း မိတ်ကပ်ကို ကိုရီးယားစတိုင် ပြင်ဆင်ချင်လာပါတယ်။ မိတ်ကပ်ဆရာတွေကလည်း ခေတ်နဲ့ မျက်ခြည်မပြတ်အောင် ပြည်ပနိုင်ငံတွေကို သွားပြီး လေ့လာကြရပါတယ်လို့ မိတ်ကပ် ဂျိုးဂျိုးက ပြောပါတယ်။

"အခုက မိတ်ကပ်ကို ကိုရီးယားစတိုင် ပါးပါးလျားလျားပဲ လိမ်းချင်ကြတယ်။ ဂျိုးတို့ကလည်း အဲလိုပြင်ပေးတဲ့အခါ မိတ်ကပ်လျော့တယ်လို့လည်း ထင်မှာကြောက်တယ်။ တချို့ကလည်း မိတ်ကပ်လျော့လို့ ဈေးလျှော့ပေးရမလားလို့တောင် မေးကြတယ်။ အရင်တုန်းကလို မိတ်ကပ်ကို ထူထူကြီး မလိမ်းချင်ကြတော့ဘူး။ ဒါပေမယ့် မိတ်ကပ်လျော့သွားပေမယ့်ပွဲထဲမှာ မိတ်ကပ်ကောင်းအောင် ပြည်ပနိုင်ငံတွေမှာ သွားပြီး လေ့လာထားရပါတယ်။

မိတ်ကပ်ပြင်တဲ့အခါ နေ့အချိန်ပွဲတွေနဲ့ ညပွဲတွေအတွက် ခွဲခြားပြီး မိတ်ကပ်ပါးပါးနဲ့ အဆင်ပြေအောင် ပြင်ရတာမျိုးရှိတော့ မိတ်ကပ်လိမ်းခကို ပုံမှန်ပဲယူထားပါတယ်။ ဒီနှစ်အတွက် ဈေးတက်သွားတာမျိုးလည်း မရှိပါဘူး။ သတို့သမီးတွေအတွက်က ပွဲချိန်အနားကပ်မှ လာပြီး ပြင်ဆင်တာမျိုးထက် အစောကြီးကတည်းက ကြိုတင် အပွိုင့်မန့်ယူထားရင် ပြင်ဆင်ရတာ ပိုကောင်းတယ်လို့ ဂျိုးပြောချင်ပါတယ်။

"ဈေးနှုန်းတွေကတော့ ပုံမှန်အတိုင်းဆိုင်လာပြင်ရင်တော့ ဈေးတစ်မျိုးပါ။ အပြင်ထွက်ပြီး ဟိုတယ်တို့၊ အိမ်တို့ လိုက်ပြင်ရင်တော့ သွားရ လာရတဲ့အချိန်ပေးရလို့ ဈေးတစ်မျိုး ယူပါတယ်။ မိတ်ကပ်ဈေးတွေက ကျပ်ခြောက်သောင်းကနေ ကျပ်ရှစ်သိန်းအထိရှိပါတယ်။ ဈေးမြင့်လေ သူနဲ့ ဆက်စပ်တဲ့ပစ္စည်းတွေ ထည့်ပေးတာမျိုးရှိတယ်လေ"လို့ ဂျိုးဂျိုးက ပြောပါတယ်။

မိတ်ကပ်လိမ်းတဲ့အခါ ဒေသတစ်ခုနဲ့တစ်ခုမတူကြလို့ သူတို့အကြိုက်တွေကို ညှိပြီး လိမ်းပေးရတာမျိုးရှိပါတယ်လို့ မိတ်ကပ်ညဏ်ညဏ် (လှည်းတန်း)က သူ့အမြင်ကို ပြောပါတယ်။ အဓိကက မန္တလေးနဲ့ ရန်ကုန်မြို့ကြီးတွေမှာတောင် မိတ်ကပ်အထူနဲ့အပါး လိမ်းကြတာတောင် ကွဲပြားတာတွေရှိပါတယ်လို့ သူကဆိုပါတယ်။

"မန္တလေးဘက်က မိတ်ကပ်အထူလိမ်းတာကို ကြိုက်ကြတယ်။ အများစုပေါ့။ နောက်ပြီး လူကြီးမိဘတွေကလည်း အထူလိမ်းတာ ကြိုက်တာများကြတယ်လေ။ အဲဒီတော့ သတို့သမီးနဲ့ညှိပြီး လိမ်းပေးရတာမျိုးရှိတယ်။ ပါးနီဆိုလည်း ရဲနေအောင်လိမ်းမှ ကြိုက်ကြတာပါ။ နောက်ပြီး မြန်မာပုံစံ ဆံမြိတ်ချတဲ့ ပုံစံဒီဇိုင်းကို ကြိုက်ကြတယ်။ ရန်ကုန်ကတော့ မိတ်ကပ်ပါးပါးလေးတွေ ကြိုက်ကြတယ်။ အပါးလိမ်းတာများတယ်။

အခုခေတ်က အထူလိမ်းတာ မကြိုက်ကြတော့ဘူးလေ။ ပေါ့ပေါ့ပါးပါးပုံစံမျိုးကို ကြိုက်ကြတယ်။ ဦးညဏ်ဆီမှာ သတို့သမီးတစ်ဦးအတွက် ပုံမှန် ကျပ်ငါးသောင်းကနေ လက်ဝတ်ရတနာ၊ လက်ကိုင်အိတ်တွေ ပါရင်ပါသလို ကျပ် လေး၊ငါးသိန်းထိရှိပါတယ်"လို့ ညဏ်ညဏ် (လှည်းတန်း)က ပြောပါတယ်။

မင်္ဂလာဆောင်အတွက် မိတ်ကပ်ပြင်ဆင်လိမ်းခြယ်မှုမှာ သာမန်ပွဲသွားပွဲလာ လိမ်းခြယ်မှုမျိုးမဟုတ်ဘဲ ကျွမ်းကျင်တဲ့ မိတ်ကပ်ပညာရှင်နဲ့ ပြင်ဆင်ခြယ်သဖို့ လိုအပ်ပါတယ်။ ကိုယ်ဝတ်မယ့်အဝတ်အစားနဲ့ လိုက်ဖက်အောင် ပြင်ဆင်ခြယ်သနိုင်ဖို့ မင်္ဂလာပွဲမတိုင်မီမှာ မိတ်ကပ်ဆရာနဲ့ ကြိုတင်တိုင်ပင်ထားရပါလိမ့်မယ်။ ဒါမှသာ ကိုယ့်အသားအရောင်၊ အဝတ်အစားနဲ့ လိုက်ဖက်အောင် ပြင်ဆင်ခြယ်သကာ မင်္ဂလာပွဲမှာ အလှဆုံးသတို့သမီးတစ်ယောက်ဖြစ်လာမှာပါ။ ဝါကျွတ်မှာ မင်္ဂလာဆောင်မယ်ဆိုတဲ့ သတို့သမီးများအတွက် အခုချိန်မှာ မိတ်ကပ်ဆရာတွေနဲ့ တိုင်ပင်ဖို့လိုနေပါပြီ။ ကိုရီးယားစတိုင်လေးနဲ့ မိတ်ကပ်ပါးပါးလေးပြင်မယ်ဆိုရင် သင့်အတွက် ခေတ်သတို့သမီးတစ်ယောက်အဖြစ် အလှဆုံးဖြစ်နေမှာပါ။

**(ရှင်မင်းနွယ်၊ မျိုးစန္ဒာမောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

**၂၂ - ၁၀ - ၂၀၁၅ (ကြာသပတေးနေ့)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (ကိုတင်လှိုင်) |
| ၆း၂၀ | "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၃) |
| ၆း၄၅ | "ထောင်မင်းသားနှင့် တွေ့ဆုံခြင်း" |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၉) |
| ၈း၄၀ | ပြည်သူ့နီတိ "ဝန်" |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ဝယ်ထားသားလည်းမဟုတ်" (နေယံ၊ မို့မို့မြင့်အောင်၊ မေသက်ခိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး) |
| ၁၀း၁၀ | ASEAN China Cultural Show |
| ၁၀း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အမုန်းရှိရာ အချစ်လာ" (ဟိန်းဝေယံ၊စိုးမြတ်သူဇာ၊ မိုးယုစံ) [ဒါရိုက်တာ-ကိုဇော် (အာရုဏ်ဦး)] |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၅ | "ဦးခိုက်ဖူးမြော် တန်ခိုးကြီး ရွှေယင်မျှော်စေတီတော်" |
| ၈း၃၅ | "နိုင်ငံအနှံ့ ဆက်သွယ်ထားသည့် မြစ်ကူး၊ ချောင်းတံတားများ" |
| ၈း၄၅ | "ကြည်လင်စိမ်းမြ ကန်ရေပြင် အလှ" |
| ၉း၃၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၉း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၈) |
| ၁း၂၀ | Channel'0'(အပိုင်း-၇) |
| ၁း၅၀ | သုခမရင်ခွင်အငြိမ့်သဘင် "သရီးကာလာအငြိမ့်" (မင်းသမီး-ဇွဲရတီ၊ လူရွှင်တော်-အောင်ပ၊ ဆန်းသစ်၊ မိုးတိမ်၊ မိုးထက်၊ ဆန်စိ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၄း၅၀ | "စိမ်းလဲ့ကြည်သာ မိတ္ထီလာ ကန်တော်မဟာပြည်သူ့အပေါင်း ပြုံးပျော်ရွှင်စရာ" |
| ၅း၅၀ | "တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း" |
| ၇း၁၅ | Channel '0' (အပိုင်း-၈) (ပထမပိုင်း) |
| ၈း၃၅ | "ဆန္ဒတူညီမဲပေးကြမည်" -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ဓမ္မသုတ် |
| ၁၀း၅၅ | Food & De'cor |
| ၁း၀၀ | "ကျေးဇူးရှင်များကို ကျေးဇူးဆပ်ပါ" တရားတော် [ဆရာတော်အရှင်ကေသဝ (ပျော်ဘွယ်)] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၀) |
| ၄း၀၅ | Cartoon Series (English Playground) |
| ၆း၀၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၁) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၂) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း- ၇၈) |

## တစ်ပတ်အတွင်း ရုပ်ရှင်ခံစား

**The Last Witch Hunter**

ဒါရိုက်တာ Breck Eisner ကရိုက်ကူးပြီး Summit Entertainment မှဖြန့်ချိထားသည့် The Last Witch Hunter ဇာတ်ကားကို ယခုတစ်ပတ် ရန်ကုန်မြို့တွင် ရုံတင်ပြသသည်။ နာမည်ကြီးသရုပ်ဆောင် Vin Diesel ခေါင်းဆောင်ပါဝင်ကာ Elijha Wood, Rose Leslie, Olafur Darri Olafsson, Julie Engelbrecht, Michael Caine စသည့် သရုပ်ဆောင်များပါဝင်ထားသော သဘာဝလွန်စွမ်းအင်နှင့် လူသားတို့အားပြိုင်သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

နှစ်ပေါင်းများစွာ အောက်လမ်းစုန်းအတတ်ပညာရှင်များကို ရှင်းလင်းသုတ်သင်နေကြသည့် စုန်းမုဆိုး ခေါ် Witch Hunter များရှိနေကြသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အဆိုပါ စုန်းမုဆိုးများထဲမှ Kaulder ဆိုသူသည် ထူးချွန်သည့်စုန်းမုဆိုးသူရဲကောင်းတစ်ဦးဖြစ်ခဲ့ပြီး စုန်းဘုရင်မနှင့် နောက်လိုက်များကို အပြီးသတ်သုတ်သင်ရှင်းလင်းခဲ့သည်။ စုန်းဘုရင်မသည် မသေဆုံးနိုင်သည့် သူမ၏စွမ်းရည်များကို ကျိန်စာပြုလုပ်ပြီး Kaulder နှင့် သူ၏မိသားစုကို နောင်ဘဝများတွင် Kaulder နှင့်ကွဲကွာစေရန်ကျိန်စာတိုက်ခဲ့သည်။ Kaulder သည် နှစ်ပေါင်းများစွာရှင်သန်ခဲ့ပြီး စုန်းပညာရှင်များကို သုတ်သင်ရှင်းလင်းနေခဲ့သည်။ ထိုအတောအတွင်း သူ၏မိသားစု လူ့ဘဝပြန်ဖြစ်သည့်ကာလတွင် ဆုံတွေ့နိုင်ရန် ကြိုးစားလိုက်ရှာနေတော့သည်။ ၎င်းအချိန်တွင် စုန်းဘုရင်မသည် ပြန်လည်အသက်ဝင်ရှင်သန်လာခဲ့ပြီး Kaulder အားလက်စားချေရန် ကြိုးစားသည့်အခါတွင် လူသားမျိုးနွယ်များကို ဒုက္ခပေးနိုင်သည့် စုန်းဘုရင်မနှင့် Kaulder တို့အကြား ကြီးမားသည့်စစ်ပွဲများဖြစ်ပွားလာရပုံကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်ပါသည်။

အဆိုပါဇာတ်ကားကို ရန်ကုန်မြို့တွင် နေပြည်တော်နှင့် မင်္ဂလာစံပြအဆင့်မြင့်ရုပ်ရှင်ရုံ၊ မန္တလေးမြို့တွင် မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် အောက်တိုဘာ ၂၃ ရက်၌ နိုင်ငံတကာနှင့် တစ်ပြိုင်တည်းပြသသွားမည်ဖြစ်သည်။

**Paranormal Activity: The Ghost Dimension**

ဒါရိုက်တာ Gregory Plotkin က ရိုက်ကူးထားပြီး Paramount Picture မှရိုက်ကူးဖြန့်ချိထားသည့် Paranormal Activity: The Ghost Dimension ဇာတ်ကားကိုရုံတင်ပြသခြင်းဖြစ်သည်။ သရုပ်ဆောင် Chris J.Murray, Brit Shaw, Ivy George စသည့် သရုပ်ဆောင်များပါဝင်ပြီး သဘာဝလွန်သည်းထိတ်ရင်ဖိုဇာတ်ကား ဖြစ်သည်။

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ် Palo Alto မြို့လေးသို့ ပြောင်းရွှေ့လာသော မိသားစုလေးယောက်တွင် Ryan ဆိုသူသည် Game ဖန်တီးရှင်တစ်ယောက်ဖြစ်ပြီး Ryan ၏ဇနီးဖြစ်သူ Emily သည် အရာရာကို အလေးအနက်ထား လူကြီးဆန်သူဖြစ်ကာ ယောဂလေ့ကျင့်ခန်းကို ပုံမှန်လေ့ကျင့်တတ်သူဖြစ်သည်။ သူတို့၏ ၆ နှစ်အရွယ်သမီးဖြစ်သူ Leila သည် ခေါင်းမာတတ်သူဖြစ်ကာ ကြောက်ရွံ့မှုမရှိသည့် ယောကျ်ားလျာမလေး တစ်ယောက်ဖြစ်သည်။ Ryan သည် ညီဖြစ်သူနှင့် လွန်ခဲ့သည့်နှစ် ၂၀ က ရိုက်ကူးခဲ့သည့်ဗီဒီယိုတိပ်ခွေကို အိမ်တွင်ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖွင့်ကြည့်သည့်အခါတွင် ယခင်အိမ်ပိုင်ရှင်အဘွားဖြစ်သူသည် မြေးဖြစ်သူ Katie ESifh Kristi နှစ်ယောက်ကို သဘာလွန်အတတ်ပညာများ သင်ကြားပေးခဲ့သည်ကို သိရှိခဲ့ရပြီး အကျိုးဆက်အဖြစ် မကောင်းသောသဘာဝလွန်ဖြစ်ရပ်များ ၎င်းတို့အိမ်တွင်ဖြစ်ပျက်နေသည်ကို သာမာန်လူသားမျက်စိဖြင့်မမြင်ရဘဲ ကင်မရာဖြင့် ရိုက်မှသာတွေ့မြင်ကြရပါသည်။ အဆိုပါသဘာဝလွန်ဖြစ်ရပ်များသည် Ryan ၏သမီးဖြစ်သူ Leila ကိုအန္တရာယ်ပေးလာနိုင်သောအခါတွင် သူ၏သမီးဖြစ်သူ အသက်မဆုံးရှုံးခင် Ryan သည် အပြင်းအထန် ကြိုးစားကာကွယ်ရပုံကို သည်းထိတ်ရင်ဖိုရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ရွှေဆောင်၊ မင်္ဂလာ (ဒဂုံစင်တာ-၂)၊ မင်္ဂလာစံပြအဆင့်မြင့် ရုပ်ရှင်ရုံ၊ မန္တလေးမြို့ မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံ၊ ပြည်မြို့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံများ၌ အောက်တိုဘာ ၂၇ ရက်တွင်စတင်ပြသမည်ဖြစ်သည်။

**(ALEZ)**



**အောက်တိုဘာ ၂၁ ရက်(ဗုဒ္ဓဟူးနေ့) ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်များ အနိုင်/အရှုံးရလဒ်များ**

| | | |
|---|---|---|
| ဘိုရီဆော့ဗ် | ၀ - ၂ | ဘာစီလိုနာ |
| လေဗာကူဆင် | ၄ - ၄ | ရိုးမား |
| အာဆင်နယ် | ၂ - ၀ | ဘိုင်ယန်မြူးနစ် |
| ဒိုင်နမိုဇာဂရက် | ၀ - ၁ | အိုလံပီယာကော့စ် |
| ပေါ်တို | ၂ - ၀ | တဲလ်အဗစ် |
| ဒိုင်နမိုကိဗ် | ၀ - ၀ | ချယ်လ်ဆီး |
| ဇင်းနစ် | ၃ - ၁ | လိုင်ယွန် |
| ဗလင်စီယာ | ၂ - ၁ | ဂျန့်စ် |

## ရီးယဲလ်မက်ဒရစ်မှာ ဥရောပ၏ ဈေးအကြီးဆုံးအသင်းဖြစ်ကြောင်း ယူအီးအက်ဖ်အေ ထုတ်ပြန်

ဥရောပဘောလုံးအာဏာပိုင်များ၏ နှစ်စဉ်ထုတ်ပြန်ချက်အရ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၄ ခုနှစ် အတွင်းက ကစားသမားများနှင့် လုပ်ခလစာအများအပြား သုံးစွဲခဲ့ခြင်းကြောင့် ဥရောပ၏ ဈေးအကြီးဆုံးအသင်းအဖြစ် အတည်ပြုကြေညာခဲ့သည်။

ချန်ပီယံလိဂ်ချန်ပီယံဆုဖလားကို (၁၀)ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၄ ဘဏ္ဍာရေးနှစ်အစီရင်ခံစာထုတ်ပြန်ချက်အရ ယူရို ၆၂၉ သန်းအထိ အကုန်အကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

ဥရောပ၏ ဒုတိယဈေးအကြီးဆုံးအသင်းဖြစ်သည့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ သုံးစွဲကုန်ကျစရိတ်သည် ယူရို ၅၂၆ သန်းဖြစ်ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်းထက် ယူရို သန်း ၁၀၀ ကျော်ပိုမိုသုံးစွဲခဲ့ပြီး တတိယဈေးအကြီးဆုံး အသင်းနေရာတွင် ချယ်လ်ဆီးအသင်းက ယူရို ၇၉၈ သန်းဖြင့် ရပ်တည်လျက်ရှိကြောင်းသိရသည်။

စတုတ္ထနေရာတွင် မန်ယူအသင်းကယူရို ၄၉၅ သန်းဖြင့် လည်းကောင်း၊ ပဉ္စမနေရာတွင် ပီအက်စ်ဂျီအသင်းက ယူရိုသန်း ၄၄၀ ဖြင့်လည်းကောင်း ရပ်တည်ခဲ့ကြသည်။

လုပ်ခလစာပေးချေရမှု အများဆုံးအသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းဖြစ်ပြီး ယူရိုသန်း ၂၇၀ ပေးချေရသည်။ ဒုတိယအများဆုံး လစာပေးချေရသည့် မန်ယူအသင်းမှာ ယူရို ၂၆၄ သန်းဖြင့် ရပ်တည်လျက်ရှိပြီး ဘာစီလိုနာအသင်းက တတိယနေရာတွင် ယူရို ၂၄၈ သန်းဖြင့် လည်းကောင်း၊ မန်စီးတီးအသင်းက စတုတ္ထနေရာတွင် ယူရို ၂၄၅ သန်းဖြင့် လည်းကောင်း ရပ်တည်လျက်ရှိပြီး ပဉ္စမနေရာတွင် ယူရို ၂၃၅ သန်းဖြင့် ပီအက်စ်ဂျီအသင်းက ရပ်တည်လျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေ အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှုဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

# ဘိုင်ယန်ကိုအနိုင်ကစားပြီး ချန်ပီယံလိဂ်အိပ်မက်ကို ဆက်လက်အသက်သွင်းနိုင်ခဲ့တဲ့အာဆင်နယ်

အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်တို့ တွေ့ဆုံယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ အာဆင်နယ်က နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားပြီး ချန်ပီယံလိဂ်အုပ်စုတက်ရေးမျှော်လင့်ချက်ကို ဆက်လက်ရှင်သန်ခွင့်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အာဆင်နယ်အနေနဲ့ ဘောလုံးပိုင်ဆိုင်မှု ၂၇ ရာခိုင်နှုန်းပဲရှိခဲ့ပေမယ့် ထိရောက်တဲ့ ဂိုးကန်သွင်းချက်တွေကြောင့် ဘိုင်ယန်နောက်တန်းအလုပ်ရှုပ်ခဲ့ရပါတယ်။နည်းပြဝင်းဂါးက ဘိုင်ယန်ကိုတိုက်စစ်ဆင်ကစားမယ်လို့ပွဲကြိုကတိပြုခဲ့တဲ့အတိုင်း တိုက်စစ်ဦးစားပေးကစားဟန်နဲ့ ကစားခဲ့ပေမယ့် ကွင်းလယ်၊ ရှေ့၊ နောက်လူအင်အားသာလွန်တဲ့ဘိုင်ယန်ကသာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ပွဲအစအဆုံးလွှမ်းမိုးကစားနိုင်ခဲ့တာတွေ့ရပါတယ်။

အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ကော့ရဲ့ သေချာပေါက်ဂိုးရနိုင်မယ့် ကန်သွင်းမှုတွေကို ဘိုင်ယန်ဂိုးသမားနျူအာ လက်စွမ်းပြကာကွယ်နိုင်ခဲ့လို့သာ အာဆင်နယ်အနေနဲ့ စောစောစီးစီးဦးဆောင်ဂိုးမရခဲ့တာဖြစ်ပါတယ်။ပွဲချိန်၇၇မိနစ်မှာတော့ ဝဲလ်ကော့နေရာမှာလူစားဝင်ကစားခဲ့တဲ့ ဂီရော့ဒ်ကကာဇိုလာတင်ပေးလိုက်တဲ့ ညာထောင့်ကန်ဘောကို ပင်နယ်တီဧရိယာအလယ်လောက်က ခေါင်းတိုက်သွင်းယူခဲ့လို့ အာဆင်နယ်တို့ အဖွင့်ဂိုးစရပါတယ်။ဦးဆောင်ဂိုးပေးလိုက်ရတဲ့နောက်ပိုင်း ဘိုင်ယန်ကတိုက်စစ်မြှင့်ကစားခဲ့လို့ အာဆင်နယ်တို့ တစ်သင်းလုံးတက်တစ်သင်းလုံးဆင်းပုံစံနဲ့ ကစားခဲ့တဲ့အတွက် ဘိုင်ယန်တို့ အခက်ကြုံခဲ့ရပါတယ်။ ဒါပေမယ့်လည်း နာကျင်အချိန်ပို ၉၅မိနစ်အရောက်မှာတော့ ဘယ်လာရင် အလိုက်သင့် မျှော်ချပေးလိုက်တဲ့ဘောလုံးကို ကွင်းလယ်ကစားသမားအိုဇေးလ်က ခြောက်ကိုက်စည်းအပြင်ဘက်က ဘယ်ခြေနဲ့ အပြင်းကန်သွင်းပြီး အာဆင်နယ်အတွက် အနိုင်သေချာစေမယ့် ဒုတိယဂိုးကို သွင်းယူနိုင်လို့ ပွဲအပြီးမှာနှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အာဆင်နယ်က ချန်ပီယံလိဂ်ပွဲစဉ်တွေမှာဆို အိမ်ကွင်းထက် အဝေးကွင်းမှာ ပိုမိုခြေစွမ်းပြကစားနိုင်တာကို မှတ်တမ်းတွေအရ သိရပါတယ်။ မနှစ်က ချန်ပီယံလိဂ် ရှုံးထွက်အဆင့်မှာ မိုနာကိုကို အိမ်ကွင်းမှာ အံ့အားသင့်ဖွယ်သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပေမယ့် အဝေးကွင်းမှာနှစ်ဂိုး-ဂိုးမရှိနဲ့ ပြန်လည်အနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့သလို ၂၀၁၃ချန်ပီယံလိဂ်မှာလည်း ဘိုင်ယန်ကိုအလားတူရလဒ်မျိုးသာကစားနိုင်ခဲ့လို့ အဝေးဂိုးစည်းမျဉ်းကြောင့် ချန်ပီယံလိဂ်ကနေထွက်ခွာခဲ့ရတဲ့ အစဉ်အလာတွေလည်းရှိပါတယ်။ ဒါကြောင့်ဘိုင်ယန်ကို အဝေးကွင်းမှာ ရင်ဆိုင်မယ့် ပွဲစဉ်မှာလည်း အာဆင်နယ်အနေနဲ့ အနိုင်ရလဒ်ကိုရှာဖွေနိုင်မယ်လို့မျှော်လင့်မိပါတယ်။

အဝေးကွင်းမှာသွားရောက်ကစားခဲ့တဲ့ အသင်းတွေထဲမှာဘာစီလိုနာနဲ့ အိုလံပီယာကော့စ်နှစ်သင်းသာ အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပြီး ကျန်တဲ့အသင်းတွေက အရှုံး(သို့မဟုတ်) သရေရလဒ်သာရရှိခဲ့ကြပါတယ်။

**ရှိုင်ယန်ဟေဒင်**

# ပရီမီယာလိဂ် ရင်ခုန်သံ – ၁၀

**ပရီမီယာလိဂ်ပွဲစဉ်(၁၀)ကို လာမယ့် အောက်တိုဘာ ၂၄၊ ၂၅ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ မန်ချက်စတာဒါဘီပွဲဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးဆုံတွေ့တဲ့ ပွဲပါဝင်နေသလို လီဗာပူးကလည်း ဆောက်သမ်တန်၊ ချယ်လ်ဆီးကလည်း ဝက်စ်ဟမ်းတို့နဲ့ ဆုံတွေ့နေလို့အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တစ်ခုဖြစ်လာမှာ သေချာနေပါတယ်။**



ရှိုင်းမင်းမင်း

**ဝက်စ်ဟမ်း- ချယ်လ်ဆီး ည ၇း၃၀ (၂၄-၁၀-၁၅)**

ချယ်လ်ဆီးက ဗီလာကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းအကောင်းဆုံးပုံစံမှာ မရှိသေးသလို ပွဲဆက်တွေများနေပြီး ဒီပွဲစဉ်အပြီးမှာလည်း ကက်ပီတယ်ဝမ်းဖလားကစားရဖို့ရှိပါတယ်။ ဒ့ါအပြင် ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေပြီး အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်လို့ ချယ်လ်ဆီး အခက်တွေ့နိုင်ပါတယ်။

**လက်စတာစီးတီး - ခရစ္စတယ်ပဲလေ့စ် ည ၇း၃၀ (၂၄-၁၀-၁၅)**

ဆောက်သမ်တန်ကို အဝေးကွင်းမှာသရေကစားသွားတဲ့ လက်စတာခြေစွမ်းပိုင်းက ဒီရာသီမှာ တောက်လျှောက်တည်ငြိမ်နေပါသေးတယ်။ အခုပွဲကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် လက်စတာတို့ အမှားခံမှာမဟုတ်ပါဘူး။ ခရစ္စတယ်ပဲလေ့စ်ကအခုနောက်ပိုင်းခြေစွမ်းကျဆင်းလာနေပါတယ်။

**အက်စတွန်ဗီလာ - ဆွမ်ဆီး ည ၇း၃၀ (၂၄-၁၀-၁၅)**

ရှုံးပွဲတွေဆက်နေတဲ့ ဗီလာခြေစွမ်းပိုင်းကအားနည်းလွန်းပါတယ်။ ခံစစ်၊ တိုက်စစ်မျှတစွာမကစားနိုင်တာကြောင့်လည်း အိမ်ကွင်းမှာဖြစ်ပေမယ့် ဆွမ်ဆီးကို ထိန်းချုပ်ကစားဖို့ခက်ခဲလာမှာပါ။ ဆွမ်ဆီးခြေစွမ်းက သာမန်သာရှိပေမယ့် ရလဒ်တွေဆိုးရွားခဲ့တာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။

**စတုတ်စီးတီး - ဝက်ဖို့ဒ် ည ၇း၃၀ (၂၄-၁၀-၁၅)**

တိုက်စစ်ပိုင်းအနည်းငယ်အားနည်းပေမယ့် စတုတ်ခြေစွမ်းက မာကျောမှုရှိပါတယ်။ အထူးသဖြင့် စတုတ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာကစားပုံ ပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေသလို တိုက်စစ်ပိုင်းက ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရဆဲပါ။ အိမ်ကွင်းမှာ စတုတ်ပဲအနိုင်ရဖို့ရှိတယ်။

**နော့ဝှစ်ချ် - ဝက်စ်ဘရွန်း ည ၇း၃၀ (၂၄-၁၀-၁၅)**

ဝက်စ်ဘရွန်းက ဆန်းဒါးလန်းကိုအနိုင်ယူပြီး နိုင်ပွဲပြန်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေသလို တိုက်စစ်ကစားပုံကလည်း သာမန်ထက်မပိုပါဘူး။ ဒါပေမယ့် နော့ဝှစ်ချ်ခြေကလည်း အကျဘက်ရောက်နေပြီး ဒီပွဲအပြီးမှာလည်း ကက်ပီတယ်ဝမ်းဖလားကစားရဖို့ ရှိပါတယ်။

**အာဆင်နယ် - အဲဗာတန် ည ၁၁း၀၀ (၂၄-၁၀-၁၅)**

အဲဗာတန်က မန်ယူကိုရှုံးခဲ့ရပေမယ့် ဒီရာသီမှာခြေစွမ်းပိုင်းတောက်လျှောက်ကောင်းမွန်လာခဲ့တဲ့ အသင်းပါ။ ပြီးတော့ဒီပွဲအပြီးမှာ နှစ်သင်းစလုံး ကက်ပီတယ်ဝမ်းဖလားပွဲတွေရှိတယ်ဆိုပေမယ့် ချန်ပီယံလိဂ်ပါ ကစားခဲ့ရမယ့် အာဆင်နယ်က ပွဲဆက်တွေပိုများနေပါတယ်။ အာဆင်နယ် သရေလောက်သာ ကစားသွားနိုင်မယ်လို့ယူဆမိပါတယ်။

**ဆန်းဒါးလန်း - နယူးကာဆယ် ည ၆း၃၀(၂၅-၁၀-၁၅)**

မန်နေဂျာ အပြောင်းအလဲပြုလုပ်ထားပေမယ့် ဆန်းဒါးလန်းဟာ ဆမ်အလာဒိုက်စ်လက်ထက်မှာလည်း ကစားပုံ ကောင်းမွန်လာခြင်းမရှိသေးပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အမှားများလွန်းနေဆဲပါ။ ဒါပေမယ့် နယူးကာဆယ်ကလည်း ခြေပျက်ယွင်းနေတဲ့အသင်းဖြစ်လို့ ဆန်းဒါးလန်းအခွင့်အရေးရနိုင်ပါတယ်။

**မန်ယူ - မန်စီးတီး ည ၇း၃၅ (၂၅-၁၀-၁၅)**

မန်ယူက အဲဗာတန်ကို အနိုင်ရပြီး နိုင်ပွဲပြန်ရခဲ့ပြီဆိုသလို ကစားပုံကလည်းကောင်းမွန်နေပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း ခြေစွမ်းပိုင်တည်ငြိမ်ကောင်းမွန်နေကာ တိုက်စစ်နဲ့ကွင်းလယ်ကစားပုံကောင်းမွန်နေပါတယ်။ ဒါကြောင့်မန်ယူကွင်းဖြစ်ပေမယ့် မန်ယူတို့အခက်တွေ့နိုင်ပြီး သရေလောက်သာ ကစားနိုင်ဖို့ရှိမယ်။

**ဘုန်းမောက် - စပါး ည ၇း၃၅ (၂၅-၁၀-၁၅)**

လီဗာပူးနဲ့ပွဲမှာ အနိုင်မရခဲ့ပေမယ့် စပါးကစားပုံကောင်းမွန်ခဲ့သလို အခုနောက်ပိုင်းမှာ စပါးရဲ့အသင်းလိုက် ဟန်ချက်ကလည်း တည်ငြိမ်နေပါတယ်။ ဒ့ါအပြင် ဒီပွဲအပြီးမှာလည်း ကက်ပီတယ်ဝမ်းဖလားပွဲမရှိလို့ စပါးတို့ ခြေကုန်ထုတ်ကစားနိုင်မှာပါ။ ဘုန်းမောက်ကခြေစွမ်းအားနည်းမှုတွေများလို့ ဒီပွဲမှာ စပါးနိုင်ပွဲပြန်ရမှာပါ။

**လီဗာပူး - ဆောက်သမ်တန် ည ၁၀း၄၅(၂၅-၁၀-၁၅)**

ဂျာဂင်ကလော့လက်ထက်မှာ လီဗာပူးဟာအသင်းလိုက်စွမ်းဆောင်ရည် မတည်ငြိမ်သေးပါဘူး။ ဒ့ါအပြင် ဒဏ်ရာရကစားသမားတွေလည်းများနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဒီပွဲဟာလီဗာပူးရဲ့ အိမ်ကွင်းဖြစ်နေပြီး ဆောက်သမ်တန်ရဲ့အဝေးကွင်းတိုက်စစ်အားက သာမန်သာရှိတဲ့အချက်ပဲဖြစ်ပါတယ်။

# ကမာရွတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော် ခိုးယူခံရသည့် အမှုအခင်းအား စုံစမ်းဖော်ထုတ်အရေးယူ

**ရန်ကုန် အောက်တိုဘာ ၂၁**

မရမ်းကုန်းမြို့နယ်နေ ကုမ္ပဏီ ဒါရိုက်တာဖြစ်သူ ဦးရဲမင်းသည် စက်တင်ဘာ ၁၉ရက်က ၎င်း၏ ကုမ္ပဏီပိုင် ငွေကျပ်သိန်း ၅၀၀၀ကျော်အား ၎င်းပိုင်ဆိုင်သည့် ကမာရွတ်မြို့နယ်(၉)ရပ်ကွက်ရှိ ကုမ္ပဏီဖွင့်လှစ်ထားရာနေအိမ်၌ အိမ်ခြံတာဝန်ခံ ဖြစ်သူထံသို့ သိမ်းဆည်းထားရန် အပ်နှံထားခဲ့ရာ တာဝန်ခံဖြစ်သူက အပေါ်ထပ်အခန်းအတွင်း သော့ခတ်သိမ်းဆည်းထားခဲ့ကြောင်း၊ စက်တင်ဘာ ၂၀ ရက် နံနက် ၆ နာရီခန့်တွင် တာဝန်ခံဖြစ်သူမှ သိမ်းဆည်းထားသည့် ငွေများအနက် ငွေကျပ်သိန်း ၁၁၀၀မှာ ပျောက်ဆုံးနေကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခိုးယူသွားသူကို စုံစမ်းအရေးယူပေးပါရန် ကမာရွတ်မြို့မရဲစခန်းသို့ အမှုဖွင့်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်စစ်ဆေးတွေ့ရှိချက်၊ သတင်းစုံစမ်းရရှိချက်နှင့် သက်သေခံအထောက်အထားများအရ အဆိုပါကုမ္ပဏီမှ ရုံးအကူ ဝန်ထမ်းလုပ်ကိုင်ပြီး ခွင့်ယူထားသူ လှိုင်သာယာမြို့နယ်နေ ထူးစေး(ခ) စောဟေထူးစေး (၂၁) နှစ်နှင့် ၎င်း၏ ညီဝမ်းကွဲတော်စပ်သူ ဇရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ အာစီဖိုး(ခ) စောအယ်စေး(ခ) စိန်သန်းလင်း (၂၁)နှစ်တို့နှစ်ဦးတို့ကိုမသင်္ကာဖွယ်တွေ့ရှိခဲ့သည်။

ယင်းသို့မသင်္ကာသူ နှစ်ဦးအား စိစစ်အတည်ပြုချက်အရ အခင်းဖြစ်ပွားပြီးနောက် ထူးစေး(ခ) စောဟေထူးစေးမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ဆိုင်ကယ်တစ်စီးနှင့်အခြားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူထားကြောင်း၊ အာစီဖိုး(ခ) စောအယ်စေး(ခ) စိန်သန်းလင်းမှာ လှိုင်သာယာမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တို့တွင် ခြံကွက်များနှင့် အသုံးအဆောင်ပစ္စည်းများဝယ်ယူထားကြောင်းတို့ကို သိခဲ့ရသည်။

၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေခဲ့ရာ အောက်တိုဘာ ၁၄ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၈) ရပ်ကွက်အတွင်းမှ အာစီဖိုး(ခ) စောအယ်စေး(ခ)စိန်သန်းလင်းအား လည်းကောင်း၊ ပုသိမ်မြို့ တောတန်းကုန်းကျေးရွာ လယ်ကွင်းအတွင်းမှ ထူးစေး(ခ)စောဟေထူးစေးအား လည်းကောင်း သက်ဆိုင်ရာ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်များအရ ထူးစေး(ခ)စောဟေထူးစေးမှာ အဆိုပါကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေရာမှ အဝေးသင်စာမေးပွဲဖြေဆိုရန်အတွက် ခွင့်ယူထားသူဖြစ်ကြောင်း၊ ညီအစ်ကိုဝမ်းကွဲတော်သူ အာစီဖိုး(ခ)စောအယ်စေး (ခ) စိန်သန်းလင်းနှင့် တွေ့ဆုံပြီး အခင်းဖြစ်နေအိမ်တွင် ငွေများထားရှိသည်ကို သိရှိ၍ ခိုးယူရန်တိုင်ပင်ခဲ့ကြပြီး စက်တင်ဘာ ၂၀ ရက် နံနက် ၂ နာရီခွဲတွင် နေအိမ်အတွင်း ဝင်ရောက်ကာ အဲကွန်းတပ်ဆင်ထားသည့် ပျဉ်ချပ်အား ခွာ၍ ထူးစေး(ခ) စောဟေထူးစေးက အခန်းအတွင်းသို့ဝင်ရောက်ပြီး အာစီဖိုး(ခ) စောအယ်စေး(ခ)စိန်သန်းလင်းက အပြင်မှစောင့်ကြည့်ပေးကာ ငွေများအား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း၊ ခိုးယူရရှိသည့် ငွေများအား ခွဲဝေရယူ၍ ခြံကွက်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရွှေထည်ပစ္စည်းများ ဝယ်ယူထားခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

သို့ပါ၍ ၎င်းတို့နှစ်ဦးထံမှ ခိုးယူရရှိသည့်ငွေနှင့် ဝယ်ယူထားသော သက်သေခံပစ္စည်းများနှင့် ငွေများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



မောင်တူး (ခ) ခင်အောင်မိုးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

လယ်ဝေးမြို့နယ် သာဝတ္တိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်က နေပြည်တော်မှ ရေနီဘက်သို့ မောင်တူး(ခ)ခင်အောင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၅၀ သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁၈ ရက်က တန့်ယန်းဘက်မှ လားရှိုးသို့ အိုက်ကြိုင်း မောင်းနှင်ပြီး လုံးကော်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ (သုည ဒသမ ၀၁၁) ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က အေးသာယာမြို့ ရပ်ကွက်(၅) နယ်မြေ(၄) အကွက်ကြီး(၅၀) နေ မအေးနွယ်စိုး(ခ)အေးအေးစိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ ပြားနှင့် ငွေကျပ် ၂၇၀၀၀ တို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်က ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စု ခါးပြတ်ကျေးရွာနေ ကိုကိုလတ်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မလွင်မာလာ(ခ)မြတ်နိုးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြား၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၂၁ ဒသမ ၀၉ သိန်း တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပေ ၃၀၀ ခန့်နက်သည့် ချောက်ထဲသို့ ယာဉ်တစ်စီးထိုးကျ ခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ခေါင်လန်ဖူး အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ရှိန်းခေါင်ကျေးရွာသို့ မရောက်မီ တောင်အတက်၌ ယာဉ်တစ်စီး ပေ ၃၀၀ ခန့် နက်သည့် ချောက်ထဲသို့ လိမ့်ကျကာ လိုက်ပါသူ ၁၀ ဦးအနက် သုံးဦးဒဏ်ရာရရှိပြီး ခုနစ်ဦးသေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က တောင်အတက်၌ ယာဉ်တစ်စီး ပေ ၃၀၀ ခန့် နက်သည့်ချောက်ထဲသို့ လိမ့်ကျမှုကြောင့် ရှိန်းခေါင်ကျေးရွာနေ ယာဉ်မောင်း ရဲလီဆီ (၄၂)နှစ်၊ ၎င်း၏ဇနီး ဒေါ်နားချယ်ဟဲ့(၃၆)နှစ်၊ မြစ်ကြီးနား မြို့ တပ်ကုန်းရပ်ကွက်နေ ဦးဇန်ယော့ ဖုန် (၅၀)နှစ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နေ ဦးဇန်ယော့ ဂျော်ရမ် (၂၆)နှစ်၊ ရှိန်းခေါင်ကျေးရွာနေ ဦးဆရဲရမ်အောင်(၂၅)နှစ်၊ ပူတာအိုမြို့နယ် ဝါးဆားကျေးရွာနေ ဦးအားတီ (၃၈)နှစ်၊ ရှိန်းခေါင်ကျေးရွာနေ ယာဉ်မောင်း၏ တူဖြစ်သည့် နှစ်နှစ်ခန့်အရွယ် ကလေးငယ်တို့မှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။

ယင်းအပြင် ဇန်ယော့ကျေးရွာနေ ဒေါ်ဇင်ဆိန်း(၃၃)နှစ်၊ ဇန်ယော့ကျေးရွာနေ မနင်ဆာရမ်း (၁)နှစ် (၄)လ၊ ဇန်ယော့ကျေးရွာနေ ဦးဇန်ယော့ဆင်ဆိန်း(၃၃)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိ၍ ရှိန်းခေါင် ကျေးရွာ ဌာနေပြည်သူ့စစ်ဆေးခန်း၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အကောက်ခွန်ဦးစီးဌာန**
**ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ**

၁။ အကောက်ခွန်ဦးစီးဌာနနှင့် Mobile Team(2)တို့မှ တားဆီးထားရှိပြီး လေလံအဆင့်ရောက် ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူရန် အသိပေးကြော်ငြာအပ်ပါသည်။-
(က) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် မော်တော်ယာဉ်သုံးအပိုပစ္စည်းများ။
(ခ) နေ့ရက်/အချိန် - ၂၉-၁၀-၂၀၁၅ ရက် နံနက် (၁၀း၀၀) နာရီ
(ဂ) နေရာ - အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင်မြန်မာ့သစ်လုပ်ငန်းပင်မ ပစ္စည်းဌာနဝင်း) အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ
(ဃ) လေလံပုံစံရောင်းချခြင်း- လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် (၂၃-၁၀-၂၀၁၅) (၂၆-၁၀-၂၀၁၅) နှင့် (၂၇-၁၀-၂၀၁၅) ရက်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံအတွဲစာရင်းနှင့် လေလံစည်းကမ်းချက်ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မ ပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ (ဖုန်းနံပါတ်-၀၁-၂၂၆၂၈၈) သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ/ ငွေဆောင်**
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇၊ မြေကွက်အမှတ်-၉၉+၁၀၀၊ မြေကွက်တည်နေရာအမှတ်-၉၉+၁၀၀၊ သဇင်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ(ဒေါ်သန်းနွဲ့) [၁၂/ကတတ(နိုင်)၀၀၂၇၂၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (BVI 097/2002)ရရှိသူ ဦးလုန်ခဲ [၄/ထတလ(နိုင်)၀၀၁၆၁၃]မှ ၂၀၀၅ခုနှစ်က ဒေါ်သန်းနွဲ့လျှောက်ထားခဲ့သော အရောင်းမြေပုံ ပျောက်ဆုံးသွားကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းမြေပုံကူး ထပ်မံလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မီးသတိပြု

**အမည်ပြောင်း**

အဖ ဦးဝင်းတင် [၁၂/ဥကမ(နိုင်)၀၆၄၁၁၄]၏ သမီး မဆောင်းအိန္ဒြေဦးအား မထက်ဧကရီဟု ပြောင်းလဲခေါ်ပါ ရန်။ **မထက်ဧကရီ**




**ခြံနှင့် အဆောက်အအုံ ညှိနှိုင်းဈေးဖြင့်ရောင်းမည်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာ၊ စိုက်ပျိုးမွေးမြူရေးဇုန် ၂ ယူနစ်၊ ၁၀ ဧက၊ စိန်တလုံးသရက်ပင် ၁၀၀၀ ကျော်ပါရှိပြီး အသီးစားနိုင်ပါပြီ။ ထောင့်ကွက်၊ လမ်းမကြီးမေးတင်၊ လယ်သမားရှင်းလင်းပြီး၊ တစ်ဧက (၇၅၀) သိန်း။
၂။ လှိုင်သာယာစက်မှုဇုန်မှအထွက် တွံတေးဘက်သို့ ပန်းလှိုင်မြစ်ကူးတံတားကျော်ပြီး တစ်မိနစ်အတွင်း ရန်ကုန်-တွံတေးလမ်းမကြီးဘေး Toll Gate အနီး၊ လမ်းမမေးတင် ၄ ဧက၊ မျက်နှာစာကျယ်သည်။ တစ်ဧက (၂၅၀၀ သိန်း)
၃။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာဈေးအနီး ကြွခိုင်ရေးလမ်း၊ ပေ(၄၀ × ၆၀) ၂ ကွက်တွဲ၊ ထောင့်ကွက်၊ လက်ရှိတည်းခိုခန်းအဆောက်အအုံ ၂ ခုပါ၊ စီးပွားရေးလုပ်ရန် အကွက်အကွင်းကောင်းသောနေရာ၊ သိန်း (၅၀၀၀)။
၄။ ချောင်းသာကမ်းခြေကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ကမ်းခြေ ၂ ဒသမ ၅၈ ဧက၊ ဘန်ဂလို ၁ လုံးပါ။ သိန်း (၄၅၀၀)။

တစ်ဦးတည်းပိုင်၊ အရှုပ်အရှင်းကင်းသော ပိုင်ဆိုင်မှုများဖြစ်ပါသည်။
**အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။**
**ဆက်သွယ်ရန်ဖုန်း- ၀၉ ၅၁၃၁၂၉၄၊ ၀၉ ၅၀၃၃၇၀၄၊ ၀၉ ၅၀၁၄၇၂၇။**

**စိန်ငါးလုံး အာရုံကြောဆေး**
အမှတ်တံဆိပ်

ဦးခေါင်း မျက်စိမကြည်ခြင်း၊ သတိမှတ်ဉာဏ်အားနည်းခြင်း၊ မူးဝေအော့အန်ခြင်း၊ ထိုင်းမှိုင်းလေးလံခြင်း၊ အကြောများဖုထုံးခြင်း၊ ခြေ လက်များကောက်ကွေးခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ သွေးကြောပိတ်ခြင်း၊ လေငန်းဖမ်း၊ လေဖြတ်ခြင်းတို့အတွက် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး အာရုံကြောဆေးကို သောက်ပါ
ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇၊ ၀၉ ၇၉၃၆ဂဂ၇၃၄

ဆရာ/မ ၊ အရာရှိဖြစ် သူများ ရေးဖြေ လျှင် အတင်းစာ ဆုံမည်မဟုတ်
ဒါရိုက်တာ
SH မြင့်သူထက် YU
PPTT, PGDMA
ပါမောက္ခ(ငြိမ်း) ဝါရင့်ဆရာ ဗိုလ်းများသင်သည်
B.Ed ဝင်ခွင့်
UFL
တိုက် (၃၅) ၃ လွှာ၊ ပေ (မြ၀)လမ်း၊ လှည်းတန်းဈေးမနောက်၊ ရန်ကုန်မြို့

**အမြန်ပြန်လာပါ**

မမာလာမြင့် (၁၂/သကတ(နိုင်)၀၈၃၄၂၃)သမီးဖြစ်သူစိတ်ပူနေသည်။ အမြန်ပြန်လာပါ။ လက်ခံထားသူများအား တရားဥပဒေအရအရေးယူမည်ဖြစ်ပါသည်။
ဦးကျော်ဝင်း
(၁၂/သကတ(နိုင်)၁၄၁၉၅၄)
ဖုန်း – ၀၉၄၃၀၆၅၀၀၇

# ကျွန်းလှမြို့နယ်တွင် မြေသားတာပေါင်တင်ခြင်းဆောင်ရွက်




**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကုက္ကိုကုန်း-တောင်ယာဆိပ် ကျေးရွာချင်းဆက်လမ်းအား မြေသားတာပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းကျေးရွာချင်းဆက်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၁၅၁ ဒသမ ၅၄၀ သန်းဖြင့် ကျောက်ချောလမ်းသုံးမိုင်ကိုလည်းကောင်း၊ ငွေကျပ် ၄၀ ဒသမ ၀၂၀ သန်းဖြင့် မြေသားလမ်းသုံးမိုင်တို့ကို Three Princess ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ယင်းလမ်းလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်နေသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပညာပေးခြင်းနှင့် မီးသတ်ဝတ်စုံများ ပေးအပ်ပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၂၁**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးသူများ စိတ်အေးချမ်းစွာမဲပေးနိုင်ရန်နှင့် မဲရုံလုံခြုံရေးတွင် ပါဝင်ကူညီဆောင်ရွက်ရမည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပညာပေးဟောပြောခြင်းနှင့် မီးသတ်ဝတ်စုံပေးအပ်ခြင်းကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားအစီအစဉ်အရ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားခဲ့ရာတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး မကြာခင်ရောက်ရှိလာတော့မှာဖြစ်ပြီး ဒေသတွင်းသာမက ကမ္ဘာကပါစောင့်ကြည့်နေကြောင်း၊ တာဝန်ကျအရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စည်းကမ်းရှိရှိ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

ယင်းနောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက မီးသတ်ဝတ်စုံ ၁၈၅၇ ကိုပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ၎င်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်း၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပခုက္ကူ(ခရိုင်ပြန်/ဆက်)**

## ဘားအံမြို့နယ်တွင် ရွေးကောက်ပွဲအသိပညာပေး မဲပေးခြင်း သရုပ်ပြ

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကျန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပူးပေါင်းဆောင်ရွက်သော ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေးကော်မတီအဖွဲ့ဝင် ကရင်ပွင့်လင်းအုပ်စု (KOG) အဖွဲ့မှ ပညာရှင်ငါးဦးတို့က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းတို့ကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲအသိပညာပေးခြင်းကဏ္ဍတွင် ဦးအောင်မိုးက မဲပေးရခြင်းနှင့်ပတ်သက်၍ ကြိုတင်မဲပေးခြင်းနှင့် မဲပေးခွင့်မရှိသူနှင့် ရှိသူများအကြောင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ဦးငြိမ်းသူက မဲရုံတွင်းဖွဲ့စည်းပုံနှင့် မဲရုံများတွင် မဲထည့်သူများ သိသင့်သိထိုက်သော ရွေးကောက်ပွဲဆိုင်ရာ မဲပေးခြင်းအချက်အလက်များကိုလည်းကောင်း၊ ဦးဝင်းမြင့်နှင့် မအေးသန္တာထွန်းတို့က ခိုင်လုံမဲ၊ ပယ်မဲအကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး မဲရုံတွင် မဲပေးခြင်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်စေခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ်သတင်းစာဆရာအသင်း (MJA) အဖွဲ့က မြစ်မခမီဒီယာမှ အခမဲ့ ဖြန့်ဝေပေးသည့် ကရင်ပြည်နယ်တွင်း ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ Our Choice ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာစောင်အား ဖြန့်ဝေပေးခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းကို ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပူးပေါင်း၍ ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်အနောက်ဘက်ခြမ်းရှိ ကျေးရွာများဖြစ်သော မြိုင်ကလေးကျေးရွာအုပ်စု၌ အောက်တိုဘာ ၁၁ ရက်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် အထက်ကော့ရင်းကျေးရွာ၌လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပြီး အောက်တိုဘာ ၂၀ ရက်တွင် ဘားကပ်စံပြကျေးရွာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## နယ်မြေခံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာများကို တောင်သူများသို့ပြန်လည်ပေးအပ်

**မကွေး အောက်တိုဘာ ၂၁**

မကွေးမြို့နယ် နယ်မြေခံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာများကို တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းသန်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးအောင်မျိုးဇော်က စွန့်လွှတ်မြေများနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်၏ ခွင့်ပြုချက်အရ စွန့်လွှတ်ပေးရမည့် မြေနေရာများအား အမှန်တကယ်ပိုင်ဆိုင်သည့် တောင်သူများနှင့် ဦးပိုင်ပေါက်အမည်စာရင်းများ သက်ဆိုင်ရာမြို့နယ်မြေစာရင်းဌာနတို့ဖြင့် ကွင်းဆင်းစစ်ဆေးအတည်ပြုပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ နယ်မြေခံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေဧရိယာ ၃၅ ဒသမ ၃၅ ဧကအနက်မှ စိုက်ပျိုးမြေ ၃၅ ဒသမ ၀၃ ဧကအား မူလလုပ်ကိုင်သူ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

အလင်းရောင်
www.alinyaungtravels.com Oct23/27
ကျိုက်ထီးရိုး/ချောင်းသာ
28000 Guest Package 30000
• တောင်ကြီး၊အင်းလေး (အထူး) 50000
• ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (Guest / Hotel)
• ကျောက်ဆည်၊ မန္တလေး ကျောက်စိမ်းဘုရား 35000
• 35000
09421061860,421099405,421129597

ကား မျိုးစုံ
(Alphard/Crown/MarkII/အနန်တတုံ/Hiace ၉/၁၃ယောက်စီး၊၂၄/၂၆/၃၃/၄၅/၄၉ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

ဖခင် အမည်မှန်
ဒေါပုံမြို့နယ်၊ အထက(၁)ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်မျိုးကို ဦး၏ဖခင်အမည်မှန်မှာ ဦးစိုးမင်းအောင်[၈/ခမန(နိုင်)၁၉၃၃၄၂]ဖြစ်ပါကြောင်း။
ဦးစိုးမင်းအောင်

အမည်ပြောင်း
စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ အမက(၁၅)စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းထက်အား ယနေ့မှစ၍ မောင်မင်းမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မင်းမြတ်အောင်

Asia Top 0943164118,09421099574,098635520
အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် အင်းလေးကန်ဘုရားစုံဖူး တောင်ကြီး၊ ပင်းတယ၊ ကုလုံ၊ ကလော၊ ထမ်းဝမ်း၊ မွေတော်ကက္ကူ Guest Package 65000
ပုဂံ(ဒွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Hotel Package 60000
ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ Guest Package 100000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000 Oct 16,23,27,30
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

ချောင်းသာသွားမယ်ဆိုရင် နန်းထိုက်သူ ( ဧည့်ရိပ်သာ )
တစ်ဦးလျှင် (၁) ရက် တည်းခိုခ - ၃၀၀၀ ကျပ်
အဝန်းငြော်ရန်၂ - ညအိပ်၃ - ရက် ကား / ငြိမ်း၃၀၀၀၀ (ကား + တည်း + စား)




## စက်သုံးဆီဆိုင်အတွက်ဝန်ထမ်းအလိုရှိသည်

(ရန်ကုန်မြို့တွင်ခန့်အပ်ထားရန်)

၁။ စီမံမန်နေဂျာ အမျိုးသား(၁)ဦး
- စက်သုံးဆီဆိုင်နှင့် ပတ်သက်သော စီမံခန့်ခွဲမှုလုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- ဘွဲ့ရ၊ ကွန်ပျူတာ၊ စာရင်းအင်းပိုင်နိုင်ရမည်။

၂။ ငွေစာရင်းကိုင် အမျိုးသား(၁)ဦး
- စက်သုံးဆီဆိုင်နှင့် ပတ်သက်သောစာရင်းအတွေ့အကြုံရှိသူ၊ ဘွဲ့ရဖြစ်ရမည်။
- ကွန်ပျူတာ အသုံးပြုတတ်ရမည်။

၃။ ဆီပန့်ကိုင် အမျိုးသား(၅)ဦး
- စကားအပြောအဆို ယဉ်ကျေးသိမ်မွေ့သူဖြစ်ရမည်။ သွက်လက်ချက်ချာရမည်။
- ကျောင်းဆက်မတက်သူ(သို့)ဘွဲ့ရဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

၄။ လုံခြုံရေး အမျိုးသား(၂)ဦး
- စက်သုံးဆီဆိုင်တွင် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၅။ သန့်ရှင်းရေး အမျိုးသား(၂)ဦး
- သန့်ရှင်းရေးကို စိတ်ပါဝင်စားပြီး သွက်လက်ချက်ချာသူကို ဦးစားပေးမည်။

၆။ အထွေထွေလုပ်သား အမျိုးသား၊ အမျိုးသမီး(၁၀)ဦး
- ကျောင်းဆက်မတက်သူဖြစ်ရမည်။

အထက်ပါရာထူးများ လျှောက်ထားလိုသူများသည် ဆေးလိပ်၊ ကွမ်း၊ အရက်ကင်းသူဖြစ်ရ မည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း၊ ညှိနှိုင်းလစာ၊ အထက်ပါရာထူးများ လျှောက်ထားလိုသူများသည် CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**No.35(J), Thiri Yeik Ther Street, 7 Miles, Mayangone Township, Yangon.**
**Ph:01-655940, 652019**

# မုံရွာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ဝရန်တာအိကျ၊ ထိခိုက်မှုမရှိ

**မုံရွာ အောက်တိုဘာ ၂၁**

မုံရွာမြို့ အောင်မင်္ဂလာရပ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ၏ အမှတ်(၇) ကျောင်းဆောင်ရှေ့တောင်ဘက်ထောင့် ဝရန်တာ ၃ ပေခွဲခန့် အချပ်လိုက်နိမ့်ကျမှု အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၁၇ ရက်မှစတင်၍ နှစ်ဝက်လပတ်စာမေးပွဲ (သီတင်းကျွတ်ကျောင်းပိတ်ရက်စာမေးပွဲ) ကျင်းပစဉ် အင်္ဂလိပ်စာဖြေဆိုမည့် ဒုတိယရက်ဖြစ်သော အောက်တိုဘာ ၁၉ ရက် ဖြေဆိုရန် အခန်းတွင်မဝင်မီ ကျောင်းသား၊ ကျောင်းသူခုနစ်ဦးခန့် အခန်းရှေ့ရပ်၍ စောင့်ဆိုင်းစဉ် ဝရန်တာအိကျခြင်းဖြစ်ကြောင်း ယင်းကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဦးမြသွေးက ပြောသည်။

"ကျောင်းဆောင်ဝရန်တာက ပြိုကျတာမဟုတ်ပါဘူး။ ပေ ၁၃၀ အရှည်၊ အနံပေ ၃၀ နဲ့ အမြင့် ၂၄ ပေရှိတဲ့ အုတ်နံကပ် နှစ်ထပ်ကျောင်းဆောင် အမှတ်(၇) ရဲ့ အရှေ့တောင်ထောင့် ပေ ၂၀ လောက်ရှည်တဲ့ သစ်သားဝရန်တာပြား အောက်ကို ၃ ပေခွဲလောက် အိကျတာဖြစ်ပါတယ်။

"စာမေးပွဲမစခင် ဖြေမယ့်အခန်းရှေ့ ကျောင်းသား၊ ကျောင်းသူခုနစ်ဦးလောက် ရပ်စောင့်နေတုန်း အိကျတာပါ။ ထိခိုက်မှုတစ်စုံတစ်ရာဖြစ်တာ လုံးဝမရှိပါဘူး။ စာမေးပွဲလာဖြေတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို မိဘတွေ၊ ဆွေမျိုးသားချင်းတွေက စိတ်ပူပြီး ပြန်လာခေါ်ကြတဲ့အတွက် စာမေးပွဲကို တစ်ရက်နောက်ဆုတ်လုပ်လိုက်ပြီး နောက်နေ့ဖြေမယ့်စာမေးပွဲကို သူငယ်တန်းကျောင်းဆောင်ဘက်ရွှေ့ပြီး ဆက်လုပ်မှာပါ" ဟု ကျောင်းအုပ်ကြီးဦးမြသွေးက ပြောပြသည်။

ယခုဝရန်တာပြိုအိကျသော အမှတ်(၇) ကျောင်းဆောင်သည် ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်ခုနစ်ဆောင်အနက် နောက်ဆုံးတည်ဆောက်ခဲ့သော ကိုယ်အားကိုယ်ကိုးကျောင်းဆောင်ဖြစ်ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်မှစတင်တည်ဆောက်ခဲ့ရာ ရန်ပုံငွေစောင့်ဆိုင်းရင်း တည်ဆောက်ခဲ့ရာမှ ကားမဲဖွင့်၍ ရရှိလာသောရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ပြီးစီးခဲ့သော နောက်ဆုံးတည်ဆောက်သည့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့်စာသင်ကြားနေသော ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ဝရန်တာအိကျသောကျောင်းဆောင်၏ ပင်မနှစ်ထပ်ဆောင်နှင့် သစ်သားဝရန်တာကို ချိတ်ဆက်ရာတွင် နံရံကပ်ခါးပန်းတွင် ခြောက်မူးလုံးသံချောင်းပေါ်တွင် တင်ထားရာမိုးအပက်ခံရဆုံး အရှေ့တောင်ထောင့်တွင် သစ်သားဆွေးခြင်း၊ သံချောင်းသံချေးတက်ခြင်းများဖြစ်ကာ အလေးချိန်ကြာရှည်ထမ်းပိုးထားနိုင်စွမ်းနည်းကာ သံချောင်းကွေးကျခြင်းဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးမှ ကျွမ်းကျင်ပညာရှင်တစ်ဦးက သုံးသပ်ပြောသည်။

လွန်ခဲ့သော ၃ နှစ်ခန့် ၂၀၁၂ ခုနှစ် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂နာရီမိနစ် ၂၀ က မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပင်မဆောင်အနောက်တောင်ထောင့် ဝရန်တာ ပြိုကျမှုဖြစ်ပွားခဲ့ရာ ထိုစဉ်က ဆရာတစ်ဦး၊ ဆရာမတစ်ဦး ကျောင်းသူ ၃၀ ထိခိုက်ဒဏ်ရာအသီးသီးရရှိခဲ့၍ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဖြစ်ထွန်းအောင်မြင်နေသောချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းဆင်းသရုပ်ပြ

**ပခုက္ကူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဝါစိုက်ပျိုးချိန်နှင့် ရှင်သန်ကြီးထွားချိန်များတွင် မိုးရွာသွန်းမှုကောင်းမွန်သဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးတောင်သူများ ရေပေးသွင်းရန် စရိတ်သက်သာပြီး အောင်မြင်ဖြစ်ထွန်းနေမှုများကိုတွေ့ရှိရကာ စိုက်ပျိုးသည့်ဝါမျိုးများမှာ ငွေချည်(၆)၊ ငွေချည်(၉) နှင့် ရွှေတောင် (၈) ချည်မျှင်ရှည်ဝါမျိုးများဖြစ်ကြောင်း သိရသည်။

ယင်းဝါမျိုးများမှာ ယခင်ကစိုက်ပျိုးသော ဒေသမျိုး(ဝါကြီး) များနှင့်ယှဉ်စိုက်လျှင် အထွက်နှုန်းပိုကောင်းမွန်ခြင်း၊ ရောဂါပိုးဒဏ်ပိုမိုခံနိုင်ရည်ရှိခြင်းတို့ကြောင့် ဝါစိုက်တောင်သူများ ပိုမိုဝင်ငွေရရှိကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလျက်ရှိပြီး စိုက်ဧက ၆၄၆၁ ဧက အထိရှိကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါမျိုးများဖြစ်သော ငွေချည် (၆) ဝါမျိုးများကို မြန်မာပြည်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင်ဖြန့်ဖြူးစိုက်ပျိုးခဲ့ပြီး ယခုအခါ အထွက်နှုန်းပိုကောင်းမွန်သည့် ငွေချည်(၉)၊ ရွှေတောင် (၈) ဝါမျိုးများကို စိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းတစ်ဧကပိဿာ ၁၀၀၀ မှ ၁၂၀၀ ခန့်အထိ ထွက်ရှိခဲ့သည်။ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ခြင်း၊ ရွက်စားပိုးတို့၏ဒဏ်ကို ခံနိုင်ခြင်းတို့ရှိပြီး သက်တမ်းတို ကုန်ကျစရိတ်သက်သာ၊ အထွက်နှုန်းကောင်းမွန်ပြီး မြန်မာပြည်ရှိ ရေ၊ မြေ၊ ရာသီဥတုတို့နှင့် ကိုက်ညီသောကြောင့် စိုက်ပျိုးရန် အထူးသင့်လျော်ပြီး တောင်သူများ ဝင်ငွေတိုး တွက်ခြေကိုက်နိုင်ကြောင်း မကွေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကပြောသည်။



တိုင်းဦးစီးမှူး ဒေါ်ခင်မာနု၊ ဒုတိုင်းဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်တို့က ပခုက္ကူမြို့နယ် ဇောင်ဂျမ်းကုန်းကျေးရွာ ကွင်းအမှတ်(၄၆၇) ဦးပိုင်အမှတ်(၁၈) တောင်သူ ဦးသိန်းဆွေစိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်(၈) စံပြကွက်ငါးဧက စိုက်ခင်းအတွင်း၌ ဝါစိုက်တောင်သူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား လက်တွေ့ကွင်းဆင်း သရုပ်ပြခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ခင်ဦးမြို့နယ် လက်ပံလှကျေးရွာ၌ ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) ပေးအပ်ပွဲကျင်းပ

**ခင်ဦး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လက်ပံလှကျေးရွာ၌ ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ဒုတိယပတ်က ရွာလည်ဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားပြီး ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၂၅ စုကို တာဝန်ရှိသူများက မြေငှားဂရန်များ ပေးအပ်ခဲ့သည်။ ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ဦးကျော်သောင်းက ကျေးရွာနေပြည်သူများမှာ မိမိတို့ကျေးရွာတွင် နေထိုင်လာသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိခဲ့ကြောင်း ယခုလို နိုင်ငံတော်အစီအစဉ်ဖြင့် ကျွန်တော်တို့ကျေးရွာကို မြေငှားဂရန်ထုတ်ပေးတဲ့အတွက် မြေငှားဂရန်ပြုလုပ်ပေးသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

လက်ပံလှကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးရန် အိမ်ထောင်စုပေါင်း ၃၁၅ စုရှိရာ အိမ်ထောင်စု ၂၂၅ စုကို မြေငှားဂရန်ထုတ်ပေးခဲ့ပြီး အိမ်ထောင်စု ၉၀ ကို လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ ကျေးရွာမြေအဖြစ် အခြားနည်းအသုံးပြုခွင့်လျှောက်ထားစေခဲ့သည်။ ခွင့်ပြုမိန့်ရရှိပါက ကျေးရွာမြေငှားဂရန်ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဝင်းနိုင်က ပြောသည်။ **ခင်ဦးစိုးဝေ**




## အမည်ပြောင်း

တာချီလိတ်မြို့နေ အဖ စိုင်းဝန်းရှုန်[၁၃/တခလ(နိုင်)၀၅၈၁၈၀]နှင့် အမိ နန်းရွှေယဉ်[၁၃/တခလ(နိုင်)၀၄၁၄၆၀]တို့၏သမီး နန်းမွေ့ရှိန်အား နန်းဖြိုးသဇင်ဦးနှင့် သား စိုင်းလှိုင်ရှိန်အား စိုင်းဖြိုးဟန်ဝင်းဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။
နန်းဖြိုးသဇင်ဦး၊ စိုင်းဖြိုးဟန်ဝင်းဦး

## အမည်ပြောင်း

သံတွဲမြို့၊ အထက(ခွဲ) မြို့မကျောင်း နဝမတန်း(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းတင်၏သား မောင်သက်ပိုင်ဟိန်းအား မောင်သက်ပိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။
မောင်သက်ပိုင်စိုး

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်ဇော [၁၂/ကတတ(နိုင်)၀၃၀၆၄၉]၏ နိုင်ငံကူးလက်မှတ် (MA-490138)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၃၈၄၁၈၁၊ ၀၉ ၄၉၃၁၈၁၇၀

## သွေးသည်အသက်




## ဝန်ထမ်းအမြန်အလိုရှိသည်

**Natural Clay Co.,Ltd**

**Email:humanresource@naturalclaytile.com**

ဖုန်း-၀၁- ၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄

Natural Clay Co.,Ltd မင်္ဂလာဒုံမြို့နယ်တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် (သို့မဟုတ်) Contract (ကန်ထရိုက်)ဖြင့် လုပ်ငန်းဆောင်ရွက်ရန် စင်ကာပူနိုင်ငံ(သို့မဟုတ်) မလေးရှားနိုင်ငံတွင် အုတ်ကြွပ်အမိုးမိုးခြင်းလုပ်ငန်းလုပ်ကိုင်ဖူးသည့် လုပ်ငန်းကျွမ်းကျင်သူ (Roofing Specialist)များ အလိုရှိပါသည်။ လျှောက်ထားသူများသည် ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံဖြင့် Diamond Condo G-1 & 5, ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ Natural Clay Show Room သို့ နိုဝင်ဘာလ ဒုတိယပတ်အတွင်း နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၁)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၆)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပူတာအိုခရိုင်ရှိ မချမ်းဘောတံတားနှင့် မြစ်ကြီးနားခရိုင်ရှိ တဝမ်တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ စက်သုံးဆီ၊ တောသစ်၊ မြစ်ကျောက်စရစ်၊ မြစ်သဲများ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် | - ၂၂-၁၀-၂၀၁၅ ရက် |
| တင်ဒါတင်သွင်းရမည့်ရက်၊ အချိန် | - ၆-၁၁-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ |
| တင်ဒါဖွင့်မည့်ရက်၊ အချိန် | - ၆-၁၁-၂၀၁၅ ရက်၊ နံနက် ၁၁း၀၀ နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - ဒု- ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့ |

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူ နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁)
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၇၃၁၃၀၇၃၁၊ ၀၉-၂၅၃၇၈၈၂၀၀

## "ကန့်ကွက်ရန်ကြော်ငြာ"

ကျွန်ုပ်၏မိတ်ဆွေဦးအောင်အောင်(၁၂/ဒဂမ(နိုင်)၀၂၅၁၄၄) မှလိုင်ရှင် ဒေါ်မြမြအေး (၁၂/ဥကမ(နိုင်)၀၈၁၇၅၄)ထံမှ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ဥသာ(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၄၅၇)၊ ၄၀ ပေ×၆၀ ပေ ခန့်ရှိ မြေကွက်နှင့်မြေကွက်အမှတ်(၄၅၆)၊ ၄၀ ပေ×၆၀ ပေရှိ မြေကွက်ကို(၉-၄-၂၀၁၄)နေ့စွဲပါ စာချုပ်ဖြင့်လည်းကောင်း လက်ရောက် ဝယ်ယူရရှိပြီးဖြစ်သည် ကန့်ကွက်လိုက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဖြစ်စေ၊ ဦးအောင်အောင်ထံဖြစ်စေ ကြော်ငြာပြီး(၇)ရက်အတွင်း ကန့်ကွက်နိုင်သည်။ ထိုရက်ကျော်လွန် ကဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးအောင်အောင်၏ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ခင်ကြည် | ခေတ္တရာ ဦးဝင်းမောင် |
| LL.B, D.B.L | B.A (Law)., LL.B |
| အထက်တန်းရှေ့နေ (စဉ်- ၄၁၅၅၁) | တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၅၉/၇၈) |

အခန်း (၆/၁၀၁)၊ အမှတ်(၉/၁၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်။

## EXCELLENT MYANMAR
International Private School
Simple Way to Brighter future

Excellent Myanmar International Private School is recruiting the following positions.

### Preschool Teachers
- Any Graduate (M.A (or) B.A (English), ECCD Preferable)
- Proficient in written and spoken English
- At least one year experience

### Assistant Teachers
- Any Graduate with Good English language skill

ရုံးဝန်ထမ်း (မ) ၂ ဦး
– စာစီစာရိုက်ကျွမ်းကျင်

ကလေးထိန်း (မ) ၂ ဦး
လုံခြုံရေးဝန်ထမ်း (ကျား) ၂ ဦး

စိတ်ဝင်စားသူများသည်ကြော်ငြာပါသည့်နေ့မှစ၍(၂)ပတ်အတွင်း နီးစပ်ရာကျောင်းသို့အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

**Main Campus**
အမှတ်(၁၅-ဒီ)၊ ပဒုမ္မာလမ်း၊ ရှုရှားသံရုံးအနီး၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း → ၀၁-၂၅၂၁၄၈၊ ၀၉-၂၅၄၂၀၀၂၃၄

**Thingangyun Branch**
ဘီ-၅၊ အခန်း(၁၀)၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း → ၀၁-၈၅၅၁၃၂၀၊ ၀၉-၂၆၂၁၃၀၀၀၇၊ ၀၉-၂၆၂၁၃၀၀၀၈

# ကမ္ဘာ့လေထု (Earth's Atmosphere)

à ဘူမိလုလင်(မြိတ်)

ကမ္ဘာကြီးကို လေထုကလွှမ်းခြုံထားသည်။ လေထုသည် ဓာတ်ငွေ့အရောပင်ဖြစ်၍ ထိုတွင် အဓိက နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်တို့ပါဝင်သည်။ နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ အာဂွန် သုည ဒသမ ၉၃ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက် သုည ဒသမ ၀၃၈ ရာခိုင်နှုန်းနှင့် ဟီလီယမ်၊ မီသိန်းစသည်တို့ အနည်းငယ်မျှစီ ပါဝင်ကြသည်။

နေမှ ကျရောက်လာသည့် စွမ်းအင်ရောင်ခြည်တို့အနက် ၃၄ ရာခိုင်နှုန်းကို အာကာသအတွင်း သို့ ပြန်လည်၍ အလင်းပြန်အပူပြန်စေခြင်းဖြင့် ပြန်လည်ပို့လွှတ်လိုက်ရာတွင် လေထုက ရာခိုင်နှုန်းအချိုးအများဆုံးဖြစ်သည်။ ထို့အပြင် နေမှ ကျရောက်လာသည့် လူသားအား အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ငွေ့ရောင်ခြည်များကိုလည်း လေထုကပင် စုပ်ယူပေးသည်။

လေထုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ကြပြီး လေတိုက်ခြင်း၊ မိုးရွာခြင်း၊ နှင်းကျခြင်း စသည်တို့ကို ဖြစ်စေသည်။ ဤသို့ လေထု၏ စွမ်းဆောင်ချက်များကြောင့် ဤကမ္ဘာဂြိုဟ်တွင် သက်ရှိများ အသက်ရှင်ရပ်တည်နေနိုင်ခြင်းဖြစ်ပေသည်။

**ကမ္ဘာ့လေထုအလွှာများ**

ကမ္ဘာ့လေထုကို ကမ္ဘာ့မြေပြင်ရေပြင်မှ အထက်သို့ အကွာအဝေးအနိမ့်အမြင့်အပေါ် အခြေခံ၍ အောက်ပိုင်းလေထုနှင့် အထက်ပိုင်းလေထုဟူ၍ အဓိကနှစ်ပိုင်း ပိုင်းခြားထားသည်။ အောက်ပိုင်းလေထုသည် ပင်လယ်ရေမျက်နှာပြင်မှ အထက် ၈၇ ကီလိုမီတာအတွင်းရှိ လေထုဖြစ်၍ အထက်ပိုင်းလေထုသည် ၈၇ ကီလိုမီတာမှ အက်ဆိုပေ့စ်(Exopause) အတွင်း ကျရောက်လျက်ရှိသော လေထုပင်ဖြစ်သည်။

အောက်ပိုင်းလေထုကို ထပ်မံ၍ သုံးပိုင်းပိုင်းခြားထားပြန်သည်။ ၎င်းတို့မှာ ထရိုပိုစဖီးယား (Troposphere)၊ စထရာတိုစဖီးယား (Stratosphere) နှင့် မီစိုစဖီးယား (Mesosphere) ဟူ၍ဖြစ်သည်။

အထက်ပိုင်းလေထုကိုလည်း ထပ်မံ၍ နှစ်ပိုင်းပိုင်းခြားထားပါသည်။ ၎င်းတို့မှာ သာမိုစဖီးယား(Thermosphere) နှင့် အက်ဆိုစဖီးယား (Exosphere) ဟူ၍ဖြစ်သည်။

**ထရိုပိုစဖီးယား**

ကမ္ဘာ့မြေပြင်နှင့် အနီးကပ်ဆုံး လေထုလွှာဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ ကီလိုမီတာမှ ၁၂ ကီလိုမီတာအမြင့်အတွင်းရှိ လေထုကို ခေါ်ဆိုသည်။ ၎င်းလေထုလွှာသည် အီကွေတာတွင်ထူ၍ (၁၇ ကီလိုမီတာခန့်အထိထူ၍) ဝင်ရိုးစွန်းတို့တွင် ပါးသွား (၇ မှ ၉ ကီလိုမီတာခန့်အထိ ပါးသွား) သည်။

ကမ္ဘာ့လေထု၏ ၉၀ ရာခိုင်နှုန်းနီးပါးမျှသော လေထုသည် ဤထရိုပိုစဖီးယားလေထုလွှာထဲတွင်ရှိသည်။ ဤလေထုလွှာထဲ၌ပင် တိမ်တောင်တိမ်တိုက်တို့ဖြစ်ပေါ်ကြပြီး ကမ္ဘာ့ရာသီဥတုကို အဓိကဖြစ်ပေါ်ပြောင်းလဲစေသည်။

ဤထရိုပိုစဖီးယား လေထုအလွှာ၏ အောက်ဘက်ပိုင်း တစ်နည်းအားဖြင့် မြေမျက်နှာပြင်နှင့် နီးသောအပိုင်းရှိ အပူချိန်သည် ၂၀ ဒီဂရီစင်တီဂရိတ် ဝန်းကျင်ရှိ၍ အထက်ဘက်ရောက်လာလေ အေးလာလေဖြစ်သည်။ သို့ဖြင့် ဤလေထုလွှာအပေါ်ဘက်ဆုံး အပိုင်းရှိ အပူချိန်သည် ၅၀ ဒီဂရီစင်ဂရိတ်အထိ အေးလာသည်ဖြစ်ရာ တောင်ဝင်ရိုးစွန်းဒေသ ဆောင်းတွင်းကာလ အပူချိန်နှင့် တူညီနေပေသည်။ ကျွန်တော်တို့ သက်ရှိအားလုံးသည် ဤလေထုလွှာအတွင်း နေထိုင်ကြပေသည်။

**စထရာတိုစဖီးယား**

ထရိုစဖီးယားလေထုအလွှာ၏ အထက်ဘက်ရှိ လေထုလွှာကို စထရာတိုစဖီးယားဟု ခေါ်ဆိုသည်။ ဤစထရာတိုစဖီးယားအလွှာတွင်းရှိ လေထုသည် ထရိုပိုစဖီးယားအလွှာရှိ လေထုထက် ပိုမိုပါးလွှာသည်။ ဤလေထုလွှာသည် ပင်လယ်ရေမျက်နှာပြင် အထက် ၁၀ ကီလိုမီတာကျော်ဝန်းကျင်မှ ၅၀ ကီလိုမီတာအတွင်းရှိ လေထုပင်ဖြစ်သည်။

ဤလေထုလွှာ၏ အောက်ဘက်အပိုင်းဖြစ်သည့် ၁၀ ကီလိုမီတာနှင့် ၂၀ ကီလိုမီတာကြားတွင် အပူချိန်သည် ၅၀ ဒီဂရီစင်တီဂရိတ် ဝန်းကျင်၌ တစ်သမတ်တည်းဖြစ်နေ၍ထိုမှ အထက်ဘက်သို့ မြင့်တက်လာသောအခါ အပူချိန် တဖြည်းဖြည်းတိုးလာပြီး ၄၀၊ ၃၀၊ ၂၀ ဒီဂရီစင်တီဂရိတ်ဖြစ်လာ၍ ဤလေထုလွှာ၏ ထိပ်ဆုံး (အမြင့်ကီလိုမီတာ ၅၀) ၌ သုည ဒီဂရီစင်တီဂရိတ်ဖြစ်လာသည်။

ဤလေထုလွှာ၏ အောက်ဘက်ပိုင်း အထက်ဖော်ပြပါ အပူချိန် ၅၀ ဒီဂရီစင်တီ ဂရိတ်ခန့် တစ်သမတ် တည်းဖြစ်လျက်ရှိသော အမြင့် ၁၅ ကီလိုမီတာဝန်းကျင်တစ်ဝိုက်အတွင်း အလျင်နှုန်းမြင့်မားသော Concorde လေယာဉ်ပျံကြီးများ ပျံသန်းနေကြပေသည်။ အကြောင်းမှု ၎င်းအမြင့်ဝန်းကျင်လေထု အတွင်း လေထုငြိမ်သက်ခြင်းနှင့် လေခုခံမှု နည်းပါးခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဤလေထုလွှာအတွင်း အိုဇုန်း (O3) ဓာတ်ငွေ့များ အဓိကစုစည်းလျက်ရှိသော ဓာတ်ငွေ့လွှာထုတစ်ခုဖြစ်ပေါ်လျက်ရှိ၍ ၎င်းကို အိုဇုန်းလွှာ (Ozone Layer) ဟုခေါ်ဆိုထားသည်။ ၎င်းအိုဇုန်းလွှာသည် ပါးလွှာသောဓာတ်ငွေ့လွှာဖြစ်ပြီး အမြင့် ၁၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာအတွင်းရှိ၍ နေမှကျရောက်လာသော ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ထရိုပိုစဖီးယားလေထုလွှာထဲ မကျရောက်အောင် ဒိုင်းသဖွယ် ကာကွယ်ပေးထားပြီး သက်ရှိတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ရောင်ခြည်တို့ကို စုပ်ယူပေးသည်။

သို့ကြောင့် အိုဇုန်းလွှာပါဝင်လျက်ရှိသည့် ဤစထရာတိုစဖီးယားလေထုလွှာသည်လည်း ကျွန်တော်တို့ မဟာလူသားအသက်ရှင်ရပ်တည်ရန်အတွက် အလွန်အရေးပါသော လေထုလွှာတစ်ခုပင်ဖြစ်ချေသည်။

**မီစိုစဖီးယား**

ကမ္ဘာ့လေထုလွှာ၏ အငယ်လွှာဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၅၀ ကီလိုမီတာမှ ၈၇ ကီလိုမီတာအတွင်းရှိသည်။

ဤလေထုလွှာတွင် အပူချိန်သည် အောက်ဘက် ၅၀ ကီလိုမီတာဝန်းကျင်၌ သုညဒီဂရီမှ +၂၀ ဒီဂရီစင်တီဂရိတ်အတွင်းရှိ၍ အပေါ်သို့မြင့်တက်လာလေ ပို၍အေးလာလေဖြစ်ပြီး ဤလေထုလွှာ၏ ထိပ်ဆုံးအပိုင်းသို့ ရောက်ရှိလာသောအခါ အပူချိန်သည် -၂၀၀ ဒီဂရီစင်တီဂရိတ်အထိ ဖြစ်သွားပေသည်။ ဆောင်းတွင်းကာလ တောင်ဝင်ရိုးစွန်းဒေသ၏ အပူချိန် -၅၅ ဒီဂရီစင်တီဂရိတ်ရှိသည်ဖြစ်ရာ တောင်ဝင်ရိုးစွန်းဆောင်းထက် တစ်ဆနီးပါး ပိုအေးသဖြင့် ကမ္ဘာ့လေထုလွှာ ငါးလွှာအနက် ဤ မီစိုစဖီးယားသည် အအေးဆုံးလေထုလွှာဖြစ်သည်။ (ဆက်လက်ဖော်ပြပါမည်)




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို
အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက်
ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင် မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနိယ အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ၊ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် နှင့် သံဝေဇနိယ ( ၄ )ဌာန ဗုဒ္ဓဌာနများ (၇ ည/ ၈ ရက်) ခရီးစဉ်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/ - လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂ - ည အိပ် တည်းခိုပြီး။ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၂၅ ( သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀ )၊ နိုဝင်ဘာ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - ဖေဖော်ဝါရီ ၇၊ မတ် ၂၃၊ ဧပြီ ၁၀။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။ ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဂ္ဂဇင်းဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ - (I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း ၆၀၊ ၃၁×၃၂ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305

ဆုတောင်းတွေက ဆုတောင်းတိုင်း ပြည့်တာတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောကြားထားတဲ့ အင်္ဂါ(၅)ချက်နဲ့ ပြည့်စုံမှ ဆုတောင်းပြည့်တာပါ။
ရဝေနွယ်(အင်းမ)
ဆုတောင်းတွေပြည့်ဖို့
News Watch စောင့်ကြည့် သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော ဓမ္မဆောင်းပါးများ။
ထွက်ပြီ


တန်ဖိုး - ၁၀၀၀ကျပ်
ပင်ရင်း - ဖုန်း - ၀၉-၇၃၀ ၂၆၆၇၄၊ ၀၉-၇၃၁ ၀၃၆၃၄၊ ဖြန့်ချိရေး - ၀၉- ၂၅၇ ၂၅၂၅၇၇

ရွှေလမ်းခရီး ... သီတင်းကျွတ်လ ဘုရားစုံဖူး
*အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၊ တောင်ကြီး၊ (ထမ့်စမ်းလိုဏ်ဂူ)ပင်းတယ၊ ကလော
*ကျိုက္ကမီဆွမ်းအိုးမျှောပွဲတော်၊ ကျိုက်မရော၊ နွားလဘိုတောင်၊ စက်စဲ၊ မော်လမြိုင်ဘုရားစုံ
*ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။ *မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
*ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကလော၊ မြင်းမထိလိုဏ်ဂူ
*ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်။ သောကြာနေ့တိုင်း
(အမင်းမဂ္ဂျ၊ ကားခ၊ တစ်ဆင့်သွားကားခ/ စက်လှေခ၊ တည်းခိုစန်းခ စရိတ်ငြိမ်း)
(ခရီးစဉ်တိုင်း Hotel တည်း စီစဉ်ပေးပါသည်။) Oct 26,27,28 ထွက်မည်
* ကျိုက်ထီးရိုး * ဇလွန်ပြည်တော်ပြန် * ပြည် အကောက်တောင် * ချောင်းသာ
အမှတ်(၃၁၇)၊ ပန်းဆိုးတန်းလမ်း 095124678, 098627170, 09401589907

ပျောက်ဆုံးကြောင်း
ကျွန်မ မခင်ရတနာလှိုင် (၁၁/စတန(နိုင်)၀၈၄၃၄၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 604824) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၇၈၀၅၄၇၆၀၈

သွေးသည်အသက်

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-254151516, 09-43029798, 09-43064181
MDY 09-257333214, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွှေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

အတန်ကြာ ငိုင်သွားပြီးမှ ကိုသက်ခိုင်က မေးသည်။

"မမြင့်ဝေ မောင်စောနောင်ကို တွေ့ချင်သလား"

"တွေ့ချင်လို့ မမြင့်ဝေ သတိရပြီး ဆရာ့ဆီ လာခဲ့တာပဲ ဆရာ" ကိုသက်ခိုင်က နေရာမှ ထ၏။

"လာ. . . ဒါဖြင့် သွားကြရအောင်။ ဆရာ့မှာတော့ ကား မရှိသေးဘူး မမြင့်ဝေ။ ကုန်းကြောင်း လျှောက်ကြရအောင်"

"မမြင့်ဝေမှာ ကားပါပါတယ် ဆရာ"

ကိုသက်ခိုင်နှင့် မမြင့်ဝေသည် အိမ်တွင်းမှ ထွက်လာခဲ့ကြ၏။

မမြင့်ဝေ၏ ဟီး(လ်)မင်းကားကလေးက ခြံအပြင်တွင် ဆိုက်လျက်ရှိနေ၏။

အိမ်အပေါ်ထပ် ဘုရားစင်ရှေ့မှ ကြေးစည်ကို ရိုက်မည်ပြုရာမှ မေမေသက်သက်သည် မျက်လုံးပြူးကာ သူတို့ကို ငုံ့ကြည့်သည်။

ကိုသက်ခိုင်က လှမ်းအော်ပြောသည်။

"မေမေရေ. . . ရာဇတ်ဟော(လ်)ဘက် ခဏသွားမလို့"

မမြင့်ဝေက အပေါ်ထပ်သို့ မော့ကြည့်ပြီး မေး၏။

"ဆရာ့အမေ. . . ဒေါ်လေးသက်သက်လား"

ဒေါ်လေးသက်သက်. . . ဤသို့ ခေါ်ခဲ့သူ တစ်ဦးသာ ဤလောက၌ ရှိခဲ့ဖူး၏။ ယခုမမြင့်ဝေက ဤအတိုင်း ခေါ်ပြနေပြန်ပြီ။

ကိုသက်ခိုင်က မပြုံး မရယ်ဘဲ ခေါင်းညိတ်ပြ၏။

မမြင့်ဝေက ထုံးစံအတိုင်း ကားကိုကိုယ်တိုင်မောင်းသည်။

ကားလေးကို ဗဟိုစာသင်ဆောင်ကြီးရှေ့၌ ရပ်လိုက်ပြီး ကိုသက်ခိုင်နှင့် မမြင့်ဝေသည် ဆင်းလျှောက်ကြ၏။

လက သာနေသည်။ သို့ရာတွင် ရာဇတ်ဟော(လ်)ရှေ့၌ မီးရောင်တို့သည် လထက် ထိန်နေ၏။

ရာဇတ်ဟော(လ်)သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားသော အာဇာနည် ဆရာကြီး ဦးရာဇတ်ကို ဂုဏ်ပြုအမည်ပေးထားသော အဆောက်အအုံဖြစ်သည်။ ထိုစဉ်က အပေါ်ထပ်၌ စာကြည့်တိုက် လုပ်ထားသည်။ တက္ကသိုလ်သမဂ္ဂ ရွေးကောက်ပွဲအချိန်တွင် မဲရေတွက်ရန် ထိုအပေါ်ထပ်ကိုပင် အသုံးပြုကြ၏။ မဲရေတွက်ခြင်းကို သမာဓိကြီး၍ ကျောင်းသား ကျောင်းသူတိုင်း ယုံကြည့်ကြသည့် ပါမောက္ခဦးနက်၊ ပါမောက္ခဦးသိန်းမောင်၊ ပါမောက္ခ ဒေါက်တာစိန်တူ၊ ပါမောက္ခ ဒေါက်တာသန်းထွန်း (ပါဏဗေဒ)တို့က ကြီးကြပ်ပေးကြရ၏။

ရာဇတ်ဟော(လ်)အပေါ်ထပ် ဝရန်တာ၌ ကျောင်းသားကျောင်းသူတိုင်း မြင်နိုင်ရန် ကျောက်သင်ပုန်းကြီး လေးချပ်ကို ထုတ်ပြထား၏။ တပ်ဦးဟောင်း၊ တပ်ဦးသစ်၊ ရဲခေါင်၊ အင်အားဟူသည့် အဖွဲ့လေးဖွဲ့မှ အရွေးခံ အမှုဆောင်တို့၏ နာမည်များကို ကျောက်သင်ပုန်းကြီးအသီးသီးပေါ်၌ ရေးထားသည်။ အမည်များ ဘေး၌လည်းရရှိသော မဲအရေအတွက် ကို ဖော်ပြထား၏။

တပ်ဦးသစ်နှင့် ရဲခေါင်တို့၏ ရမဲကား မပြောပလောက်။ တပ်ဦးဟောင်းနှင့် အင်အားသည်သာ မဲများရကြသည်။ တပ်ဦးဟောင်းက အင်အားကို မဲငါးရာကျော်ဖြတ်ကာ အနိုင်ရနေ၏။ မဲအများဆုံးသူကား ဥက္ကဋ္ဌအဖြစ် အရွေးခံသည့် မောင်စောနောင်သာ ဖြစ်သတည်း။

ရာဇတ်ဟော(လ်)ရှေ့တွင် စင်မြင့်လေးခု ရှိသည်။ စင်မြင့်တိုင်းတွင် ဒိုးပတ်နှင့် အကအခုန်နှင့် ဖြစ်၏။ သက်ဆိုင်ရာ ကျောင်းသား အသီးသီးကလည်း ဝန်းရံလျက်ရှိသည်။

တပ်ဦးသစ်နှင့် ရဲခေါင်တို့၏ စင်မြင့်များဆီ၌ လူနည်းပြီး မစည်ကား။ တပ်ဦးဟောင်းနှင့် အင်အားတို့၏ စင်မြင့်များဆီ၌ကား လူလည်းစည်ကားနေသည်။ တူရိယာဝိုင်းများလည်း စံနေ၏။ ကသူခုန်သူတို့လည်း အပြည့်ရှိ၏။ စင်ပြိုင်ကလော်ကြ၊ နှံ့ကြ၊ အုပ်ကြသည်မှာလည်း စုံလှ၏။ သို့ရာတွင် သူ့အသံကိုယ်ဖုံး. . . ကိုယ့်အသံသူဖုံးနှင့် ဘာမျှမသဲကွဲ။ ကိုယ့်ဟာနှင့်ကိုယ် ကြည်နူးနေကြသူများချည်းတည်း။

မမြင့်ဝေနှင့် ကိုသက်ခိုင်တို့က လူရှင်းသော ရဲခေါင် စင်မြင့်ဘေးမှ ကြည့်ကြ၏။

မမြင့်ဝေက တိုးတိုးမေးသည်။

"ဆရာ. . . သူတို့အားလုံး ဘာလုပ်နေကြတာလဲ"

"သူတို့အားလုံး ဘာလုပ်နေကြတယ်ဆိုတာကို သူတို့ဘာသာတောင် သူတို့ သိကြမှာ မဟုတ်ဘူး။ ဆရာကတော့ တောင်ပြုန်းပွဲကို သွားသတိရတယ်"

"ဘယ်လို. . . ဆရာ . . . တောင်ပြုန်းပွဲ. . . ဟုတ်လား"

"ဟုတ်တယ်. . . တောင်ပြုန်းပွဲမှာ သွားပြီး ရူးရူးမူးမူး နွဲ့ကြသူတွေဟာ သူတို့ကိုယ်သူတို့ ဘာလုပ်လို့ ဘာလုပ်မိမှန်း မသိကြဘူး။ ဒါပေမယ့် နတ်ဝင်သည်တွေကတော့ သိကြတယ်"

"ဆရာ ဘာပြောတာလဲ"

"ဆရာပြောတာက သိပ်ရှင်းပါတယ်။ ဒီကလေးတွေဟာ သူတို့ကိုယ်သူတို့ ဘာလုပ်နေကြတယ်ဆိုတာ မသိကြဘူး။ ဒါပေမယ့် နိုင်ငံရေးနတ်ဝင်သည်ကြီးတွေ အားလုံးကတော့ သိနေကြတယ်"

မမြင့်ဝေက ဘာမျှ ဆက်မပြောတော့ဘဲ ခေါင်းညိတ်ပြ၏။

ထိုစဉ်တွင် ကိုသက်ခိုင်၏ ပခုံးကို တစ်စုံတစ်ယောက်က လာကိုင်သည်။ လှည့်ကြည့်မိသောအခါ ဤအချိန်. . . ဤနေရာတွင် သူဘယ်သို့မျှ မမျှော်လင့်တဲ့ သူတစ်ဦးကို ကိုသက်ခိုင်က တွေ့ရသည်။

မိုးမြင့်. . . သက်ခိုင်တို့အား ကျန်စစ်သား စကားပြောသွားသော မိုးမြင့်. . .။

မိုးမြင့်သည် နိုင်လွန်အင်္ကျီ၊ ဗန်ကောက်လုံချည်တို့နှင့် သားနားနေ၏။

"ဘယ့်နှယ်. . . ကိုမိုးမြင့်. . . ဘယ်က ပေါ်လာသလဲ"

မိုးမြင့်က ပြုံးပြီးဖြေ၏။

"ကျွန်တော် လက်နက်ချ အလင်းဝင်ခဲ့တာ။ ခင်ဗျား မသိဘူးလား ကိုသက်ခိုင်"

"ဟင့်အင်း"

"ကျွန်တော်အခု ဖဆပလ လူငယ်အဖွဲ့မှာ ရဲခေါင်အဖွဲ့ကိုလည်း ဦးစီးနေတယ်။ အခု ဌာနချုပ်က တာဝန်ပေးလို့ ဒီက အခြေအနေတွေကို လာအကဲခတ်ကြည့်တာ"

"ဩော်. . ."

ကိုသက်ခိုင်၏ ဩော်. . . မှာ အလွန်စိတ်ပျက်သည့် ဩော်. . . အရှည်စားဖြစ်၏။

မိုးမြင့်သည် ကိုသက်ခိုင်၏ ဘေးမှ မမြင့်ဝေကို မြင်သွားသည်။ ထိုနောက် အားရပါးရ ဆိုသည်။

"ဟ . . . ကိုသက်ခိုင်. . . ခင်ဗျား အိမ်ထောင်တောင် ကျနေပြီကိုး။ ဘုရားစူး. . . ခင်ဗျားဇနီးကတော့ ချောပါပေ့ဗျား"

ထိန်ထိန်လင်းသော မီးရောင်အောက်တွင် ရဲရဲနီသွားသော မမြင့်ဝေ၏ မျက်နှာကလေးကို ကိုသက်ခိုင် မြင်လိုက်ရ၏။

ကိုသက်ခိုင်သည် ဖောသွပ်သွပ်ဖြစ်နေသော မိုးမြင့်၏ မျက်နှာကို တင်းတင်းကြည့်ပြီး ပြောသည်။

"ကိုမိုးမြင့်. . . တစ်ကြိမ်က ခင်ဗျားအကြီးအကျယ် မှားခဲ့ဖူးတယ်။ အခုလည်း ထပ်မှားပြန်ပြီ။ မမြင့်ဝေဟာ ကျွန်တော့်ဇနီး မဟုတ်ဘူး။ အင်း. . . ကျွန်တော့် နှမတစ်ယောက်လို့တော့ ခေါ်နိုင်တယ်။ အခု မမြင့်ဝေ ဒီကိုလာတာလည်း ဟောဟိုမှာ ဥက္ကဋ္ဌဖြစ်တော့မယ့် သူ့မောင် မောင်စောနောင်ကို လာတွေ့တာ"

မိုးမြင့်သည် အားတုံ့အားနာနှင့် ကိုသက်ခိုင်တို့အား တောင်းပန်ပြီး လူတောထဲ၌ ပျောက်သွား၏။

မောင်စောနောင်သည် ရာဇတ်ဟော(လ်)ပေါ်မှ ဆင်းလာသည်။ သူ့ရဲဘော်များက ဒိုးနှင့် လင်းကွင်းကို တီးပြီး ဆီးကြိုကြ၏။ မောင်စောနောင်က အောင်မြင်ခြင်း အထိမ်းအမှတ်နှင့် လက်သီးတစ်ဖက်ဆုပ် မြှောက်ပြ၏။

မမြင့်ဝေက တောင်းပန်သော မျက်လုံးများနှင့် ကိုသက်ခိုင်ကို ကြည့်သည်။

ကိုသက်ခိုင်သည် တပ်ဦးဟောင်း စင်မြင့်ဆီသို့ သွားရ၏။ ပင်နီတိုက်ပုံဖုံးသော မောင်စောနောင်၏ ပခုံးကို ကိုင်လိုက်သည်။

"ဟာ. . . ဆရာ"

"အေး. . . ဟုတ်တယ် မောင်စောနောင် ဟိုမှာ မင့်အစ်မ မမြင့်ဝေလည်းပါလာတယ်။ ဆရာနဲ့ ခဏလိုက်ခဲ့ကွယ်။

မောင်စောနောင်သည် ကိုသက်ခိုင်ကို ပြန်ကြည့်သည်။ ကိုသက်ခိုင်ကလည်း သူ့ကို ကြင်နာစွာ ပြန်ကြည့်နေ၏။

မောင်စောနောင်သည် ကိုသက်ခိုင်၏ နောက်သို့ လိုက်လာခဲ့သည်။

မမြင့်ဝေ မောင်စောနောင်နှင့် ကိုသက်ခိုင်တို့သည် ရာဇတ်ဟော(လ်)မှ ဝေးရာ တစ်နေရာသို့ ထွက်ခဲ့ကြ၏။ စိတ်ကြိုက်တစ်နေရာသို့ရောက်မှ ကိုသက်ခိုင်က ရှောင်ထွက်သွားရန် ပြင်သည်။ မောင်စောနောင်က ကိုသက်ခိုင်ကို လှမ်းဆွဲထား၏။

"ဆရာ. . . ထွက်မသွားပါနဲ့ မမြင့်နဲ့ ကျွန်တော် ဆရာ့ရှေ့မှာ လျှို့ဝှက်ပြောစရာ တစ်ခုမှ မရှိပါဘူး"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

သုံးရာသီ ဝမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ
ထန်စန်း(ထမင်းကျွေး-၅၀၀၀၀/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(ထမင်းကျွေး-၄၀၀၀၀/-)
(၁၀)ဦးဆယ်လျှင် တစ်ဦးအလှူ ကားအမျိုးမျိုးငှားရမ်းသည်။
Oct 27,30
420144148, 421153797

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (ငြိမ်း) 33000
ချောင်းသာHotel(ငြိမ်း) 35000 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971



သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

# အာသာဝတီ

(အမှတ်တံဆိပ်)
သွေးတိုးကျဆေး



၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်၊ နိုင်ငံတကာစံချိန်ညီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်၊
၃။ ကုန်ကျစရိတ် အလွန်သက်သာစေသည်၊ ဆေးလုံး ၃၀၀ ပါ ဆေးတစ်ဘူး ၁၅၀၀ဝိ/ - ကျော်ခန့်ကို တစ်လမှ နှစ်လစာ သုံးစွဲနိုင်ပါသည်၊ ဆေးလုံး ၇၅ လုံးပါ ဆေးဘူးသေးတစ်ဘူး ၅၀၀ဝိ/ - ခန့်ကို တစ်ပတ်(သို့)နှစ်ပတ်စာ သုံးစွဲနိုင်ပါသည်၊
၄။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်၊ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင် နိုင်သည်၊
၅။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)
ဂရိတ်ဓေါ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။





ပျောက်ဆုံး
ကိုသီဟဇော်လတ် [၁၂/ဒဂတ(နိုင်)၀၂၉၃၄၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (A-116057)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၈၃၄၄၃

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

မြေကွက်များဝယ်လိုပါသည်
ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ
Ph: 09-260664480
09-260664490

ပြည်တွင်းရေးရာ

# မလှိုင်မြို့နယ် ကမ္ဘားဖြူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိ

**မလှိုင် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကမ္ဘားဖြူကျေးရွာအုပ်စုအတွင်းရှိ လျှော်ဖြူကုန်း၊ သဖန်းကန်နှင့် ရေတွင်းရွာ ကျေးရွာသုံးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် ညနေ ၆ နာရီက အဆိုပါကျေးရွာသုံးရွာ အလယ်ရှိ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးဝင်းက လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ရှောင်ရန်၊ ဆောင်ရန်များကို ပညာပေးဟောပြောခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

၁၀၀ ကေဗွီအေ ထရန်စဖော်မာအတွက် လားရှိုးမြို့နေ ဦးဝင်းမြင့်+ဒေါ်တင်တင်သိန်းနှင့် ညီအစ်မများက ငွေကျပ် ၃၈ သိန်းကျော်၊ ကျေးလက်မီးလင်းရေးအတွက် လှူတော်ရန်ပုံငွေမှ ကျပ် ၁၀ သိန်း၊ ပြင်ဦးလွင်မြို့နေ ဦးသန်းထွန်းအောင်+ဒေါ်စန်းစန်းအေး မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် စုပေါင်း၍ ငွေကျပ် သိန်း ၃၂၀ အကုန်ကျခံ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်မီးရရှိပြီဖြစ်၍ ဘုန်းတော်ကြီးကျောင်းအပါဝင် လျှော်ဖြူကုန်းကျေးရွာမှ အိမ်ခြေ ၅၆ လုံး၊ ရေတွင်းရွာမှ အိမ်ခြေ ၂၂ လုံးနှင့် သဖန်းကန်ကျေးရွာမှ အိမ်ခြေ ၃၈ လုံးတို့အား ၂၄ နာရီ လျှပ်စစ်မီးများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ လွိုင်လင်၌ကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ၂၀၁၄ ခုနှစ် က ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော် က ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဆင့်ပွားသင်တန်းကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ သင်တန်းသားများကို ဖိတ်ကြားကာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ဆင့်ပွားသင်တန်းပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လွိုင်လင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှစိုးက သန်းခေါင်စာရင်းရလဒ်၏ အကျိုးရှိပုံများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# ရေဘေးကြောင့်သေဆုံးသူနှင့် အိမ်ထောင်စုများအား ကလေးဝမြို့နယ်တွင် ထောက်ပံ့ငွေပေးအပ်

**ကလေးဝ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ချင်းချောင်းကျေးရွာအုပ်စု ကျောင်းကြီးကျေးရွာတွင် အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ကျောင်းကြီးကျေးရွာနှင့် လေးမိုင်ခန့်အကွာရှိ ဖုန်းသုန်းချောင်း ရေကျမှုကြောင့် လူ ၁၄ ဦးနှင့် ကျွဲ ၁၉ ကောင်၊ နွားလေးကောင်တို့ ရေထဲမျောပါသေဆုံးခဲ့ကြပြီး အိမ်ထောင်စုခြောက်စု အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တော/သတ္တုဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး တိုင်းဦးစီးသည် ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အတူ အောက်တိုဘာ ၁၆ ရက်က အဆိုပါကျောင်းကြီးကျေးရွာသို့သွားရောက်ပြီး ဒေသအတွက်ကယ်ဆယ်ရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးကြောင့် သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ စီနှင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# သန်းခေါင်စာရင်း အချက်အလက်များ ခရိုင်အဆင့် အလုပ်ရုံဆွေးနွေး

**ဟားခါး အောက်တိုဘာ ၂၁**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များဆိုင်ရာ ခရိုင်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သန်းခေါင်စာရင်းဆိုင်ရာ ပင်မအစီရင်ခံစာနှင့် ချင်းပြည်နယ်၏ သန်းခေါင်စာရင်းဆိုင်ရာ အစီရင်ခံစာပါအချက်အလက်များကို တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**


## ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ Myanmar Media Management မှ စီစဉ်ကျင်းပသော Myanmar Ultimate Fight မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကြီးကို ၂၅-၁၀-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

၎င်းနေ့လက်ဝှေ့ပြိုင်ပွဲများမစတင်မီ အသက်(၆၀)နှစ်နှင့်အထက် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားကြီးများကို ဂါရဝပြုပူဇော်ကန်တော့လိုပါ၍ အနယ်နယ်အရပ်ရပ်မှ အသက်(၆၀)နှစ်နှင့်အထက် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားကြီးများအား သက်ကြီးပူဇော်ပွဲသို့ ကြွရောက်ကန်တော့ခံကြပါရန် ဖိတ်ကြားအပ်ပါသည်။

လက်ဝှေ့အားကစားသမားဟောင်းကြီးများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်-

| | | |
|---|---|---|
| (၁) ဦးဒေါင်းနီ | (ခုံဒိုင်ချုပ်) | ၀၉-၇၃၁၂၀၉၂၀ |
| (၂) ဦးစန်းမြင့် | (အတွင်းရေးမှူး) | ၀၉-၂၅၄၃၄၆၈၂၅၊ ၀၉-၃၀၄၉၈၈၅၉ |
| (၃) မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် | | ၀၁-၅၇၀၉၉၁ |



ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်၊
မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၁၆၉)၊
အကျယ်အဝန်း( $\frac{325}{336}$ ×၂၆၄)ပေ၊ ဧရိယာ(၂.၀၀၂)ဧကရှိ
မြေငှားစာချုပ်အရ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကြီးသည် ဦးကျော်နိုင်ဦး[၁၂/အစန(နိုင်)၀၀၁၅၂၅]အမည်ပေါက်ဖြင့် မြေငှားစာချုပ်(ဂရန်)ရရှိထားခြင်းဖြစ်ပြီး ယင်းမြေကွက်ကို ၎င်းထံမှကျွန်ုပ်၏ မိတ်ဆွေ အောင်သောင်းကုမ္ပဏီလီမိတက်က လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အပြီးအပိုင်ဝယ်ယူခဲ့သဖြင့် မြေပိုင်ဆိုင်မှုမြေငှားစာချုပ်မူရင်းနှင့်အတူ ယင်းမြေကွက်ကြီးကို ယနေ့တိုင် လက်ဝယ်ရရှိထားသူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေဝယ်ယူလက်ရောက်ရှိထားသော အဆိုပါမြေကွက်ကို မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းစသည်တို့ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အောင်သောင်းကုမ္ပဏီလီမိတက် ဒါရိုက်တာ၏ ညွှန်ကြားချက်ဖြင့်-**
**ဒေါ်မရန်ဂျာဆိုင်း LL.B,D.B.L,D.I.L (စဉ်-၂၉၆၀၅)**
**ဒေါ်ခင်နှင်းခိုင် LL.B (စဉ်-၄၀၇၆၀)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



MANDALAR CHARM
TRAVELS & TOURS

၁။ တန်ဆောင်တိုင်နိုဝင်ဘာ ၂၆-၂၉အလွန်သက်သာတဲ့ မလေးရှား ၄ ရက်ခရီး
တစ်ဦးလျှင် USD 580၊ ငါးဦးအုပ်စုလာလျှင် တစ်ဦးလျှင် USD 565
ဆယ်ဦးအုပ်စုလာလျှင် တစ်ဦးလျှင် USD 550

၂။ ခရစ္စမတ် ဒီဇင်ဘာ ၂၄-၂၈ စိတ်ဝင်စားဖွယ်လှပသော ဖိလစ်ပိုင် ၅ ရက်ခရီး
တစ်ဦးလျှင် USD 1200

၃။ ထိုင်း ၊ စင်ကာပူ ဟိုတယ် ၊ တည်းခိုခန်းသီးသန့်
ဈေးနှုန်းချိုသာ Budget Hotel , Hostel , Inn မှသည် 3 Star / 4 Star / 5 Star ဟိုတယ်များအထိ အချက်အချာကျသောနေရာများ တွင်စီစဉ်ပေးပါသည်။

၄။ မြန်မာပြည်အနှံ့ဟိုတယ်များ သီးသန့်
မိမိအစီအစဉ်ဖြင့် မြန်မာပြည်နေရာဒေသအသီးသီးသို့ ခရီးသွားမည့်သူများ ဟိုတယ်နေရာယူပြီး စိတ်အေးချမ်းသာ သွားလာနိုင်ရန် စီစဉ်ပေးပါသည်။

၂၂၆ ၊ မြေညီထပ် ၊ ၃၈လမ်း (အထက်)၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။
ဖုန်း ၀၁ - ၂၄၂၀၂၉ / ၀၁ - ၂၅၆၆၇၂
Email: mandalarcharm1@gmail.com





ပြည်တွင်းရေးရာ

# မိုဘိုင်းဖုန်းမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက် ရှာဖွေအသုံးပြုနည်းပြသ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၅-ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အချက်အလက်များကိုမိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ချိတ်ဆက် mvoter ၂၀၁၅ မိုဘိုင်းဖုန်း Apps ဖြင့် အလွယ်တကူရှာဖွေကြည့်ရှုလေ့လာနိုင်မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် အသုံးပြုတတ်စေရန် အောက်တိုဘာ ၁၉ ရက်က ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများကလက်တွေ့ရှင်းလင်းပြသကြသည်။ယင်းဆော့ဖ်ဝဲလ်ကိုအသုံးပြု ရွေးကောက်ပွဲဝင်ရောက်မည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်သည်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီမှစ၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် သိလိုသည့် အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်မည်ဖြစ်သည်။ **ကြေးမုံ**

# ရေဦးမြို့တွင် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

**ရေဦး အောက်တိုဘာ ၂၁**

ရေဦးမြို့နယ် ဥယျာဉ်၊ ရေမျက်၊ ခင်ပင်၊ ရွာငယ်၊ ပေါ်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်ရန် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၂၃၆ ဒသမ ၃၂ သန်းဖြင့် စက်တင်ဘာ ပထမပတ်မှစတင်၍ မြေသားလမ်း ဖောက်လုပ်ပေးနေကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည် ၁၆ မိုင်၊ အကျယ် ၁၈ ပေ ဘယ်ညာလမ်းပခုံးအကျယ် ၁၀ ပေရှိပြီး လုပ်ငန်းပြီးစီးမှုအနေဖြင့် ခြောက်မိုင်ခန့်ပြီးစီးလျက်ရှိကာ မြေသားလမ်းအမြန်ပြီးစီးရေးအတွက် ဘက်ဟိုးလ်များဖြင့် မြေသားတာပေါင်တင်ခြင်းများဆက်လက်ဆောင်ရွက်နေသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လမ်း၊ တံတား၊ သောက်သုံးရေနှင့် ကျေးလက်မီးလင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းထိုက် (ရေဦး)**

# စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ ၁၀ မျိုးရောင်းချခြင်း ရှိ၊ မရှိစစ်ဆေး

**မြင်းခြံ အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အေးမြသီတာဈေးတွင် စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ ၁၀ မျိုးအား ရောင်းချခြင်းရှိမရှိကို အောက်တိုဘာ ၁၈ ရက် နံနက်၁၁ နာရီက သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ ၁၀ မျိုးရောင်းချခြင်း ရှိ၊ မရှိကို အေးမြသီတာဈေးအတွင်းရှိ ဆီနှင့် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင် ၂၄ ဦး၏ အရောင်းဆိုင်များကို စစ်ဆေးခဲ့ရာ စံမညီမြေပဲဆီ ၁၀ မျိုးနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချမှုမရှိကြောင်းတွေ့ရသည်။

ထိုသို့ စစ်ဆေးရခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းစာများတွင် အများပြည်သူသိရှိရန် အသိပေးကြေညာချက် ထုတ်ပြန်ထားသည့် စံမညီမြေပဲဆီ ၁၀ မျိုးအား ရောင်းချခြင်းမရှိရေးနှင့် လိုက်နာရေးအတွက်ဖြစ်ပြီး လုပ်ငန်းရှင်များသို့ စံမညီမြေပဲဆီ ၁၀ မျိုးအမည်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ စစ်ဆေးရာသို့ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးအရာရှိ ဦးကျော်မြင့်၊ ခရိုင်ဦးစီးမှူးဦးစိုးလွင်၊ အေးမြသီတာဈေးအရာရှိ ဦးမျိုးတင့်၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ လိုက်ပါစစ်ဆေးခဲ့ကြောင်း သိရသည် ။



**ဇော်မင်းနိုင် (မြင်းခြံ)**

# အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်အပိုင်း(၂)အရ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားကတ်ပြားများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့ရှေ့ အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးထိန်လင်းက ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် မိုးပွင့်အထူးစီမံချက်များ ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပိုင်ဆိုင်ခြင်းအားဖြင့် စစ်မှန်သောနိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနားတွင် အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၃၃၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# မြစ်သားမြို့(၂၆)ကြိမ်မြောက် သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲတွင် စတုဒိသာကျွေးမွေး

**မြစ်သား အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဘူတာဝန်ထမ်း ကွက်သစ်တွင် တည်ထားကိုးကွယ်သော ရတနာအောင်မြေ ဆုတောင်းပြည့် ဘုရားကြီးတွင် (၂၆) ကြိမ်မြောက် သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကို အနန္တဂုဏ်ရည် အောင်သပြေပင်ကျောင်းဆရာတော် အရှင်နေမိန္ဒက ဦးစီးပဓာနပြု၍ စုစုပေါင်းလှူဒါန်း ငွေကျပ် ၅၅၀၀၀၀၀ ကျော်အား ပင့်သံဃာ ၆၃ ပါးတို့ကို စာရေးတံမဲဖောက်ခြင်း၊ ငွေပဒေသာပင်များဆက်ကပ်ခြင်း၊ မဟာဒုတ်မဲဖောက်ခြင်း၊ ရုပ်ပွားတော် ၁၇ ဆူကို အခမဲ့မဲဖောက်ခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ စတုဒိသာကျွေးခြင်းတို့ကို အောက်တိုဘာ ၂၀ ရက်က လှူဒါန်းကျင်းပခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(ပြန်/ဆက်)**





2007 MODEL (2013 FACE) MERCEDES BENZ GL 550 ရောင်းမည်

အဖြူရောင်၊ ဘယ်မောင်း၊ (၇)ယောက်စီး၊ 4500 CC ၊ 9E ၊ SERVICE CENTRE တွင် ALL CHECK လုပ်ပြီး၊ လေအိတ် ၄လုံး/ တာယာ ၄လုံး/ ဘရိတ် DISC ၄ခု/ ဘက်ထရီ/ အင်ဂျင်ဝိုင်/ ပါဝါဂန်း/ အသစ်လဲပြီး




သိန်း (၁၀၀၀)ညှိနှိုင်းဈေး 09 430 21001

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝေလင်းအောင် [၉/ခမစ(နိုင်)၀၁၆၁၆၄]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း - ၀၉ ၂၀၃၀၃၁၈

ကိုကျော်စိုး

ရန်ကုန်မြို့တွင်း မြေကြီး အပိုရှိသည်။

စက်ရုံနှင့် မြေကွက် မြေကြီးလိုအပ်သူများ ဆက်သွယ်ပါရန်။

ဖုန်း-၀၉-၂၀၁၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊ ၀၉-၃၀၁၆၈၈၈၈



EEC European Education Center

SWPS UNIVERSITY OF SOCIAL SCIENCES AND HUMANITIES WARSAW, POLAND

Taught by European Professional Lecturers

MBA [Master of Business Administration]

- HND-Diploma လက်မှတ်ရရှိထားပြီး လုပ်ငန်းခွင်အတွေ့အကြုံ (၁)နှစ်အနည်းဆုံး ရှိသူများ တက်ရောက်နိုင်ပါသည်။

50% Scholarship for early birds

Diploma တန်းခွဲများ - Business English / Human Resources / Management Studies

www.eecmyanmar.com facebook.com/eecmyanmar 09-250233662

No.A/601,Diamond Condo,Pyay Road,Kamaryut,Yangon.

ရွှေစံအိမ်အဆောင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်ာစီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉)၊ ဗိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ် ၁၄၀၀၀ ကျပ်

ကြော်ငြာ



ဦးကိုကို (B.Ed) + ဒေါက်တာဖြူဖြူစိန် (M.B.,B.S)
သား - ဒေါက်တာကိုကြီး (M.B.,B.S)
ဒေါက်တာကိုလေး (M.B.,B.S)
since 1998 အိမ်ရှယ်ဝိုင်း နှင့်
မိသားစု
ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း
design: UKK & Dr.KL
ကျောင်းမှတ်ပုံတင်အမှတ် ကက - ၁၀/၂၄/၀၆၁
ဆေးရုံလမ်း၊ အမှတ် (၉)၊ ဓလိုင်မြို့ ။ ဖုန်း ၀၉ - ၂၅၆၅၃၀၅၃၃၃၊ ၆၅၀၀၄၈၃၊ ၅၉၂၉၅၉၅၅၊ ၅၉၂၉၅၉၅၈၊ ၉၄၂၄၀၀၀၃၃၊ ၆၅၂၀၀၆၈၊ ၀၆၄ - ၆၀၀၉၃၊ ၆၀၃၃၀၊ ၆၀၅၂၄
၂၀၁၅ - မြန်မာတစ်နိုင်ငံလုံး အဆင့် (၂)
၂၀၁၅ - မြန်မာတစ်နိုင်ငံလုံး အဆင့် (၈)
၂၀၁၅ - မြန်မာတစ်နိုင်ငံလုံး အဆင့် (၁၁)
၆ ဘာသာဂုဏ်ထူး
၂၀၁၅ ခုနှစ်
(၆) ဘာသာဂုဏ်ထူးရှင် = ၃၁ ဦး
(၅) ဘာသာဂုဏ်ထူးရှင် = ၅၃ ဦး
(၄) ဘာသာဂုဏ်ထူးရှင် = ၁၃၆ ဦး
(၃) ဘာသာဂုဏ်ထူးရှင် = ၅၀ ဦး
(၂) ဘာသာဂုဏ်ထူးရှင် = ၄၆ ဦး
(၁) ဘာသာဂုဏ်ထူးရှင် = ၅၁ ဦး
လာမည့် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ယခုနှစ် ၂၀၁၅ ဒီဇင်ဘာလ နောက်ဆုံးထား၍ တစ်နှစ်ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မိသားစုကျောင်းမှ ရမှတ် (၅၀၀) နှင့် အထက်ရရှိသူ (၁၁၀) ဦးရှိပါသည်။
သင်္ချာ ရာပြည့် (၂) ဦး၊ ဇီဝ အမှတ်ပြည့် (၉၉မှတ်) (၂) ဦး၊ အမှတ် (၉၀) အထက်ရရှိသူ - သင်္ချာ (၀၉) ဦး၊ ဓာတု (၁၁၀) ဦး၊ ရူပ (၁၀၂) ဦး၊ ဇီဝ (၁၃၀) ဦး
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း မိသားစုကိုယ်ပိုင်ကျောင်း တစ်ကျောင်းလုံး အောင်ချက်ရာခိုင်နှုန်း - ၉၈ ရာခိုင်နှုန်း
၂၀၁၄ တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပညာရေးထူးချွန်ဆုရရှိခဲ့သည့် တစ်ခုတည်းသောကိုယ်ပိုင်အထက်တန်းကျောင်းဖြစ်ပါသည်။
၂၀၁၃ တက္ကသိုလ်ဝင်တန်းအောင်ချက် ၉၈.၆၂ ရာခိုင်နှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ပထမ ရရှိခဲ့ပါသည်။
၂၀၁၅ ခုနှစ်
မြန်မာစာဂုဏ်ထူး - (၀၇) ဦး
အင်္ဂလိပ်စာဂုဏ်ထူး - (၀၇) ဦး
သင်္ချာဂုဏ်ထူး - (၂၆၀) ဦး
ဓာတုဗေဒဂုဏ်ထူး - (၃၃၀) ဦး
ရူပဗေဒဂုဏ်ထူး - (၃၃၀) ဦး
ဇီဝဗေဒဂုဏ်ထူး - (၃၅၃) ဦး
ထောဝဗေဒဂုဏ်ထူး - (၅) ဦး

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

(NCA)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**


ရွှေပလ္လင် ရွှေပလ္လင်
ရွှေပြည်သာ ဖွင့်ပြီ
ရွှေပလ္လင် နံရိုးပေါင်းကော်ရည်ခေါက်ဆွဲ
အရမ်းကောင်းဆိုပဲ !
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
အလှူ မင်္ဂလာပွဲများအတွက် အထူးအော်ဒါများ လက်ခံပါသည်။
အမှတ်(၄)လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ ဖုန်း - ၀၁-၅၃၈၇၃၆



တက္ကသိုလ်ဝင်တန်း(သိပ္ပံ၊ ဝိပ္ပံ) [၄] လပြတ်
**EXAM SPECIAL CLASS**
November, December, January, February

- ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် တစ်ပတ် ၄ ရက်၊ ၄ လပြတ် သင်ကြားပေးမည်။
  သင်တန်းချိန် (နေ့လည် ၁း၀၀ မှ ညနေ ၅း၃၀)
- သင်ရိုးကုန် ဂျာနယ် ၁၂ အုပ်နှင့် Exam Special Guide မေးခွန်း ၄ စုံနှင့် စံပြအဖြေများ တစ်အုပ်နှင့် Hot Spot တစ်အုပ် ပေး၍ သင်ကြားပေးမည်။

ကျောင်းအပ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁


**Happy Day Restaurant**
**မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်**

၁။ စားဖိုမှူး (၃)ဦး
တရုတ်ဟင်းနှင့် ယိုးဒယားဟင်း ကျွမ်းကျင်ရမည်။
၂။ စားဖိုမှူးအကူ (၂)ဦး
ဓားကိုင်ကျွမ်းကျင်ရမည်။
၃။ စားပွဲထိုး (၅)ဦး
ပညာအရည်အချင်း (၈)တန်း အနည်းဆုံး ညှိနှိုင်းလစာ နေစရိတ်၊ စားစရိတ်ငြိမ်း။

No(4)I,J ဝတ်ဘာလမ်း၊ ဗဟန်းမြို့နယ်
Ph:01-541557,09-2009772

**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)**

B.R Global Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်-

(၁) ကိုရီးယားစကား ကျွမ်းကျင်စွာပြောဆိုနိုင်သူ(စကားပြန်) ကျား(၃)ဦး
(၂) Sale & Marketing ကျွမ်းကျင် (အတွေ့အကြုံရှိသူ) ကျား/မ(၅)ဦး
(၃) Korea ကား Aircon သီးသန့်ကျွမ်းကျင်စွာပြင်ဆင်နိုင်သူ ကျား(၃)ဦး

အမှတ်စဉ်အားလုံးအတွက် ကားမောင်းကျွမ်းကျင်သူ (ကျား)ဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်းနံပါတ် - 09-250283370, 09-791444549, 09-799482802 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**NAING FAMILY**
**CHERRY OO Co., Ltd.**

# Vacancy Announcement

**(1)Financial Controller/Location – Yangon (Head Office)** (1) Position
- B.Com, CPA holder and min 5 years experiences of related fields
- Have knowledge accounting operations including Billing, A/R, A/P, GL and Counsel, Cost Accounting, Inventory Accounting and Revenue Recognition
- Good experience preparation of the budget and financial forecasts and report variances, monthly financial statements
- Strong knowledge local, state, and federal government reporting requirements and tax filings
- Have good negotiation and communication skills
- Strong English writing and verb ling
- Skillful in accounting software (MYOB) & Microsoft Office

**(2)Chief Accountant /Location – Yangon Head Office** (1) Position
- B.Com, CPA holder and min 5 years of accounting experience
- Track record in preparing the financial reports, profit & -loss statement, cash flow and balance sheet
- Strong knowledge in conducting monthly trade functional report
- Have good negotiation and communication skills
- Strong English writing and verb ling
- Skillful in accounting software (MYOB) & Microsoft Office

**(3)Brand Manager /Location – Yangon Head Office** (2) Position
Qualifications and experiences
- Any Graduate, MBA (or) BBA preferred
- Age under 35 years
- At least (3) years' experience in related field.
- Have knowledge and experiences of Management functions
- Strong knowledge advertising, promotion, marketing and brand Costing
- Ability to work on own initiative with minimal supervision
- An organized and thorough approach to work
- Have good negotiation and communication skills
- Strong English writing and verb ling
- Skillful in the use of computer software and Microsoft Office Packages, -particularly Word, Excel, PowerPoint and Outlook

**(4)Assistant Brand Manager /Location – Yangon Head Office** (2) Position
Qualifications and experiences
- Any Graduate, DBA (or) MBA preferred
- Age under 35 years
- At least (3) years' experience in related field.
- Knowledge of Marketing and Business Management
- Have an instinctive feeling about future product concepts
- An organized and thorough approach to work
- Ability to perform the tasks effectively
- Have good negotiation and communication skills
- Strong English writing and verb ling
- Skillful in the use of computer software and Microsoft Office -Packages, particularly Word, Excel, PowerPoint and Outlook

**(5)Senior Sales Manager /Location – Yangon, Myanmar(Male / Female)** (1) Position
Department – Swiss Time Square
Qualifications and Experience Bachelor Degree / MBA preferred
- At Least 3 to 5 year experience in related fields in Managerial Roles
- Be a self-motivated professional with ability to drive result
- Excellent skills in managing and problem solving
- Well organized, detail oriented and independent
- Strong verbal and written communications skills
- Be customer focused with strong interpersonal and communication skills
- Excellent organizational skills with the ability to prioritize and manage own workload.
- Strong English Writing and Speaking Skills
- Be able to use computer skillfully

**(6)Designer /Location – Yangon (Head Office)** (1) Position
Qualifications and experiences
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူဖြစ်ရမည်။
- Photoshop Software & Facebook အား ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သူ။
- အသက် (၂၈) နှစ်မှ (၃၀) နှစ်အတွင်းရှိသူ။
- လုပ်ငန်းအတွေ့အကြုံ (၃) နှစ်ရှိသူဖြစ်ရမည်။
- နားလည်သဘောပေါက်လွယ်ပြီး လုပ်ငန်းအပေါ်စိတ်ဝင်စားစွာလုပ်ကိုင်နိုင်သူ။

Interested candidates who meet the above requirements are to submit an application letter and a comprehensive CV before to: HR Department, *Naing Family Cherry Oo* Co., Ltd.PH-09-36201084,09-977122533,01-376088,01-376089 hr@naingfamilymyanmar.com, cherryoohr@facebook.com , No. 103-105-107, 32nd St, Pabedan Township, Yangon.


JCB
BRITISH INNOVATION
A great business decision
A Product of Hard Work
မိုးရာသီအထူးလျှော့ဈေး
(တစ်ကြိမ်သာရမည့်အခွင့်အရေး)
(၂၂)တန် Excavator JS 220 LC
USD 99,000/-
(၃)စီးသာ လက်ကျန်ရှိတော့သည်။
(၃၇)တန် Excavator JS 370 LC
USD 175,000/-
(၁)စီးသာ လက်ကျန်ရှိတော့သည်။
ဦးရာလူ စနစ်ဖြင့်
ရောင်းချပေးသွားမည်။
အောက်တိုဘာလကုန်အထိသာ
Exclusively Distributed by
Advantage Trade Company Ltd, - A Partner of RMA Group
Yangon Head Office - No.27(A),Kabaraye Pagoda Road ,Yankin Township, Yangon. Tel : (+95) 1 - 665 610
Mandalay Office - No. 517. Ah Yar Daw Block, Yangon-Mandalay Highway Road, Pyigyi Takthon Township, Mandalay. Tel :(+95) 2 - 515 4404
Hot Line: (+95) 9 448 040 440, (+95) 9 253 370 727


မြန်မာပြည်စီးပွားရေးလမ်းညွှန်
၂၀၁၆ ခုနှစ်အတွက်
မြန်မာပြည်မှာဆို ဘာပဲလိုလို ?
အထက်ပိုင်း
အောက်ပိုင်း
ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။
Myanmar Business DIRECTORY
Sales Direct Line | 01 - 373254, 245358 (Ext: 817), 01-250700
02 - 4000611


၅၀%
ငွေဖြည့်အပိုလက်ဆောင်ရယူလိုက်ပါ
သီတင်းကျွတ်မှာ ချစ်ခင်ရသူတွေနဲ့ ဆက်သွယ်လိုက်ပါ
ပြည်တွင်း အူရီဒူး ဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုရန်၊ SMS ပို့ရန်နှင့် အင်တာနက်အသုံးပြုရန်အတွက် ၅၀% အပိုလက်ဆောင်ကို ၂၀၁၅ အောက်တိုဘာ ၁ ရက်နေ့မှ ၃၁ရက်နေ့ထိ ရယူနိုင်ပါပြီ။ အပိုလက်ဆောင်မှာ ၂၄နာရီအတွင်းသာ သက်တမ်းရှိပြီး မနက်၆နာရီမှ ညနေ၆နာရီ အတွင်းသာအသုံးပြုနိုင်ပါသည်။
ooredoo
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




ရန်ကုန်-မန္တလေးအမြန်လမ်း(၂၀၂)မိုင်မှာ ထမင်းစားမယ်၊နားမယ်
ရွှေအုပ်ကြီး
မြန်မာထမင်းဟင်းနှင့်စားဖွယ်စုံ
အရသာရှိသောစားသောက်ဖွယ်ရာများကိုသုံးဆောင်ရင်းခရီးတစ်ထောက်နားပါ
ဘုရားဖူးအဖွဲ့များနှင့်ခရီးသွားကုမ္ပဏီများကိုအထူးနှုန်းဖြင့်
ဝန်ဆောင်မှုပေးနေပါသည်၊ကြိုတင်ဆက်သွယ်ပါရန်
(၂၀၂)မိုင်၊အမြန်လမ်းယာဉ်ရပ်နားစခန်း၊နေပြည်တော်
Ph.0926 4011018 Ph.0978 2525158

朝阳 CYLC 学院
နှစ်လအချိန်ပေးရုံဖြင့် လုပ်ငန်းခွင်ဝင်နိုင်မည့် တရုတ်စာ စွမ်းရည်မြင့်သင်တန်း
- Basic - level - 5 (4-skills, HSK) (2m)
- Child course (4-skills, HSK) (3m)
- Business In Chinese (I,II) (2m)
- Home teaching
- ဘာသာပြန်၊ စကားပြန်။
Centre (I) မြေနီကုန်း၊
ph: 09-5414457

ဆန်လိုနေပြီလား
အိမ်စားဖို့ ဆန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါချို့
09-43334111 01-682844
09-43334222 01-682944
စိတ်ကောင်းကြွည်လင် ချန်ဝီယံဆေပါဆန်းဆေး

တိုက်ခန်းရောင်းရန်ရှိသည်
လှိုင်မြင်းမိုရ်အိမ်ရာ၊ (မြေညီထပ်) လှိုင်မြင်းမိုရ်လမ်းမကြီး၊ လှိုင်မြို့နယ်။ စီးပွားရေးလုပ်ရန်ကောင်းသည်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၂၅၄၇၉၂၄၄၀

ချောင်းသာ
OASIS
ကား+စား+တည်း(ငြိမ်း)
'အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်'
အမှတ်(၁၆-အေ)၊လေဆိပ်ရိပ်သာလမ်း၊(၁၀)မိုင်၊အင်းစိန်။
Ph:09 5038616, 09 254197844, 01 650201

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၁၊ မြေကွက်အမှတ်-၆၅၂/က၊ မြေကွက်တည်နေရာအမှတ်-၆၅၂/က၊ သခင်မြလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ (ဦးတင့်လွင်အောင်) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင့်လွင်အောင်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူသူ ဦးဖေအောင် ၁၂/အစန(နိုင်)၀၅၉၂၂၁မှ ပါမစ်နှင့် အရပ်ကတိစာချုပ် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# ကျေးဇူးတင်ရှိပါကြောင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပြီး ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုခဲ့သော (RCSS/SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ်အား ရှမ်းပြည်နယ်တိုင်းရင်းသားပြည်သူများကိုယ်စား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**သုခမ္မမဏိဇောတဓရ ဦးအောင်ကြီး-သုခမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေ**

**ကျေးဇူးကြီးလှ မိနှင့်ဖ**

**အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ**






## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်
## အသက်(၈၆)နှစ်

**ဌာနမှူး(စီမံ-ဘဏ္ဍာ၊ငြိမ်း)၊ စက်မှုတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်**

ရန်ကုန်မြို့၊ အမှတ်(၃၆၀)၊ သီရိလမ်း၊ (၃)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)နေ ဒေါ်တင်တင်ဦး၏ခင်ပွန်း ဦးခင် အသက်(၈၆)နှစ်သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေ နေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ဦးထွန်းကြည် (၇၂)နှစ်
**(ရွှေထွန်းကြည်ပရိဘောဂ)**
**ပျော်ဘွယ်ကြီးစံပြကျေးရွာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး စံပြကျေးရွာနေ (ဦးထွန်းကြိုင်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးဘရီ-ဒေါ်ရီ) တို့၏ သားသမက်၊ အမှတ် (၁၆၂)၊ လေးလွှာ (အီး)၊ ဗိုလ်မင်းရောင်လမ်းနေ ဒေါ်ယဉ်ယဉ်ဝင်း၏ခင်ပွန်း၊ (ဦးလှရီ)-ဒေါ်ခင်ကြည်၊ (ဦးငွေသန်း-ဒေါ်လှသန်း)၊ ဦးညွန့်မောင်-ဒေါ်စန်းမြင့်၊ (ဦးရွှေဝင်း)-ဒေါ်မြညွန့်၊ (ဦးမျိုးညွန့်-ဒေါ်ဝင်းကြည်)၊ (ဦးတင်ဖေ)-ဒေါ်သန်းသန်းဌေး၊ (ဦးဇော်ဝင်း)-ဒေါ်မီမီအောင်တို့၏အစ်ကိုကြီး၊ မောင်ကောင်းမြတ်ထွန်း၏မွေးသဖခင်၊ တူ/ တူမ ၂၂ ယောက်၊ မြေး ၁၉ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးထွန်းကြည်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေး နေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသဇ္ဇန
## သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ လေးရွာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသဇ္ဇနမဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ရက်) ၁၇-၁၀-၂၀၁၅(စနေနေ့) နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ရက်) ၂၄-၁၀-၂၀၁၅ (စနေနေ့) တွင် အန္တိမအဂ္ဂိစျာပနဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိရှိနိုင်ပါရန် အကြောင်းကြား အသိပေးအပ်ပါသည်။

**ဦးဝဏ္ဏိတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်ဇင်(ငြိမ်း)
**(ကြည်း-၆၇၂၂)ညွှန်ကြားရေးမှူး(ငြိမ်း)**
**လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
## အသက်(၉၀)

သူငယ်ချင်းဦးမြတ်သိဟ-ဒေါ်ခင်လင်းလင်းမြင့်တို့၏ဖခင် ဗိုလ်မှူးကျော်ဇင် (ငြိမ်း) (ညွှန်ကြားရေးမှူး-သတ္တုတွင်းဝန်ကြီးဌာန)သည် ၁၇-၁၀-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးလှထွန်း(ငြိမ်း)
**ကြည်း-၁၀၈၁၆**
**ဗိုလ်သင်တန်းအမှတ်စဉ်(၃၄) (တေဇ-၁၅)**
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာနေ ဒေါ်လှသန်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးလှထွန်း(ငြိမ်း)သည် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက်၁၀း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟတေဇညီအစ်ကိုများ**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာဒီပ
## သိက္ခာတော်(၂၈)ဝါ၊ သက်တော်(၄၈)နှစ်
**သာသနာ့ဝိသောဓနီ၊ ရပ်ကွက်သံဃာ့စည်းကမ်းထိန်းသိမ်းရေး ဥက္ကဋ္ဌ**

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၄) ရပ်ကွက်၊ ဩဇာလမ်း၊ ပညာ့ဗိမာန် ဝါရင့်တန်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာဒီပသည် (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၄း၅၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်) ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်) [သီတင်းကျွတ်လဆန်း (၁၁) ရက် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီနွယ်(မေရီ) (၇၈)နှစ်

၁၉၅၆-၆၀ ခုနှစ် ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်မှာ တွေ့ဆုံခဲ့ကြ၊ ပျော်ခဲ့ကြတယ်၊ နောက်ပိုင်းမှာလဲ စိတ်တူညီတူ သူငယ်ချင်းတွေ မကြာခဏ ဆုံတွေ့ဖြစ်ခဲ့ကြတယ်၊ ခုတော့ မင်းက ခွဲခွာသွားပြီပေါ့-

ဇရာပိုင်းရောက်နေတဲ့ ဒို့တွေလဲ လက်ကျန်ရက်တွေ သိပ်မရှိတော့ပါဘူး၊ မင်းလျှောက်တဲ့နောက်ဆုံးခရီး၊ ဒို့တွေလဲ လျှောက်လှမ်းကြရမှာပါပဲ၊ ခုထိတော့ ကျန်နေသေးတဲ့ သူများအနေနဲ့ မင်းရဲ့ပုံရိပ်တွေကို သတိရလွမ်းဆွတ်နေကြမှာပါ သူငယ်ချင်းရယ်၊ ရေတွင်း၊ ရေကန်များ အတူတူ ကုသိုလ်ယူခဲ့ကြတဲ့ ဘုငယ် ကောင်းရာသုဂတိ ရောက်ပါစေ။

**(၁၉၅၆-၆၀) အင်းလျားဆောင်မှ သူငယ်ချင်းများ**
**ဒေါ်ခင်သိန်း၊ ဒေါ်မြသိန်း၊ ဒေါ်မြင့်ဝေ၊**
**ဒေါ်ညွန့်ညွန့်ရင်၊**
**ဒေါ်နုနုကြင်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ရီရီမြင့်၊**
**ဒေါ်မြင့်မြင့်သိန်း၊**
**ဒေါ်ကြည်ကြည်အောင်၊ ဒေါ်ကြည်ကြည်ထန်၊ ဒေါ်စောသာမေ၊**
**ဒေါ်တင်အေးဝေ၊ ဒေါ်မမကြီး၊ ဒေါ်ခင်ဌေးယု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပြုံးသစ်
## အသက်(၅၄)နှစ်

စင်ကာပူနိုင်ငံနေ သူငယ်ချင်း ဒေါက်တာမြတ်မော်ထွန်း၏ဇနီး ဒေါ်ခင်ပြုံးသစ်သည် ၁၈-၁၀-၂၀၁၅ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်း နည်းကြေကွဲရပါသည်။

**မျိုးမြတ်သူ၊ မြင့်ဟန်၊ ဇော်မြင့်ဦး၊ သီဟကျော်စိုး၊**
**သက်လွင်၊ တိုးတိုးစိန်၊ သက်နိုင်၊ အေးကိုကို၊ စတိဗ်၊**
**လှဝင်းအောင်၊ အေးကျော်၊ စန်းစန်း၊ မိမိကျော်၊**
**နီလာသန်း၊ ဥမ္မာစန္ဒာ၊ စီစီမြင့်၊ ကြူကြူသက်**
**(ဒု-နှစ် ရုပ်ရှင်လုပ်ငန်း RC-2 မှ သူငယ်ချင်းများ)**

## ဦးလှစိန်(ဟာသ်ာတ)
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၆၅/၆) နေ (ဟာသ်ာတ ဦးဖြူ-ဒေါ်စု)တို့၏သား၊ (ဒေါ်ဒီ)၏ခင်ပွန်း၊ ဦးစိန်မြတ်အောင်-ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်နှင်းနှင်း၊ ဒေါက်တာစိန်လှမောင်၊ ဦးစိန်မြတ်ကျော်-ဒေါ်နန်းနီလာ၊ ဒေါ်သင်းသင်းတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၉-၁၀-၂၀၁၅(တနင်္လာနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၁)လပြည့်ဝမ်းနည်းကြေကွဲလွမ်းဆွတ်သတိရခြင်း
## ကိုသန်းဇော်(ကြီးကြပ်ရေးမှူး)
## အသက်(၄၀)
**ပြည်တွင်းကုန်တင်-ကုန်ချကော်မတီရုံး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**(၁၈-၉-၂၀၁၅)-(၁၈-၁၀-၂၀၁၅)**

ကျေးဇူးရှင် ချစ်ခင်ပွန်း ကိုသန်းဇော် ခွဲခွာသွားတာ(၁)လပြည့်ခဲ့ပါပြီ။ ကိုသန်းဇော်ကို ရည်စူး၍ ပြုပြီး၊ ပြုဆဲ၊ ပြုလုပ်မည့် ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်ရာ ဘုံဘဝမှကြားသိပြီး သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး-မစိန်ဌေးရီ(စက်မှုသီးနှံဦးစီးမှူးရုံး၊ လားရှိုးမြို့)**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးသိန်းဌေး (B.Ecom)
## (၁၉၆၉-၁၉၇၃)

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၌ ၁၄-၁၀-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားသော ဦးသိန်းဌေး (မြို့နယ်စာရင်းစစ်မှူး-ငြိမ်း) (၆၈)နှစ် နာမကျန်းဖြစ်စဉ်က အထူးကြပ်မတ်ပြုစုကုသပေးကြပါသော မိုးမိတ်မြို့၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံဝန်ထမ်းများ အားလည်းကောင်း၊ ကွယ်လွန်ချိန်၌ နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကရုဏာသုခအသင်း၊ ပါရမီရှင်အသင်းနှင့် လူမှုရေးအဖွဲ့အစည်းများအား လည်းကောင်း၊ လူကိုယ်တိုင်မလာ ရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်နှစ်သိမ့် အားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားကျေးဇူးတင် ထိုက်သူများအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

<table><tr><td>ဖခင် အမည်မှန်</td><td>အမာမြို့နယ်၊ အထက ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ထက်အာကာ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော်သူ[၁၄/ဘကလ(နိုင်)၁၉၈၉၇၉]ဖြစ်ပါကြောင်း။<br>ဦးမြင့်ကျော်သူ</td></tr></table>

သင့်သွေးဖြင့် အသက်ကယ်ပါ

# အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်မြကြည်
# အသက်(၆၄)နှစ်

ဦးနေလင်းဦး-ဒေါ်အေးအေးမာတို့၏ချစ်လှစွာသော ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြကြည်သည် ၁၈-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇာနည်အောင်-ဒေါ်လွန်းစံ**
**Hein Engineering Co.,Ltd**

## တောင်ကြီးအသင်း(ရန်ကုန်)
## စဝ်မြတ်သာ(သားငယ်)
**အလုပ်အမှုဆောင်**
## အသက်(၄၅)နှစ်

တောင်ကြီးမြို့နေ (ဦးစဝ်သာတင့်-ဒေါ်စဝ်မြစ်ဦး)တို့၏သား၊ ဒေါ်အေးအေးဝင်း၏ခင်ပွန်း စဝ်မြတ်သာ တောင်ကြီးအသင်း(ရန်ကုန်) အမှုဆောင်သည် ၁၇-၁၀-၂၀၁၅(စနေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့




## (၁၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင်မိခင်ကြီး ဒေါ်စောမြင့်(ခ)ဒေါ်ဟာဘီဘာ မိသားစုနှင့် မမျှော်လင့်ဘဲ ခွဲခွာခဲ့သည်မှာ ၂၁-၁၀-၂၀၁၅ ရက်တွင် (၁၄)နှစ်ပြည့်ခဲ့ပြီဖြစ်သော် လည်းတစ်နေ့မှ မေ့မရပါ။ လွမ်းဆွတ်တမ်းတ သတိရနေဆဲပါ။ မိခင်ကြီးအား ရည်စူး၍ လစဉ်၊ နေ့စဉ်မိသားစုပြုသမျှ ကုသိုလ်ကောင်းမှု လှူဒါန်းမှုအစုစုတို့ကို အလ္လာဟ်သျှင်မြတ် လက်ခံတော်မူ၍ အကျိုးဆက်များရရှိပြီး မြင့်မြတ်သော ဂျန္နသ်သုခဘုံမှာ စံမြန်းနိုင်ပါစေ။

**အာမီး(န်)**
**ချစ်ခင်ပွန်း-ဟာဂျီဦးအီဗရာဟင်**
**နှင့်ချစ်သား၊သမီး၊ မြေးမြစ်များ**
**(ငွေတောင် ကွမ်းသီးရုံ မိသားစု) မြိတ်မြို့။**

### ကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်လှ (ထားဝယ်)**
**အသက် (၈၁) နှစ်**

၁၆-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားသော ဒေါ်ခင်လှ (ထားဝယ်)၏ နာမကျန်းဖြစ်ချိန်အတွင်း အထူးဂရုစိုက် ပြုစုကုသပေးသော အာရှတော်ဝင်အထူးကုဆေးရုံမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဦးမြတ်သူနှင့် အမှုဆောင်ဒါရိုက်တာ ဒေါက်တာဦးအောင်ပြည့်ကျော်(ခ)ဦးဇာနည်၊ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးစိုးအောင်၊ အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးဝင်းနိုင်၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများအားလည်းကောင်း၊ ဆေးကုသန်ရန်နှင့် ကွယ်လွန်ပြီးချိန်တွင် လူနာတင်ယာဉ်(Ambulance) စီစဉ်ကူညီဆောင်ရွက်ပေးသော ဝန်ထမ်းများအားလည်းကောင်း၊ ချစ်လှစွာသော မိခင်ကြီးနှင့် ချစ်လှစွာသော အဘွားအား မေတ္တာ၊ စေတနာ၊ ကရုဏာများစွာဖြင့် အစစအရာရာ ကူညီဆောင်ရွက်ပေးသော ဆေးရုံဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဦးကိုကိုလွင်-ဒေါ်သန်းသန်းရှိန်(ငွေပင်လယ်ငါးမုန့်)နှင့်**
**ဦးကျော်သူရိန်ဖြိုး(ခ) ကိုညီညီ(စွမ်းထက်ရည်ကုမ္ပဏီလီမိတက်)**
**ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမများအားလုံး**

### ကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်လှ (ထားဝယ်)**
**အသက် (၈၁) နှစ်**

၁၆-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားသော ချစ်လှစွာသော မိခင်ကြီးနှင့် အဘွားဖြစ်သူ ဒေါ်ခင်လှ (ထားဝယ်)၏ ဆေးရုံတက်စဉ် နေ့/ညမပြတ် လာရောက်၍ မေတ္တာပို့သပေးသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတဓရ၊ နယ်စပ်ဒေသနှင့် ပြည်တွင်းပြည်ပ သာသနာပြုအလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယကဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တအရိယဝံသနှင့် တရားဓမ္မများဟောကြားပေးခြင်း၊ အသုဘပို့ဆောင်စဉ် "အမွေခံထိုက်သူဖြစ်ပါစေ" တရားစာအုပ်အား ဓမ္မဒါနဖြင့် လှူဒါန်းပေးသော ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမဋ္ဌာနာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ဘုရားကြီးဒေါက်တာ အရှင်ကောဝိဒအားလည်းကောင်း၊ လာရောက်ကြည့်ရှုပြုစုပေးသော ဆွေမျိုးမိတ်ဆွေအားလုံးအားလည်းကောင်း၊ နာရေးကိစ္စကူညီဆောင်ရွက်ပေးသော စည်ပင်သာယာအဖွဲ့အစည်းမှ ဝန်ထမ်းများအားလည်းကောင်း၊ မရမ်းကုန်းမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ (၇) ရပ်ကွက်မှ ရပ်ကွက်လူကြီးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ ဦးကျော်သူ နာရေးကူညီမှုအသင်းအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ သတင်းစာများမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသော ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် လွမ်းသူ့ပန်းခြင်းများ လာရောက်ပေးပို့ကြသောဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗွီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော Aeroma အဖွဲ့အားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဦးကိုကိုလွင်-ဒေါ်သန်းသန်းရှိန်(ငွေပင်လယ်ငါးမုန့်)နှင့်**
**ဦးကျော်သူရိန်ဖြိုး(ခ) ကိုညီညီ(စွမ်းထက်ရည်ကုမ္ပဏီလီမိတက်)**
**ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမများအားလုံး**

## ဦးတင်စိုး
**(ကိုယ်ပိုင်အမှတ်-၆၁၀၄) (တပ်မတော်ရေ-ငြိမ်း)**
**အသက် (၇၉)နှစ်**

ဒေါပုံမြို့နယ်၊ ဇေယျာသီရိ (၄)လမ်း၊ အမှတ် (၇၉)နေ (ဦးအောင်ဆွေ-ဒေါ်ခင်မမကြီး)တို့၏သား ဦးတင်စိုး သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၅ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကျင်စိန်(သနပ်ပင်)**
**အသက်(၁၀၃)နှစ်**

ဦးစိုးကြင်-ဒေါ်ခင်မမ တို့၏ မိခင်ဖြစ်သူ ဒေါ်ကျင်စိန်သည် ၁၁-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဘွန်ချိုက်**
**ဦးမောင်လေး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးထင်လှ(မုံရွာ)**
**အသက်(၉၉)နှစ်**

ချစ်သူငယ်ချင်းဦးဆန်းရှင်မင်း၏ဖခင် ဦးထင်လှသည် ၁၇-၁၀-၂၀၁၅ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သောသူငယ်ချင်းများ**
**1971-77 March Batch**
**ပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ၁၉၈၄ ခုနှစ် တက္ကသိုလ်များလက်ရွေးစင် ဘောလုံးသမားဖြစ်သူ ဒုရဲမှူးလေးနိုင်သည် ၁၃-၁၀-၂၀၁၅ရက်တွင် လားရှိုးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**UNIVERSITY OLD BLUES**

## ဝမ်းနည်းကြေကွဲခြင်း

အားကစား ကလောင်ရှင် SPORT TIME JOURNAL (အယ်ဒီတာ) ဦးတင်မောင်လတ်(ခ)ဦးကိုကိုလတ်သည် ၁၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**UNIVERSITY OLD BLUES**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌ) ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား) အသက် (၈၅)နှစ်သည် ၂၇-၉--၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**UNIVERSITY OLD BLUES**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ရွှေ**
**အသက်(၇၉)နှစ်**

သူငယ်ချင်း မျိုးကျော် (Director Best Star Pte. Ltd၊ ခေတ္တ-စင်ကာပူ)၏ မိခင်သည် ၁၉-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၄-၁၉၉၁)ရန်ကုန်တက္ကသိုလ်ဘူမိဗေဒမှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသက်ထူး**
**(ဒု-ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကော့ကရိတ်)**

ဦးသက်ထူး(ဒု-ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကော့ကရိတ်)သည် ၂၁-၁၀-၂၀၁၅ရက် နံနက်၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဝင်းသောင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)**
**(JES)မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ညွန့်ဝေ**
**အသက်(၇၄)နှစ်**
**ဘဏ္ဍာရေးမှူး (MEPE-ငြိမ်း)**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဒေါ်ခင်ညွန့်ဝေ(ဘဏ္ဍာရေးမှူး၊ MEPE-ငြိမ်း) အသက်(၇၄)နှစ် သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ညွန့်ဝေ**
**အသက် (၇၄)နှစ်**
**ဒိုက်ဦး**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် အတွင်းရေးမှူးဟောင်း ဒေါ်ခင်ညွန့်ဝေသည် ၁၈-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

# အနိစ္စ

## ဦးသာမြ(စစ်တွေ)
**အသက် (၈၅)နှစ်**
**ဒု-ပြည်နယ်**
**လ. ဝ. က ဦးစီးမှူး(ငြိမ်း)**

စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်နေ (ဦးသာကျော်ဦး-ဒေါ်လှစိန်ဦး)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၁၉၇)၊ ပထမထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ (ဒေါ်စောနု)၏ခင်ပွန်း၊ ဦးကျော်ဆန်းဝင်း-ဒေါက်တာခင်ခင်စော၊ ဦးအောင်သန်းဇော်၊ (ဦးအောင်မျိုးဇော်)-ဒေါ်ချိုမာဦးတို့၏ဖခင်၊ ဒေါက်တာကျော်မောင်မောင်၊ မောင်အောင်ဆန်းမင်း၊ မောင်ဉာဏ်လင်းထက်တို့၏အဘိုးရှင်သည် ၂၁-၁၀-၂၀၁၅ရက် ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်တင်လှ(ခရမ်း)
**အသက် (၇၅)နှစ်**
**အမှတ်(၆)**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

ခရမ်းမြို့၊ (၄)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၂၈)နေ (ဦးထွန်းမောင်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဒေါ်ညို)၊ (ဦးလှရွှေ)-ဒေါ်ကြည်တို့၏ညီမ၊ ကိုထင်လင်း-မလှသူသူအောင်(ရိုးမပွဲရုံ၊ ခရမ်း)တို့၏အဒေါ်၊ မောင်ဘုန်းနိုင်၊ မောင်ဘုန်းမင်းခန့်၊ မောင်ဘုန်းမြတ်တို့၏အဘွားဒေါ်တင်လှသည် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခရမ်းမြို့၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊**
**နတ်လမ်း ဒါယိကာမကြီး**
## ဒေါ်သိန်းရွှေ (၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ် (၂၄၇)နေ (ဦးဘသန်း-ဒေါ်တင်လှ)တို့၏သမီး၊ (ဦးကုလား-ဒေါ်သန်းရင်)တို့၏သမီးချွေးမ၊ မကေခိုင်ဦး၊ မလွင်လွင်ခိုင်၊ ကိုကျော်ဇင်ဝင်း၊ မလေးလေးမြင့်၊ မသက်သက်မွန်(အထက-၃၊ မြောက်ဥက္ကလာပ)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဦးအုန်းကျော်၏ချစ်လှစွာသောဇနီး၊ မောင်မင်းမြတ်ကို၏အဘွားသည် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၅(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကင်းမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဝင်း
**အသက (၆၁)နှစ်**
**(သိမ်ချောင်း)**
**ဘ. ဓ. ရ(B.Sc Geology 79)**

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၁)ရပ်ကွက်၊ သိမ်ချောင်းလမ်း၊ အမှတ် (၁၂၄၂)နေ (ဦးမြအောင်-ဒေါ်တင်ရွှေ)တို့၏သား၊ ဦးလှမြင့်-ဒေါ်တင်မြရီတို့၏ညီ/မောင်၊ ဦးခင်ဝင်း-ဒေါ်အေးအေးဝင်း၊ ဒေါ်ရီရီဝင်း၊ ဒေါ်သန်းသန်းဆွေ (အထက-၃၊ ဒဂုံတောင်)၊ ဦးဇော်လွင်-ဒေါ်သိန်းဥ၊ ဦးအောင်နိုင်ဝင်း-ဒေါ်နီမာထွန်း၊ ဦးကျော်စိုးဝင်း-ဒေါ်ရွှေစင်မျိုး၊ ဒေါ်ဆွေဆွေမြင့်တို့၏အစ်ကိုသည် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းခင်(ရွှေတောင်) (၉၃)နှစ်
**နာယက၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ရွှေတောင်မြို့၊ တည်ကုန်းရပ်နေ (ဦးကျော်-ဒေါ်တင့်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ တိုက်အမှတ်(၃)၊ မြေညီထပ်နေ (ဦးဒိုး)၏ဇနီး၊ (ဒေါ်ခင်စောကြည်)၊ ဦးမျိုးညွန့် (ဒုစက်ရုံမှူး-ငြိမ်း၊ သိပ္ပံပစ္စည်းစက်ရုံ)-ဒေါ်မြင့်မြင့်ဆွေ(ပါမောက္ခ-ငြိမ်း)၊ ဦးလှမြင့်-(ဒေါ်စုလှိုင်)၊ ဦးသိန်းကြွယ် (GUYOMARCH FORTUNE Co.,)-ဒေါ်တင်တင်ဌေး(အလပြ-ငြိမ်း)တို့၏ ချစ်လှစွာသောကြီးကြီး၊ ကပ္ပတိန်ဇော်ထွန်း (JRORION Co., Ltd)-ဒေါ်နှင်းနုဆွေတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၁၅(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးချစ်သိန်း (၈၆)နှစ်
**(မော်လမြိုင်)**

သထုံမြို့၊ ဘင်လှိုင်ရပ်နေ (ဦးဖိုးသာ-ဒေါ်စိန်အိ)တို့၏သား၊ မော်လမြိုင်မြို့နေ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်ရီခင်၊ ဒေါ်မြင့်မြင့်ဝေ-ဦးမျိုးညွန့် (Bangkok Airways)၊ ဒေါ်အေးအေးမော်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၁၀-၂၀၁၅(အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ အမှတ်(၇၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းစိန် (၇၁)နှစ်
**လက်ထောက်မန်နေဂျာ-စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၆၆)သစ်စက်**
**ပြည်တွင်းရောင်း/ဝယ်ရေးနှင့်သစ်စက်ဌာန**
**မြန်မာ့သစ်လုပ်ငန်း၊ စိန်ကန့်လန့်ကျေးရွာ၊ မင်းလှမြို့**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မြောက်ဘက်တန်းလမ်းနေ (ဦးတင်မောင်-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ဦးလှမောင်-ဒေါ်အေးသီတို့၏သားသမက်၊ ဒေါ်ရီရီမြင့်(ခ)ဒေါ်တရုတ်မ(မြန်မာ့ရုပ်ရှင်လုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ (ဦးနေမျိုးဝင်း)-ဒေါ်နန်းရွှေဌေး၊ ဦးရဲဝင်းအောင်-ဒေါ်စန္ဒာအောင်၊ ဦးထက်မြက်ဝင်း-ဒေါ်ဝေဝေလှိုင်၊ ဒေါ်ခင်ဝတ်ရည်သိမ့်(ခ)သက်ရည်ဝင်းစိန်တို့၏ဖခင်ကြီး၊ နန်းအေးငြိမ်းပြည့်သူ(ခ)ပြည့်ပြည့်၊ နန်းစုနေနေအောင်(ခ)သျှန်သျှန်၊ ကောင်းထက်လျှံ(ခ) Kelven တို့၏အဘိုးသည် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့)တွင် မင်းလှမြို့၊ တောင်ဘက်မြို့သစ် (၂)လမ်း၊ နေအိမ်မှမင်းလှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ဥမ္မာခင်(ရေနံမြေအလုပ်ရုံ)
**အသက် (၆၁)နှစ်**
**ရေနံချောင်းမြို့**

ရန်ကုန်မြို့နေ (ဦးထွန်းရင်-ဒေါ်စိန်မြိုင်)တို့၏သမီးချွေးမ၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြစိမ်းရောင်းရပ်နေ (ဦးအုန်းကြည်-ဒေါ်ရီရီ)တို့၏သမီး၊ ဦးကျော်မြင့်(ရေနံမြေအလုပ်ရုံ)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်းထွန်း-ဒေါ်မီမီကျော်၊ ဦးဝဏ္ဏကျော်(ရန်ကုန်လျှပ်စစ်၊ ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ YESC)-ဒေါ်အိအိငြိမ်း(Gold Petrol)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ဥမ္မာခင်သည် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေနံချောင်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရီရီလွင် အသက်(၅၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်(၅)၊ အခန်း(၄၀၄)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်နေ ဦးလှအောင်-(ဒေါ်ညို)၏ သမီးချွေးမ၊ ဦးအင်းဟုတ်-ဒေါ်စက်တင်တို့၏သမီး၊ ဦးသန်းဌေး (Sky Steel Decoration)၏ဇနီး၊ မကေဇင်သွယ်၏ မွေးသမိခင်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးဆက် (၆၈)နှစ်
**ယခင် (၁၀)လမ်းထိပ် တာယာဆိုင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း အရှေ့မြောက်ရပ်ကွက်၊ အမှတ် (၁၁၀/ခ)၊ နတ်စင်လမ်းနေ (ဦးအုန်းမြင့်-ဒေါ်ကျင်ကြူး)တို့၏သားကြီး၊ (ဦးမောင်လှ)-ဒေါ်တင်ကြည်တို့၏ သားသမက်၊ ဒေါ်ခင်လှမြင့်၏ခင်ပွန်း၊ မရွှေစင်ဝင်း၊ မောင်ကောင်းစံဟိန်းတို့၏မွေးသဖခင်၊ ဦးကျော်ကျော်-ဒေါ် မြင့်မြင့်သိန်း၊ (ဦးမောင်မောင်စိုး-ဒေါ်လှဝင်း)တို့၏ ညီ/မောင်၊ ဦးတင်ဆွေအောင်-ဒေါ်သန်းဝင်း၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးသန်းဦး)၊ ဦးခင်လှိုင်-ဒေါ်ခင်သီတာထွေး၊ ဒေါ်နီမွှလဉာဏ်၊ ဦးထွန်းဝင်း-ဒေါ်ဝါဝါမွန်၊ (ဦးမောင်ကျော်သိန်း)-ဒေါ်နိုင်နိုင်အောင်တို့၏အစ်ကိုကြီး ဦးမျိုးဆက်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီနှင့် မြမြဝင်းလက်ဖက်ရည်ဆိုင်ရှေ့လမ်းမတော်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအေး
**အသက် (၄၄)နှစ်**
**(မင်းပြားမြို့နယ်)**

မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ (ဦးကျော်ဇံလှ)-ဒေါ်နုချေတို့၏သမီးထွေး၊ ဦးသာမြအောင်၏ဇနီး၊ မြတ်သီဂီအောင်၊ မဆွေဆွေအောင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဒေါ်သိန်းနွဲ့၊ ဒေါ်သိန်းအေး၊ ဒေါ်လှအေးနု၊ ဦးကျော်နုတို့၏ညီမ၊ ဒေါ်သန်းသန်းအေးသည် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၅၊ ရှစ်လွှာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးသောပါက(ခ)ဗိုလ်ကြီးကျော်ကျော်ဝင်း(ငြိမ်း)(ခ)
## Philip ဘမောင်
## သိက္ခာတော်(၅)ဝါ၊ သက်တော်(၇၂)နှစ်
**စိန်ပေါကျောင်းသားဟောင်း**
**ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ ဆင်မလိုက် သင်္ဘောကျင်း**

ရန်ကုန်မြို့နေ (ဦးဘမောင်-ဒေါ်ခင်ခင်မြင့်)တို့၏သား၊ (ဦးမေအောင်-ဒေါ်ညွန့်စိန်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်(ခ)ဒေါ်ပိုက်ပိုက်၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုကျော်ရန်နိုင်)၊ မဝင်းကြေးမုံ-ကိုဝေလင်းအောင်၊ ကိုကျော်စစ်ရှင်-မလဲ့လဲ့ဝင်း၊ ကိုကျော်ချမ်းငြိမ်း၊ မဝေကျော်အိ၊ မသက်ဝေကျော်-ကိုသာဒိုးတို့၏ ချစ်လှစွာသော ဖခင်သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ညောင်စီရေကန်ကျောင်းတိုက် (ရေကြောင်းကောလိပ်အနီး)သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းထွန်း (၈၁)နှစ်
**ပန်းတနော်၊ ခနွဲကဘိုကျေးရွာ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ခနွဲကဘိုကျေးရွာနေ (ဦးညို-ဒေါ်မယ်ဟန်)တို့၏သား၊ တောင်ဒဂုံမြို့နယ်၊ (၁၀၅)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ်(၇၃၉/က)နေ ဒေါ်စန်း၏ခင်ပွန်း၊ (ဦးဟန်တင့်-ဒေါ်ခင်သန်း)၊ (ဦးချစ်ငွေ-ဒေါ်သန်းမြင့်)၊ (ဦးကျင်မောင်-ဒေါ်ခင်မြိုင်)တို့၏မောင်၊ ဦးသိန်းထွန်း၏အစ်ကို၊ (ဦးအေးရွှေ)-ဒေါ်တူးတူး၊ ဦးချို-ဒေါ်တင်တင်အေး၊ မယဉ်ထွေး၊ ကိုညီဇော်-မညိုညိုထွန်း၊ ကိုတင်ဝင်း-မစန်းဝင်း၊ မခင်သီတာထွန်း၊ မောင်ထွန်းထွန်းဝင်း၊ မဥမ္မာထွန်းတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၅(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းကြည် (၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း၊ ဌေးကြွယ် (က)ရပ်ကွက်၊ အမှတ် (၁၂)၊ ပုညဝဇ္ဇန လမ်းနေ (ဦးစံလှ-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဒေါ်စိန်မြ)၏ညီမ၊ ဦးလှမြင့်၊ ဒေါ်စိန်တို့၏အစ်မ၊ (ဦးလှကြိုင်)၏ဇနီး၊ ဒေါ်သင်းသင်းဦး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ခင်ဆွေဦး၊ (ဦးသန်းကြိုင်)၊ ဒေါ်စီ၊ ဒေါ်ချို၊ ဒေါ်ပေါက်တို့၏မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ် နှစ်ယောက်တို့၏အဘွားသည် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ်(၁၈၇)၊ အခန်း (၄)၊ ကောက်လျင်လမ်းသွယ် (၃)လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၅(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ဝင်း (၆၉)နှစ်
**B.Com(IT)**
**သမ/ဦးစီးအရာရှိ(ငြိမ်း)**

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်မင်းလမ်းနေ (ဦးအိတ်တျောင်း-ဒေါ်ကျင်ရွှေ)၊ ဒေါ်ပိုက်တို့၏သမီးကြီး၊ တိုက်ကြီးမြို့နေ (ဦးအင်းနား-ဒေါ်ကြင်ကြင်)တို့၏သမီးချွေးမ၊ ဦးစိုးစံဝင်း-ဒေါ်အေးသီတာ၊ ဒေါ်ဖြူအိဝင်း၊ ဦးအောင်ပိုင်ဟိန်း-ဒေါ်နီလာအေးတို့၏မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးစိန်ဝင်း (သမဦးစီးမှူး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ကျင်ဝင်းသည် ၂၀-၁၀-၂၀၁၅ ရက် ည ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် သိမ်ဆိပ် တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒီမာ (၅၉)နှစ်
**အထက(၂) စမ်းချောင်း၊ စိန့်ဖလိုမီနာကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၇၆)၊ မြေညီ(A)နေ (ဦးကံညွန့်-ဒေါ်အမာနီ)တို့၏သမီးကြီး၊ ဦးပတ္တမြားမောင်-ဒေါ်မူမူသိန်း (ဦးစီးအရာရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးပညာပေးရေးဌာနခွဲ၊ နေပြည်တော်)၊ တေးသံရှင်သူရိန်မောင်မောင်(ခ)နေမင်းမောင်မောင်(B.A English)တို့၏အစ်မ၊ မောင်ထက်လင်းဖြိုး(Uniteam Shipping MV.Santa Marta၊ ခေတ္တ-Ausi)-မလွင်မွန်ရည် (B.A Psychology)တို့၏ အဒေါ်သည် ၂၀-၁၀-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒုရဲမှူးသိန်းဦး (၅၈)နှစ်
**အပတ်စဉ် (၁၆)၊ (ရဲ-၃၆၃၂) ရေကြောင်းရဲတပ်ဖွဲ့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံရဲရိပ်သာ၊ အမှတ် (၃၆၅)၊ ခုနစ်လွှာနေ (ဦးလှမောင်)-ဒေါ်ခင်ဆွေတို့၏သား၊ (ဦးမြင့်ဦး)-ဒေါ်ဝင်းကြည်တို့၏ညီ၊ ဦးစိုးသိန်း-ဒေါ်ပြုံးပြုံးမူ၊ ဦးလွင်ဦး(ကိုပေါက်)-ဒေါ်သန်းသန်းမွန်တို့၏အစ်ကို၊ ဒေါ်စန်းစန်းလှ၏ခင်ပွန်း၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုး ဒုရဲမှူးသိန်းဦးသည် ၂၀-၁၀-၂၀၁၅(အင်္ဂါနေ့) ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅(ကြာသပတေးနေ့) ညနေ ၄နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ် ဒါယကာ**
## ဒေါက်တာပြည့်စုံအောင် (၂၉)နှစ်
**M.B.,B.S (DSMA 12 INTAKE)**

ပုသိမ်မြို့နေ ဦးနုတင်-ဒေါ်သင်းသင်းခိုင်တို့၏သား၊ ရန်ကုန်မြို့၊ တိုက်(၁၁)၊ အခန်း(၁၃)၊ ပန်းလှိုင်အိမ်ရာနေ ဦးအေးတင်-ဒေါ်အေးအေးရီတို့၏ သားသမက်၊ မသူဇာရတနာတင်၏ချစ်ခင်ပွန်းသည် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူ အားရည်စူး၍ ၂၇-၁၀-၂၀၁၅(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပန်းလှိုင်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကန်ချာနာဘူရီချိတ်ဆက်မည့် လေးလမ်းသွားကားလမ်း နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအပြီးတွင် တည်ဆောက်ရန်မျှော်လင့်

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ၏ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့နှင့် ထိုင်းနိုင်ငံ ကန်ချာနာဘူရီပြည်နယ်တို့ချိတ်ဆက်ထားသော ကားလမ်းအား လေးလမ်းသွားကားလမ်းအဖြစ် အဆိုပြုထားပြီး မြန်မာနိုင်ငံက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအပြီးတွင် တည်ဆောက်သွားရန် မျှော်လင့်ထားကြောင်း အောက်တိုဘာ ၂၁ ရက်တွင် ဖော်ပြခဲ့သည့် ဘန်ကောက်ပို့စ်သတင်းတစ်ရပ်အရ သိရသည်။

ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ကုန်ကျမည့် ၁၄၅ ကီလိုမီတာအရှည်ရှိ အဆိုပါလေးလမ်းသွားကားလမ်းသည် ကန်ချာနာဘူရီပြည်နယ်နှင့် ထားဝယ်အကြား ခရီးသွားကြာချိန်ကို လျှော့ချ

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✻


ဓာတ်ပုံ-KAREN NEWS

ယနေ့

## မာတိကာ

ကမ္ဘောဒီးယားနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက် ယမန်နှစ်ကထက်မြင့်တက် — စာမျက်နှာ - ၄

ရောင်းချရခြင်းမရှိသေးသည့် မော်တော်ယာဉ်များ ပြည်ပကုန်အပ်နှံသူထံသို့ ပြန်လည်တင်ပို့ရမည် — စာမျက်နှာ - ၉

# မြန်မာရေလုပ်သား ၃၉ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

သတင်း စာမျက်နှာ - ၉



**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

## ဧယျာရွှေမြေနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲရွှေ့ဆိုင်းပွဲစဉ်ဖြစ်သည့် ဧယျာရွှေမြေနှင့် ရတနာပုံအသင်းတို့၏ပွဲကို ယနေ့ညနေပိုင်းက မုံရွာကွင်း၌ ပြန်လည်ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျသွားသည်။

**(မုံရွာကွင်း)**

ဧယျာရွှေမြေ - တစ်ဂိုး

ရတနာပုံ - တစ်ဂိုး

တန်းဆင်းဇုန် အန္တရာယ်ရှိနေသည့် ဧယျာရွှေမြေအသင်းမှာ ယခုပွဲတွင်လည်း နောက်ကျချေပဂိုးဖြင့် သရေတစ်မှတ်သာ ရယူနိုင်ခဲ့သောကြောင့် တန်းဆင်းအန္တရာယ်ရှိနေဆဲဖြစ်သည်။ ရတနာပုံအသင်းမှာလည်း နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် ဒုတိယနေရာအတွက် ဖိအားရှိနေဆဲဖြစ်ပြီး လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ○




themirror.npt@gmail.com
www.facebook.com/themirrordaily

ရွေးမှု The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အောက်တိုဘာ ၂၂ ရက်၊ ၂၀၁၅ ခုနှစ် (ကြာသပတေးနေ့)


ပညာရေးဝန်ကြီးဌာန

# အခမဲ့ပညာရေးမှ ဘက်စုံလွှမ်းခြုံသော ပညာရေးဆီသို့

**ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်းအရည်အသွေးရှိသော အခြေခံပညာကို သင်ယူခွင့်ရရှိကာ အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

**ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မူဝါဒများ ချမှတ်နိုင်ရေးဆွေးနွေးပွဲကို နေပြည်တော်၌ နိုင်ငံတကာပညာရှင်များဖြင့် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၏ရလဒ်မှာ ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(Comprehensive Education Sector Review - CESR) ဖြစ်သည်။

ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်သည့် အဖွဲ့ဖြင့် အဆင့်သုံးဆင့် ဆောင်ရွက်ခဲ့သည်။

ပထမအဆင့်တွင် အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ ဒုတိယအဆင့်တွင် အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် တတိယအဆင့်တွင် ပညာရေး ကဏ္ဍစီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

CESR ၏ အကြံပြုချက်များနှင့်အညီ ပညာရေးမူဝါဒများနှင့် ပညာရေးဥပဒေကို ပညာရှင်များက ရေးဆွဲပြီး အများဆန္ဒသဘောထားရယူကာ အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။

CESR၏ ပညာရေးကဏ္ဍငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀)ကိုလည်း ပြုစုထားပြီးဖြစ်သည်။ ထို့ပြင် ပြဋ္ဌာန်းပြီးသည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း(KG)တန်းကို သင်ရိုးအသစ်ပြောင်းလဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ငါးနှစ်တာကာလအတွင်း လေးဆကျော် တိုးမြှင့်သုံးစွဲ**

ပညာရေးအသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ဘီလီယံ ၃၁၀၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ဘီလီယံ ၆၄၀ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၈၉၂ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၁၀၅ ဘီလီယံ သုံးစွဲခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၃၉၉ ဘီလီယံအထိ တိုးမြှင့်သုံးစွဲခဲ့ပြီး ငါးနှစ်တာကာလအတွင်း လေးဆကျော် တိုးမြှင့်သုံးစွဲခဲ့သည်။

**အခြေခံပညာကဏ္ဍ**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အခြေခံပညာကဏ္ဍတွင် ကျောင်းစုစုပေါင်း ၄၅၃၇၈ ကျောင်း၊ ဆရာ ဆရာမ စုစုပေါင်း ၃၂၂၅၁၄ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၈၅၃၄၈၀ ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းအဆင့် အခမဲ့ပညာရေးကို စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းအဆင့်အထိ တိုးတက်ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၂ သို့ »»

## ပညာရေးကဏ္ဍ၏ သိသာထင်ရှားသောပြောင်းလဲမှုများ

ပညာရေးကဏ္ဍမှာ ပြည်သူတွေ သိသာထင်ရှားစေတဲ့ရလဒ်ကတော့ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ တက္ကသိုလ်အဆင့်တွေမှာ စကောလားရှစ်၊ စတိုင်ပင်အသုံးစရိတ်တွေ ပိုမိုသုံးစွဲပေးနေသလို စနစ်တကျဖြစ်ဖို့လည်း လုပ်ဆောင်နေပါတယ်။ ထူးခြားမှုတစ်ခုက နိုင်ငံတော်သမ္မတရဲ့ ပညာသင်ဆုချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါဟာ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင်ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**


အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ကြားခွင့်ရရှိနေကြသော အနာဂတ်၏ပွဲကိုင်ရှင်များ။ (ဓာတ်ပုံ- ဇေယျာဝင်း)

ဘဏ္ဍာရေးဝန်ကြီးဌာန

# ကြွေးဟောင်းဆပ်၍ ကြွေးသစ်တည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်နှင့်အညီ

**နိုင်ငံတော် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုပုံစံကို ပြောင်းလဲရေးဆွဲ**

၁-၄-၂၀၁၁ ရက်နေ့မတိုင်မီက နိုင်ငံတော်၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေစာရင်းကို နိုင်ငံတော်တစ်ခုလုံးအတွက် တစ်ခုသာရေးဆွဲခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၁ - ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမ ၆ လတွင် လိုအပ်သည်များစီမံပြင်ဆင်ပြီး ဒုတိယ ၆ လမှစ၍ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီတွင် အရအသုံး ခန့်မှန်းခြေငွေစာရင်းတစ်ခုစီဖြင့် ခွဲခြားရေးဆွဲ၍ ဆောင်ရွက်ခဲ့သည်။


ပုဂ္ဂလိကဘဏ်တစ်ခု၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဒုတိယသမ္မတတစ်ဦးက စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ကျန်ဒုတိယသမ္မတတစ်ဦးကစိစစ်ပြီး ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့သည်။

နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးပါက နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်သည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ဆွေးနွေးအတည်ပြုပြီးပါက တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက လက်မှတ်ရေးထိုး၍ ထုတ်ပြန်သည်။

ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ပြည်နယ်များအတွက် သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်သည်။

**နိုင်ငံခြားငွေလဲလှယ်နှုန်းများကို ပြောင်းလဲခဲ့**

ငွေရေးကြေးရေးကဏ္ဍတွင် အရေးပါသောပြောင်းလဲမှုတစ်ရပ်မှာ နိုင်ငံတော်တွင် ကျင့်သုံးနေသော နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည့်စနစ်ကို နိုင်ငံခြားငွေလဲလှယ်နှုန်းတစ်မျိုးတည်းသာရှိစေရန် ၂၀၁၂ ခု ဧပြီလ ၁ ရက်နေ့မှစတင်၍ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate)စနစ်သို့ ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၃ သို့ »»

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ



»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

အခြေခံပညာကျောင်းများရှိ (ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အပါအဝင်) ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဖတ်စာအုပ်များနှင့် ဗလာစာအုပ်များကို အခမဲ့ပေးဝေပြီး ကျောင်းအသုံးစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်နှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

**အခမဲ့ ဖြန့်ဝေ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခမဲ့ပညာရေးအတွက် စုစုပေါင်း ငွေကျပ် ၂၉ ဘီလီယံ သုံးစွဲမည်ဖြစ်သည်။ မူလတန်းအဆင့် ကျောင်းသားငါးသန်းအတွက် တစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီကိုလည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ၂ ဒသမ ၈ သန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကို လည်းကောင်း၊ အထက်တန်းကျောင်းသား ရှစ်သိန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ဖြန့်ဝေခဲ့သည်။

၂၀၁၅-၂၀၁၆ အခြေခံပညာသင်ဆုများအတွက် မြို့နယ်တစ်ခုလျှင် သုံးဦးစီနှင့် မြို့နယ်ခွဲတစ်ခုလျှင် နှစ်ဦးစီဖြင့် အလယ်တန်းကျောင်းသား ၁၁၅၈ ဦးအတွက် တစ်ဦးလျှင် တစ်နှစ် ငွေကျပ် နှစ်သိန်းစီနှင့် အထက်တန်းကျောင်းသား ၁၁၅၈ ဦးအတွက် တစ်ဦးလျှင် တစ်နှစ် ငွေကျပ်သုံးသိန်းစီ ချီးမြှင့်လျက်ရှိသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက်**
**အခမဲ့ပညာရေးနှင့် ပညာရေးထောက်ပံ့မှုများ**

ကျောင်းထောက်ပံ့ကြေးများကို မူလတန်းကျောင်းသားအရေအတွက် အနည်းအများအပေါ် မူတည်၍ တစ်ကျောင်းလျှင် တစ်နှစ်ငွေကျပ် ရှစ်သိန်းမှ ၁၆ သိန်းအထိပံ့ပိုးပြီး ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၄၆ ဘီလီယံ သုံးစွဲသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းပြ ၉၀၁၄ ဦး၊ အလယ်တန်းပြ ၂၃၄၁၇ ဦးနှင့် မူလတန်းပြ ၄၄၅၆၂ ဦး ဖြည့်ဆည်းသွားမည်ဖြစ်သည်။

ကျောင်းသားဦးရေနှင့် ဆရာ ဆရာမ အချိုးကိုက်ညီစေရေးအတွက် ဆရာ ဆရာမများကို ဖြည့်ဆည်းလျက်ရှိရာ အငြိမ်းစားဆရာ ဆရာမများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင် ရောက်ရှိနေသောဆရာ ဆရာမများကို ရရှိထားသော ဆရာအတတ်ပညာအောင်လက်မှတ်အဆင့်အလိုက် ကန်ထရိုက်စနစ်ဖြင့် ခန့်ထားမည်ဖြစ်သည်။

> ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခုရှိပြီး တက္ကသိုလ်ဆရာဆရာမ ၂၂၅၃၀ ရှိသည်။ ၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း စစ်ကိုင်းတက္ကသိုလ်၊ မန္တလာကောလိပ်နှင့် တောင်ကုတ်ကောလိပ်တို့ကို အသစ်ဖွင့်လှစ်ခဲ့ပြီး ပဲခူးဒီဂရီကောလိပ်နှင့် ရွှေဘိုဒီဂရီကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။

### အခြေခံပညာကဏ္ဍကျောင်း၊ ဆရာနှင့် ကျောင်းသားစာရင်း

| | | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ |
|---|---|---|---|---|
| ကျောင်း | မူလတန်း | ၃၆,၆၄၄ | ၃၆,၄၁၀ | ၃၅,၆၄၁ |
| | အလယ်တန်း | ၃,၇၄၂ | ၄,၈၆၀ | ၆,၂၂၄ |
| | အထက်တန်း | ၂,၇၉၅ | ၃,၁၃၄ | ၃,၅၁၃ |
| စုစုပေါင်း | | ၄၃,၁၈၁ | ၄၄,၄၀၄ | ၄၅,၃၇၈ |
| ဆရာ | မူလတန်း | ၁၈၇,၃၂၇ | ၁၉၈,၂၉၈ | ၂၁၅,၈၃၉ |
| | အလယ်တန်း | ၆၉,၂၀၂ | ၇၉,၄၉၅ | ၈၀,၄၅၃ |
| | အထက်တန်း | ၂၈,၈၁၇ | ၃၂,၉၃၉ | ၃၅,၃၂၇ |
| စုစုပေါင်း | | ၂၈၅,၃၃၆ | ၃၁၀,၇၃၁ | ၃၃၁၆၁၉ |
| ကျောင်းသား | မူလတန်း | ၅,၁၆၆,၃၁၇ | ၅,၁၅၈,၉၈၃ | ၅,၁၈၄,၀၄၁ |
| | အလယ်တန်း | ၂,၅၄၂,၈၃၀ | ၂,၇၀၃,၃၅၅ | ၂,၇၉၅,၆၀၇ |
| | အထက်တန်း | ၇၃၀,၈၆၆ | ၇၉၆,၃၈၆ | ၈၇၃,၈၃၂ |
| စုစုပေါင်း | | ၈,၄၄၀,၀၁၃ | ၈,၆၅၈,၇၂၄ | ၈,၈၅၃,၄၈၀ |

### တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အဆောက်အအုံ တိုးမြှင့်ဆောက်လုပ်ပေးမှု

| စဉ် | အကြောင်းအရာ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | စာသင်ဆောင် | ၅ | ၄၈ | ၈၁ | ၆၁ | ၂၇ | ၂၂၂ |
| ၂။ | စာကြည့်တိုက် | - | ၅ | ၈ | ၆ | ၉ | ၂၈ |
| ၃။ | ကျောင်းသားအိပ်ဆောင် | - | - | ၅ | ၉ | ၁၈ | ၃၂ |
| ၄။ | ဆရာအိပ်ဆောင် | ၂ | ၁ | ၁၀ | ၃၄ | - | ၄၇ |
| ၅။ | ဆရာဆရာမနေအိမ် | ၁၃ | ၃၄ | ၈၄ | ၂၂၈ | ၅၉ | ၄၁၈ |
| ၆။ | အားကစားကွင်း/ရုံ | ၂ | ၈ | ၂၇ | ၁၆ | - | ၅၃ |




ကျောင်းအဆောက်အအုံများကို နှစ်စဉ်တိုးချဲ့တည်ဆောက်ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းဆောင် ၃၄၇ ဆောင်၊ အလယ်တန်းကျောင်းဆောင် ၂၇၉ ဆောင်၊ မူလတန်းကျောင်းဆောင် ၁၆၃၃ ဆောင်၊ မူလတန်းကြိုကျောင်းဆောင် ၁၆၉၀ နှင့် ရုံး/ဆရာ ဆရာမနေအိမ် ၁၃၇ ဆောင် စုစုပေါင်း ကျောင်းဆောင် ၄၀၈၆ ဆောင်ကို ဆောက်လုပ်ခဲ့သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များကို ပုဂံ၊ အင်းလေးနှင့် ငွေဆောင်ဒေသများသို့ လေ့လာရေးခရီးစေလွှတ်ခဲ့သည်။ ကင်းထောက်အဖွဲ့ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကင်းထောက်မောင်မယ် ဦးရေ လေးသောင်းကျော်ရှိလာပြီဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ကိုယ်ပိုင်ကျောင်း ၃၃၅ ကျောင်း ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

### ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်အလိုက်ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်တိုးတက်မှု




### အခြေခံပညာကဏ္ဍ အခမဲ့ပညာရေးအသုံးစရိတ်

(ကျပ်သန်း)

| စဉ် | ဘဏ္ဍာနှစ် | မူလတန်း | အလယ်တန်း | အထက်တန်း | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၁,၈၄၄.၀၂၀ | - | - | ၁,၈၄၄.၀၂၀ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၇,၅၅၇.၅၃၉ | - | - | ၇,၅၅၇.၅၃၉ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၄,၇၃၀.၄၃၇ | - | - | ၁၄,၇၃၀.၄၃၇ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၁၇,၃၀၅.၈၈၇ | ၄,၄၇၁.၄၆၀ | - | ၂၁,၇၇၇.၃၄၇ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၁၈,၄၅၃.၅၉၅ | ၆,၆၃၃.၇၀၀ | ၃,၉၃၅.၁၃၀ | ၂၉,၀၂၂.၄၂၅ |




အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် ကိုး မြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ၂၉ မြို့နယ်နှင့် ၂၀၁၅ ခုနှစ်တွင် မြို့နယ် ၃၀ တို့ကို ရွေးချယ်၍ ဒေသခံလုပ်အားပေး ဆရာ ဆရာမများနှင့် တက္ကသိုလ်များမှ လုပ်အားပေး ကျောင်းသား ကျောင်းသူများပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**အဆင့်မြင့်ပညာကဏ္ဍ**

ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခုရှိပြီး တက္ကသိုလ်ဆရာ ဆရာမ ၂၂၅၃၀ ရှိသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စစ်ကိုင်းတက္ကသိုလ်၊ မန္တလာကောလိပ်နှင့် တောင်ကုတ်ကောလိပ်တို့ကို အသစ်ဖွင့်လှစ်ခဲ့ပြီး ပဲခူးဒီဂရီကောလိပ်နှင့် ရွှေဘိုဒီဂရီကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။

၂၀၁၃-၂၀၁၄ပညာသင်နှစ်မှစ၍ ဝိဇ္ဇာ-သိပ္ပံဘာသာရပ် (၂၁) ခုအတွက် ထူးချွန် ကျောင်းသား ၅၀ စီကို ရွေးချယ်၍ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်၌ ပထမနှစ်သင်တန်းမှ စတင်သင်ကြားပေးလျက်ရှိပြီး ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ တက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၁၆၃၀ ကို ပြည်ပနိုင်ငံများသို့ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ ညီလာခံ၊ လေ့လာရေး၊ သင်တန်းနှင့်ပညာတော်သင်စေလွှတ်ခဲ့သည်။

အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီကို ဖွဲ့စည်းပြီး အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံတက္ကသိုလ်များမှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အားကစားပညာဘွဲ့ B.Sc (Sports) သင်တန်းကိုလည်း ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**ဆရာအတတ်ပညာကဏ္ဍ**

အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆရာ ဆရာမများခန့်အပ်နိုင်ရန် ပညာရေးကောလိပ် (၂၁) ခုတွင် လေ့ကျင့်သင်တန်းပေးလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းကို လည်းကောင်း၊ ဘွဲ့ရပြီးသူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းများကို လည်းကောင်း ဖွင့်လှစ်ပေးလျက်ရှိသည်။

လုပ်ငန်းခွင်မှ ဆရာ ဆရာမများအတွက် မူလတန်းနှင့် အလယ်တန်း ဆရာအတတ် စာပေးစာယူသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

အခြေခံပညာကျောင်းများမှ နေ့စားလပေး ဆရာများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာအထူး (၁)လ သင်တန်းများပေးခဲ့သည်။

**နိုင်ငံတကာအကူအညီ၊ အထောက်အပံ့များ**

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍ ပြည်တွင်း ပြည်ပ အလှူရှင်များ ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာကျောင်းပေါင်း ၁၃၅၀ ရှိပြီး တန်ဖိုးငွေကျပ် ၇၁ ဘီလီယံကျော်ရှိသည်။

၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် ရေကြီးနစ်မြုပ်မှုသဘာဝဘေးကြောင့် အခြေခံပညာကျောင်း ၆၄၃ ကျောင်းပျက်စီးခဲ့ပြီး ယင်းကျောင်းများပြန်လည်ပြုပြင်ရန်အတွက် အစိုးရဘတ်ဂျက်နှင့် ပြည်တွင်း ပြည်ပထောက်ပံ့ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ပညာရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများမှာ ယခင်အစိုးရအဆက်ဆက်လက်ထက်များထက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပြီး နောင်သားစဉ်မြေးဆက် မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက်လည်း အခြေခံအုတ်မြစ်ကောင်းများ ချပေးနိုင်ခဲ့ပြီဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၄ မှ

ဆင်းရဲမှုလျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူး ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်တင်ပြထားကြသည်။

**ခေါင်းရှက်ဗျပ်ထိုး နှစ်ကျပ်တိုး**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် အထူးစီးပွားရေးဇုန်များကို စီစဉ်ဆောင်ရွက်နေစဉ်မှာပင် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အသေးစား စီးပွားရေးလုပ်ငန်းအသစ်များ ပေါ်ထွက်လာစေရေးအားပေးရန်၊ အိမ်တွင်း စီးပွားရေးလုပ်ငန်းများ ဖန်တီးချဲ့ထွင်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် သမဝါယမဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ဗဟိုသမဝါယမအသင်းလီမိတက်က အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို အစိုးရသစ်လက်ထက်တွင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အနယ်နယ်အရပ်ရပ်ရှိ အခြေခံလူတန်းစားများ၏ ကုန်မျိုးစုံဆိုင်များ၊ ကွန်ပျူတာဆိုင်များ၊ ထမင်းဆိုင်၊ အကြော်ဆိုင်၊ မီးဖိုချောင်သုံးပစ္စည်းဆိုင်၊ ကုန်ခြောက်ဆိုင်၊ မုန့်ဟင်းခါးနှင့်အသုပ်ဆိုင်များ၊ ဆိုင်ကယ်ပြုပြင်လုပ်ငန်း၊ ကုန်စိမ်းနှင့် စားသောက်ကုန်ပစ္စည်းဆိုင်များသာမက တက္ကစီယာဉ်မောင်းများအပါအဝင် အခြေခံလူတန်းစားများကို သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများပေးအပ်ခဲ့သည်။

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့်အတူ လယ်ယာလုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများတိုးမြှင့်သင်ကြားပေးခြင်း၊ ငွေကြေးအရင်းအမြစ် (Financial Network) တည်ဆောက်ခြင်း၊ နည်းပညာ၊ သွင်းအားစုနှင့် သတင်းအချက်အလက် အရင်းအမြစ်တည်ဆောက်ခြင်း၊ ကုန်ထုတ်ခြင်း၊ အရည်အသွေး စစ်ဆေးထုပ်ပိုးခြင်း၊ ထိုက်တန်သော ဈေးရရှိရန် ဈေးကွက်တည်ဆောက်ခြင်းနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊ ဆုံးရှုံးမှု (သို့မဟုတ်) စွန့်စားရမှုကို အကာအကွယ်ပေးနိုင်မည့် စနစ်တည်ဆောက်ခြင်းနှင့်အခြားဆက်စပ်သော ကဏ္ဍများတည်ဆောက်ခြင်း ဟူသည့် လက်တွေ့လုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်ဆောင်ရွက်ပေးခဲ့သည်။

ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် အမှန်တကယ်ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဦးတည်၍ဖော်ပြပါ လုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းကိုမူ ပြည်သူများအတိုးကြီးပေးချေးယူနေရသည့် အခြေအနေမှ လတ်တလော သက်သာစေရန်၊ နောင်လေး-ငါးနှစ်ကြာသည့်အခါ ငွေချေးစရာမလိုဘဲ ကိုယ်ပိုင်ငွေနှင့်ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် ၎င်းမှတစ်ဆင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်သည့်အဆင့် ရောက်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန်လကုန်ကာလအထိ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၃၀၀၀ ကျော်မှ မိသားစုပေါင်း ၂ သန်းကျော် အတွက် ချေးငွေပေါင်း ၂၂၄ ဘီလီယံကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ သတင်းထုတ်ပြန်ချက်များ အရသိရသည်။

အတိုးနှုန်းအနေဖြင့်လည်း ပြင်ပတွင် ငွေ ၁၀၀ ကျပ်လျှင် ပျမ်းမျှအတိုးနှုန်း ၁၀ ကျပ်ပေးရပြီး သမဝါယမအတိုးနှုန်းမှာမူ ၁ ကျပ် ပြား ၅၀ သာဖြစ်၍ တစ်လလျှင် ပြင်ပအတိုးနှုန်း ၈ ကျပ် ပြား ၅၀ သက်သာစေသည်။

လမ်းစဉ်ပါတီခေတ်က ကျင့်သုံးခဲ့သည့် သမဝါယမလုပ်ငန်း၏ အားနည်းချက်များကို ရှောင်ရှား၍ လက်ရှိအစိုးရ လက်ထက်တွင် တစ်ကျော့ပြန် အသက်ဝင်လာသည့် သမဝါယမ လုပ်ငန်းစဉ်များကမူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း State holder များက ဆိုကြသည်။

မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အချိန်ကိုက်စီစဉ်ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာအထူးစီးပွားရေးဇုန်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများသည် လတ်တလောရေတိုအောင်မြင်မှုထက် အနာဂတ်ကာလရေရှည် အောင်မြင်မှုများကို ပိုမိုအကျိုးပြုနိုင်မည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့၏ စီးပွားရေးကဏ္ဍ ရှန်းကန် ကြိုးစားမှုပုံရိပ်များအဖြစ် သုံးသပ်တင်ပြလိုက်ရပါသည်။ ။

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

**ပြည်တွင်းပြည်ပငွေပေးချေမှုများတွင်**
**ငွေသားအစားထိုး အီလက်ထရောနစ်ကတ်စနစ် ကျင့်သုံး**

ငွေရေးကြေးရေးကဏ္ဍ၏ အခြားသောအရေးပါသည့် ပြုပြင်ပြောင်းလဲမှုမှာ ပြည်တွင်းတွင် ၂၄-၉-၂၀၁၂ ရက်နေ့မှစ၍ MPU (Myanmar Payment Union) ကတ်များကို အသုံးပြုပေးချေနိုင်ခြင်းနှင့် ဆက်လက်၍ ပြည်ပတွင်ပါ ပေးချေနိုင်သော နိုင်ငံတကာသုံးကတ်များဖြစ်သည့် ဗီဇာ၊ မာစတာ စသည့် ကတ်များကိုပါ သုံးစွဲနိုင်စေရန် ပြည်တွင်းဘဏ်များက ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အငြိမ်းစားပင်စင်လစာထုတ်ယူရန်အတွက်**
**e-pension စနစ် (Smart Card)**

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ယခင်က အငြိမ်းစားလစာ(ပင်စင်) ထုတ်ယူရာတွင် ပင်စင်စာအုပ်ဖြင့် ထုတ်ပေးနေရာမှ ပိုမိုလွယ်ကူလျင်မြန်စေရန် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ e-pension စနစ် (Smart Card)ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့ရာ ၃၀-၉-၂၀၁၅ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ ၃၀၀ တွင် e-pension ကတ် ၅၄၄၄၈၀ ထုတ်ပေးပြီးဖြစ်သည်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Manangement) ကိုလည်း ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၁၂ ခုနှစ်မှစ၍ စတင်လေ့လာဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်း၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များကိုရေးဆွဲ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းချမှတ် လုပ်ဆောင်လျက်ရှိသည်။

စီမံကိန်းတွင် ပါဝင်သော နယ်ပယ်များမှာ ရငွေစုစည်းမှု၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘတ်ဂျက်အကောင်အထည်ဖော်ခြင်း၊ ဘတ်ဂျက်စိစစ်အတည်ပြုခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ဖြစ်သည်။ ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ကျန်စီမံကိန်းအတွက် နည်းပညာအကူအညီသာမက ဘဏ္ဍာရေးအကူအညီကိုပါပေးအပ်၍ ဆောင်ရွက်လျက်ရှိသည်။

**ပြည်ပကြွေးမြီရှင်းလင်းမှု**

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၄-၂၀၁၁ မှ ၃၁-၄-၂၀၁၅ ရက်နေ့ထိ ပြည်ပကြွေးမြီ ရှင်းလင်းမှုနှင့် ပြည်တွင်းပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေတိုက်ဦးစီးဌာနကို ၁-၉-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ နိုင်ငံတော်၏ ငွေကြေးနှင့်ကြွေးမြီစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

(ခ) နိုင်ငံတော်တွင်တင်ရှိသည့် ပြည်ပကြွေးမြီရှင်းလင်းရေး ဆောင်ရွက်ရာတွင် ADB ကြွေးမြီကို ၁၇-၁-၂၀၁၃ ရက်နေ့၌ လည်းကောင်း၊ World Bank ကြွေးမြီကို ၂၅-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ Japan Bank for International Coorperation (JBIC)ထံမှ ပေါင်းကူးချေးငွေရယူ၍ ကြွေးမြီရှင်းလင်းခြင်း ဆောင်ရွက်ခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံကြွေးမြီများကို ဂျပန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ် သုံးဘဏ်ထံမှ ပေါင်းကူးချေးငွေရယူကာ ကြွေးမြီရှင်းလင်းခြင်းကို ၃၀-၁-၂၀၁၃ ရက်နေ့၌ လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

(ဂ) ဂျပန်နိုင်ငံအနေဖြင့် ၎င်းသို့ပေးရန်ရှိသည့် ကြွေးမြီစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းလဲပေးခဲ့သည်။

(ဃ) ပဲရစ်ကလပ်အဖွဲ့ဝင်မြီရှင်နိုင်ငံ (ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြီးယား၊ ဒိန်းမတ်နိုင်ငံ၊ ကနေဒါ၊ အီတလီ၊ ဖင်လန်၊ နော်ဝေ၊ အင်္ဂလန်နှင့်နယ်သာလန်နိုင်ငံ)များနှင့် ကြွေးမြီရှင်းလင်းရန် ၂၄-၁-၂၀၁၃ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများနှင့် ကြွေးမြီညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အများသဘောတူညီချက် (Multilateral Agreement) အနေဖြင့် အောက်ပါအတိုင်း သဘောတူညီမှုရရှိခဲ့သည် -

(၁) စုစုပေါင်းကြွေးမြီပမာဏ (နောက်ကျကြေးအပါအဝင်)၏ ၅၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးခြင်း၊

(၂) ကျန် ၅၀ ရာခိုင်နှုန်းကို ဆိုင်းငံ့ကာလ ခုနစ်နှစ်အပါအဝင် စုစုပေါင်း ၁၅ နှစ်ဖြင့် ပြန်လည်ပေးဆပ်ခြင်း၊

(၃) ကြွေးလျှော်ပေးသည့် ပမာဏ၏ ၄ ပုံ ၁ ပုံကို ချက်ချင်းလျှော်ပစ်ခြင်းနှင့် ကျန် ၄ ပုံ ၃ ပုံအား IMF နှင့် ပူးပေါင်းဆောင်ရွက်သည့် Staff Monitored Program (SMP) အစီအစဉ် အကောင်အထည်ဖော်မှုကို တစ်နှစ် စောင့်ကြည့်၍ IMF ၏ အတည်ပြုချက်ရရှိပါက ဆက်လက်ကြွေးလျှော်ပေးခြင်း၊

(င) အဆိုပါ သဘောတူညီချက်အား ပဲရစ်ကလပ်အဖွဲ့ဝင်ကြွေးမြီရှင် ၁၁ နိုင်ငံနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့အကြား ၂၅-၁-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

(စ) နှစ်နိုင်ငံသဘောတူညီချက် (Bilateral Agreement) အနေဖြင့် ဂျပန်နိုင်ငံမှ စုစုပေါင်းကြွေးမြီ၏ ၆၀ ရာခိုင်နှုန်း၊ နော်ဝေနိုင်ငံမှ ၎င်း၏ ရရန်ရှိသည့် စုစုပေါင်း ကြွေးမြီပမာဏ၏ ၁၀၀ ရာခိုင်နှုန်း၊ ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများက ကြွေးမြီ ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးခဲ့သည်။

(ဆ) ပဲရစ်ကလပ်အဖွဲ့ဝင်မြီရှင်နိုင်ငံများသို့ ပေးရန်ရှိကြွေးမြီ စုစုပေါင်း USD ၁၀ ဒသမ ၃၂၇ ဘီလီယံမှ ကြွေးလျှော်ပေးသည့်ပမာဏမှာ USD ၅ ဒသမ ၉၂၅ ဘီလီယံ ဖြစ်သဖြင့် ကြွေးမြီစုစုပေါင်း၏ ၅၇ ရာခိုင်နှုန်းခန့်ကို ကြွေးလျှော်ပေးခဲ့ခြင်းဖြစ်သည်။

**ပြည်တွင်းအရင်းအနှီးဈေးကွက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ**

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၃၁-၇-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ရန်ကုန် စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် တည်ထောင်ဖွင့်လှစ်နိုင်ရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အာမခံ၊ ပင်စင်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများတွင်**
**ပြုပြင်ပြောင်းလဲမှုများ**

မြန်မာ့အာမခံလုပ်ငန်း၊ ပင်စင်ဦးစီးဌာနနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့တွင်လည်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာ အာမခံလုပ်ငန်းတွင် ပုဂ္ဂလိက အာမခံလုပ်ငန်းများခွင့်ပြုခြင်း၊ ပင်စင်လုပ်ငန်းတွင် ပင်စင်ရန်ပုံငွေထူထောင်နိုင်ရေး လေ့လာဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းကို ဖျက်သိမ်း၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အပါအဝင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး**

နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းလည်ပတ်ပုံများကိုပါ ပြည်တွင်း ပြည်ပကျွမ်းကျင်သူများ အကူအညီဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ**

အခွန်အကောက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများအဖြစ် ခေတ်ကာလနှင့် မလျော်ညီတော့သော ဥပဒေတို့ကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများကို ပြုလုပ်ခဲ့ရာ ၂၉-၉-၂၀၁၁ ရက်နေ့တွင် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။

ဆက်လက်၍ ၂၄-၃-၂၀၁၄ ရက်နေ့တွင်လည်း ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ကို ပြင်ဆင်သည့် ဥပဒေ၊ ၂၈-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။

ယခင်က ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာသူများအား အခွန်ပေးဆောင်ပြီးကြောင်း သက်သေခံလက်မှတ်ရယူစေခဲ့သော်လည်း ၁၅-၃-၂၀၁၃ ရက်နေ့မှစ၍ အခွန်ပေးဆောင်ပြီးကြောင်း သက်သေခံလက်မှတ်ရယူရန် မလိုတော့ကြောင်း ဖြေလျှော့ပေးခဲ့သည်။

အခွန်တိမ်းရှောင်မှု ကာကွယ်တားဆီးနိုင်ရန်အတွက်လည်း ပို့ကုန်၊ သွင်းကုန် တင်ပို့တင်သွင်းမှုအပေါ် နှစ်ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် (Withholding Tax)အား ၄-၆-၂၀၁၃ ရက်နေ့မှစ၍ ကောက်ခံခဲ့သည်။

နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် အခွန်စနစ်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၁-၄-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayer Office- LTO)ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အခွန်အများဆုံး ပေးဆောင်သူများစာရင်းကို ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ် ထုတ်ပြန်ကြေညာပေးခဲ့သည်။

အကောက်ခွန်ဆိုင်ရာပြောင်းလဲမှုများလည်း များစွာလုပ်ဆောင်ခဲ့ရာ ထင်ရှားသည့် ကြိုးပမ်းမှုတစ်ရပ်မှာ အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN SINGLE WINDOW) ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် ဂျပန်နိုင်ငံအကူအညီဖြင့် မြန်မာအလိုအလျောက် ကုန်သေတ္တာရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System – MACCS) ကို ၂၀၁၆ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ပြည်နယ်များအတွက် သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည့်စနစ်ကို ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်သို့ ပြောင်းလဲခဲ့သည်။ ထို့ပြင် ပြည်တွင်းတွင် MPU (Myanmar Payment Union) ကတ်များကို အသုံးပြုပေးချေနိုင်သလို ပြည်ပတွင်ပါ ပေးချေနိုင်သော ဗီဇာ၊ မာစတာကတ်များကိုပါ သုံးစွဲနိုင်လာခြင်း၊ e-pension စနစ် (Smart Card) ကျင့်သုံးလာခြင်း၊ ပြည်ပကြွေးမြီရှင်းလင်းခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခြင်း၊ အာမခံလုပ်ငန်းတွင် ပုဂ္ဂလိကအာမခံလုပ်ငန်းများခွင့်ပြုခြင်း၊ ဘဏ်များ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေး၊ အခွန်တိမ်းရှောင်မှု ကာကွယ်တားဆီးရေး ဆောင်ရွက်နိုင်ခဲ့ခြင်း စသည်တို့မှာ အစိုးရသစ်လက်ထက် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲစီမံဆောင်ရွက်ခဲ့မှုများတွင် ထင်ရှားသော အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအဖြစ် မှတ်တမ်းတင်ကျန်ရစ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑ ❑ ❑



ရန်ကုန်မြို့ ကမ်းနားလမ်းပေါ်ရှိ ပုဂ္ဂလိကဘဏ်တစ်ခု၏ ATMငွေထုတ်စက်များကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ- ဇေယျာဝင်း)

# မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့်အတူ သက်ဝင်လှုပ်ရှားလာသည့် မြန်မာအထူးစီးပွားရေးဇုန်များ

သတင်းဆောင်းပါး - ခင်မောင်ထွေး

သိမ်မွေ့ညင်သာသော မြန်မာ့နိုင်ငံရေး အပြောင်းအလဲအပေါ် အမေရိကန်အပါအဝင်ကမ္ဘာ့နိုင်ငံကြီးများက စံပြဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်အသွင် ရှုမြင်သုံးသပ်လာကြသည်။

တစ်ဆက်တည်းမှာပင် ဒိုမိနိုသီအိုရီသဘောအရ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် မူတည်၍ အာရှ၏ နောက်ဆုံးစီးပွားရေးစားကျက်အဖြစ်ရှုမြင်ကာ ရင်းနှီးမြှုပ်နှံမှုများကို စတင်ဆောင်ရွက်ရန် ကြိုးပမ်းလာကြသည်။

၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဥရောပသမဂ္ဂက မြန်မာနိုင်ငံ အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ပြန်လည်သုံးသပ်ပြီး ပိတ်ဆို့မှုအချို့ကို ဧပြီလအတွင်း စတင်ရုပ်သိမ်းပေးခဲ့သည်။

အမေရိကန်နိုင်ငံကလည်း အကူအညီပေးနိုင်ရေးအတွက် ပိတ်ပင်မှုအချို့ကို စတင်ရုပ်သိမ်းပေးခဲ့သည်။ ပိတ်ဆို့မှုများအနက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန် တားမြစ်ချက်များကို မေ ၁၇ ရက်မှစတင်ဖြေလျှော့ပေးခဲ့သည်။

ဥရောပသမဂ္ဂကလည်း မြန်မာ့ကုန်ပစ္စည်းများ အီးယူသို့ တင်ပို့ရောင်းချရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် ကန့်သတ်မှုကင်းလွတ်ခွင့်များကို ပြန်လည်ပေးအပ်ကြောင်း ၂၀၁၂ ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်း ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံဘက်ကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ပြဋ္ဌာန်းပေးနိုင်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ခဲ့သည်။

ထိုသောအခါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်နှင့် စီးပွားရေးလုပ်ကိုင်ရန် ချိတ်ဆက်ဆောင်ရွက်မှုရှိလာ၍ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က အာရှ၏ နောက်ဆုံးစီးပွားရေးစားကျက်သို့ သွက်လက်သောခြေလှမ်းတို့ဖြင့် ဝင်ရောက်လာကြသည်။

**ရေရာသေချာလာသည့် သီလဝါ**

၂၀၁၂ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းစိတ်ကူးအိပ်မက်သည် စတင် ပေါ်ပေါက်လာသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းလွှာ (MoC) လက်မှတ်ရေးထိုးမှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ နှစ်ဖက်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှု သဘောတူစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး မြန်မာနိုင်ငံခရီးစဉ်အတွင်း သီလဝါဆိပ်ကမ်း၌ လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက် (JV Agreement) လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ လည်းကောင်း၊ စီမံကိန်းတည်ဆောက်ခြင်း လုပ်ငန်းစတင်သည့် အခမ်းအနားကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက် အရောက်တွင်မူ သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းကို မြန်မာ-ဂျပန် နှစ်နိုင်ငံတို့ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြသည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းသည် ဟက်တာ ၂၄၀၀ကျယ်ဝန်းသည်။ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဧရိယာအတွင်း လူနေနှင့်စီးပွားရေးဧရိယာ ၃၅ ဟက်တာလည်း ပါဝင်သည်။ စီမံကိန်း ပထမအဆင့်အတွက် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၅၇ ခု လုပ်ကိုင်ခွင့်ရရှိထားသည်။

လက်ရှိတွင် စီမံကိန်းပထမအဆင့် ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းပြီးစီးပါက မြန်မာတို့အတွက် အလုပ်အကိုင် အခွင့်အလမ်း နှစ်သိန်းခန့်ဖော်ဆောင်နိုင်မည်ဟု တာဝန်ရှိသူတို့က ခန့်မှန်းတွက်ချက်ထားသည်။

လတ်တလောအားဖြင့် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် စတင်ဖွင့်လှစ်ပြီး နောက်ပိုင်းတွင် တစ်စုလျှင် ကျပ်တစ်သောင်းဖြင့် အများပြည်သူသို့ရောင်းချခဲ့သော မူလ အစုရှယ်ယာများမှာ တစ်စုလျှင် ငွေကျပ် လေးသောင်းခန့်အထိ ဈေးတက်သွားသည်။

၂၀၁၄ ခုနှစ် မတ် ၃ ရက်မှစပြီး ၉ ရက်အထိ ရောင်းချခဲ့သော အစုရှယ်ယာများကို အများပြည်သူ ၁၈၀၀၀ နီးပါးက ဝယ်ယူရန် အဆိုပြုခဲ့ပြီး ရှယ်ယာတန်ဖိုးကျပ် ဘီလီယံ ၄၀ ကျော်အထိရှိခဲ့ကာ အစုရှယ်ယာ စုစုပေါင်း ၂ ဒသမ ၁၄၅ သန်းကို ရောင်းချခဲ့သည်။

**သီလဝါပြီးတော့ ထားဝယ်**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကိုမူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၁၇/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် ထားဝယ် အထူးစီးပွားရေးဇုန်ဥပဒေမှတစ်ဆင့် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်ရာ သီလဝါထက် ပိုစောသော အထူးစီးပွားရေးဇုန်ဖြစ်သည်။

ပမာဏ ကြီးမားကျယ်ပြန့်သည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကြန့်ကြာမှုများ ပေါ်ပေါက်လာသည်။ မူလ မြန်မာ-ထိုင်းနိုင်ငံတို့အပြင် တတိယနိုင်ငံ ဂျပန်ပါဝင်ရန် ဆက်လက် ဆွဲဆောင်နေရပြန်၍ ထားဝယ်ပြီးမှ သီလဝါအစား သီလဝါပြီးမှ ထားဝယ်အခြေအနေသို့ ပြောင်းပြန်ဆိုက်ရောက်သွားသည်။

ပစ္စုပ္ပန်တွင်မူ မြန်မာ-ထိုင်း-ဂျပန် နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တန်ချိန် တစ်သောင်းခွဲခန့်ရှိသည့် သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းငယ်တစ်ခု တည်ဆောက်ပြီးဖြစ်ကာ ကုန်လှောင်ရုံများနှင့် ဆိပ်ကမ်း အဝင်/အထွက် သောင်တူးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သို့တစေ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ စက်မှုနယ်မြေတည်ထောင်ခြင်း၊ ကားလမ်းနှင့် ရထားလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် လိုင်းများ၊ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများသွယ်တန်းခြင်း၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ပါဝင်၍ လုပ်ငန်း

ထို့အတူ အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် မိုင် ၉၀ ခန့်ရှိ နှစ်လမ်းသွားမော်တော်ကားလမ်းကို မြေသားလမ်းအဆင့် ဖောက်လုပ်ထားပြီး လမ်းအဆင့်မြှင့်တင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကနဦးစီမံကိန်းတွင်စက်မှုဇုန်ဧက ၇၀၀၀ ခန့်ကို အပိုင်းလိုက်တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်းနှင့် တယ်လီဖုန်းလိုင်း တည်ဆောက်ရေးလုပ်ငန်းများကို ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

၂၀၂၅ ခုနှစ်တွင် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်လာပါက ဒေသခံပြည်သူ သုံးသိန်းခန့်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု တာဝန်ရှိသူများက တွက်ချက်ခန့်မှန်းထားသည်။

**ထားဝယ်ပြီးတော့ ကျောက်ဖြူ**

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို နာယကခေတ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်ဖြစ်သည့် စိတ်ကူးစီမံချက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကို Japan Development Institute (JDI) ပညာရှင်များ၊ ဇုန်အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ပေါင်းစုံကို ပါဝင်သည့် အဖွဲ့များက ကျောက်ဖြူမြို့သို့ အကြိမ်ကြိမ်ကွင်းဆင်းလေ့လာခဲ့သည်။

ဒေသခံပြည်သူများနှင့် မိတ်ဖက်အဖွဲ့ပေါင်းစုံ၏ အကြံပြုချက်များနှင့် သဘောထားများရယူပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်သော ရေရှည်တည်တံ့သည့် စီးပွားရေးဖြစ်ထွန်းမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအပါအဝင် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ထွန်းလာနိုင်မည့်စိတ်တူစီမံချက်တစ်ခုကို ရေးဆွဲခဲ့သည်။

ဒုတိယအဆင့်အဖြစ် အကြံပေးကုမ္ပဏီကို တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ ဩဂုတ်မှ ၂၀၁၄ ဖေဖော်ဝါရီအထိ အကောင်အထည်ဖော်ခဲ့သည်။

တတိယအဆင့်အဖြစ် ရင်းနှီးတည်ဆောက်သူ (Developer)များကို အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ တွင် အကြံပေးကုမ္ပဏီများက ကျောက်ဖြူခရိုင်တစ်ခုလုံး လွှမ်းခြုံနိုင်မည့် မဟာစီမံချက်ကို လေ့လာရေးဆွဲခဲ့ရာ ကနဦးအဆိုပြုချက်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ ဒေသခံများ၊ နိုင်ငံသားများပါဝင်လုပ်ဆောင်ခွင့်ရရေး၊ ရေနက်ဆိပ်ကမ်းကို အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပိုင်းကို ဦးစားပေးသည့်ထောက်ပံ့ပို့ဆောင်နိုင်သည့်လုပ်ငန်းများ ပါဝင်နိုင်သော လုပ်ငန်းအမျိုးအစားများကို စုစည်းကာ ရေနက်ဆိပ်ကမ်းရင်းနှီးတည်ဆောက်သူ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သည့် ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများ၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သည့် စက်မှုလုပ်ငန်းများ၊ စက်မှုဥယျာဉ် ရင်းနှီးတည်ဆောက်သူနှင့် လူနေအိမ်ရာများဆောက်လုပ် ရင်းနှီးတည်ဆောက်သူ စသဖြင့် တင်ဒါ သုံးခုခွဲ၍ ခေါ်ယူမည့် မဟာစီမံချက်မူကြမ်းတွင် ယခင်စိတ်ကူးစီမံချက် ပထမအဆင့်၌ ဧက ၁၀၀၀ စတင် အကောင်အထည်ဖော်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ပထမအဆင့်၌ ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အထူးစီးပွားရေးဇုန်၏ တန်ဖိုးကို ပိုမိုမြင့်မားလာစေရန်၊ ရင်းနှီးတည်ဆောက်သူများကို ပိုမိုဆွဲဆောင်မှုရရှိစေရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန် အကြံပြုချက်အပေါ် ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် ၂၀၄၅ ခုနှစ်အထိ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် စီမံကိန်းများချမှတ်၍ စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းစတင်နိုင်ရန် ရင်းနှီးတည်ဆောက်သူ တင်ဒါ သုံးဦး ရွေးချယ်ရန် ညှိနှိုင်းမှုများကို ယခုနှစ် နှစ်ဆန်းပိုင်းကစတင်၍ ညှိနှိုင်းခဲ့သော်လည်း တိကျသည့် တင်ဒါကုမ္ပဏီများကို မရွေးချယ်နိုင်သေးကြောင်းနှင့် ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီများ၏ အချက်အလက် လိုအပ်ချက်ကြောင့် ရွေးချယ်မှု မပြီးစီးသေးခြင်းဖြစ်ကြောင်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (BEAC)မှ သိရသည်။

မြန်မာအထူး စီးပွားရေးဇုန်စီမံကိန်းများအနက် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း အောင်မြင်မှုသည် ကျန်အထူးစီးပွားရေးဇုန်များအတွက်စံပြ ပြယုဂ်အဖြစ် တည်မှီလာသည်။

သို့တစေ မြန်မာ့နိုင်ငံရေး အပြောင်းအလဲနှင့်အတူ ရုပ်လုံးပေါ်ပေါက်လာသည့် မြန်မာအထူးစီးပွားရေးဇုန်များကြောင့် အနာဂတ်တွင် မြန်မာအတွက် အရင်းအနှီးနှင့် နိုင်ငံခြားငွေရရှိခြင်း၊ နည်းပညာလွှဲပြောင်းရရှိနိုင်ခြင်း၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဗျူဟာဆိုင်ရာ အရည်အသွေးများ တိုးတက်ခြင်း၊ ယှဉ်ပြိုင်စွမ်းအားတိုးတက်ခြင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ ထုတ်ကုန်တန်ဖိုးများ တိုးတက်ရရှိစေခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်မှုနှင့်အတူ **စာမျက်နှာ ၂ သို့ »»**



အနာဂတ်တွင် ပေါ်ထွန်းလာမည့် သီလဝါအထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ရဲခေါင်ညွန့်)

**မြန်မာအထူးစီးပွားရေးဇုန်များကြောင့် အနာဂတ်တွင် မြန်မာအတွက် အရင်းအနှီးနှင့် နိုင်ငံခြားငွေရရှိခြင်း၊ နည်းပညာလွှဲပြောင်းရရှိနိုင်ခြင်း၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဗျူဟာဆိုင်ရာ အရည်အသွေးများတိုးတက်ခြင်း၊ ယှဉ်ပြိုင်စွမ်းအားတိုးတက်ခြင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ ထုတ်ကုန်တန်ဖိုးများ တိုးတက်ရရှိစေခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်မှုနှင့်အတူ ဆင်းရဲမှုလျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူး ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည်။**

